www.burmeseclassic.com

စံလူစာပေ



စံလူစာပေ

# ဖတ်မပြီး

# ဇာတ်ကြီးဆယ်ဘွဲ့ ဝတ္ထုများ

နေဘုန်းဝေ

www.burmeseclassic.com

www.burmeseclassic.com

စံလှစာပေ

ဖတ်မငြီး

# ဇာတ်ကြီးဆယ်ဘွဲ့

## ဝတ္ထုများ

နေတုန်းဝေ

ဖြန့်ချိရေး
စံလှစာပေ၊ အမှတ် ၁၈၀၊ ၂၉-လမ်း၊
ရန်ကုန်မြို့။ ၀၁-၂၄၆၆၂၁

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၉၃၉/ ၂၀၀၃ (၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၈၃၂/၂၀၀၄ (၈)

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်

၂၀၀၄

အုပ်ရေ - ၃၀၀၀

တန်ဖိုး - ၂၀၀ ကျပ်

ပုံနှိပ်/ထုတ်ဝေ

ဒေါ်မြမြကြွေ(၀၅၃၇၉)ပင်မြင့်မာလာပုံနှိပ်တိုက်

အမှတ် ၂၇၁ ၊ လမ်း(၄၀)

ရန်ကုန်မြို့မှ ရိုက်နှိပ်၍

ဒေါ်မြမြကြွေ(၀၁၃၆၄) ၊ စံလှစာပေ

အမှတ် ၁၈၀၊ ၂၉ လမ်း

ရန်ကုန်မှ ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

BURMESE CLASSIC .com

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်းစကား | ၇ |
| ၂။ | ဖတ်မငြီးဇာတ်ကြီးဆယ်ဘွဲ့ ငယားအချုပ် | ၁၁ |
| ၃။ | ဖတ်မငြီးဇာတ်ကြီးဆယ်ဘွဲ့ ဝတ္ထုများ မိတ်ဆက် | ၁၃ |
| ၄။ | တေမိဇာတ်တော် | ၁၇ |
| ၅။ | ဇနကဇာတ်တော် | ၃၅ |
| ၆။ | သုဝဏ္ဏသာမဇာတ် | ၄၇ |
| ၇။ | နေမိဇာတ်တော် | ၅၅ |
| ၈။ | မဟောသဓာဇာတ်တော် | ၇၇ |
| ၉။ | ဘူရိဒတ်ဇာတ်တော် | ၁၃၁ |
| ၁၀။ | စန္ဒကုမာရဇာတ်တော် | ၁၄၅ |
| ၁၁။ | နာရဒဇာတ်တော် | ၁၅၁ |
| ၁၂။ | ဝိဓူရဇာတ်တော် | ၁၆၁ |
| ၁၃။ | ဝေဿန္တရာဇာတ်တော် | ၁၇၉ |
| ၁၄။ | နိဂုံးစကား | ၂၀၀ |

ဇာတ်ကွက်ဇာတ်လမ်း၊ မှတ်ချက်မှတ်တမ်းများ ပြည့်စုံစွာပါသည်။

နေဘုန်းဝေ

www.burmeseclassic.com

www.burmeseclassic.com

## ၁။ နိဒါန်းစကား

ကျွန်ုပ်တို့လူမျိုးသည်ကား ပုံဝတ္ထုများ၌ ဝါသနာထုံသည်။ အဖိုး အဖွားလူကြီးသူမများ၏ အိပ်ရာဝင်ပုံပြင်များသည် ကျွန်ုပ်တို့စိတ်ကို ရွှင်လန်းစေသည်။ ချမ်းမြေ့စေသည်။ သုတကိုရစေသည်။ ရသကိုခံစားရစေသည်။

ဒဏ္ဍာရီပုံပြင်များ ပြောရာကနိပါတ်တော် ဇာတ်လမ်းအသွယ်သွယ်ကို ပုံပြင်သဖွယ်ပြောပြတတ်သည်။ ထိုအခါမျိုးတွင် နားထောင်၍မဝနိုင်အောင် တသသဖြစ်ရသည်။

ဇာတ်ကြီးဆယ်ဘွဲ့လာ သုဝဏ္ဏသာမ၊ ဇနက၊ မဟောသဓာ၊ ဝိဓူရ၊ ဝေဿန္တရာစသည့် ဇာတ်ကြောင်းများကို အကြိမ်ကြိမ် အထပ်ထပ်ကြားနာရပါသည်။ နားအီသည်မရှိခဲ့ပါ။ မဟောသဓာ၏ပညာစမ်းခန်းများတွင် စိတ်ရွှင်လန်းရသလို

www.burmeseclassic.com

www.burmeseclassic.com

မဒ္ဒီဒေဝီ၏ သောကခန်းများကလည်း လွမ်းရပါသည်။

စာသင်ချိန် ဘဝံရောက်သည့် အခါတွင်လည်း ဇာတ်တော်တချို့နှင့် နီးစပ်ခွင့်ရပါသည်။ မူလက အင်္ဂလိပ်ကျောင်းဟုသာခေါ်သော ကျွန်ုပ်တို့ ကျောင်းဆရာ၊ ဆရာမကောင်းများ စုဝေးရောက်ရှိနေသကဲ့သို့ပင် ဖြစ်ပါသည်။ အများစုမှာ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံကို အားလုံးသန်ကြပါသည်။ စာရေးသူကိုယ်တိုင်လည်း အင်္ဂလိပ်စာကို ဝါသနာထုံပါသည်။ ထိုစဉ်ဆရာဦးသာလင်းဆိုသူ ဆရာတစ်ဦး ကျောင်းသို့ရောက်လာပါသည်။

"ငါးကြွင်းဆီနဲ့ ငါးကြွင်းကြော်တတ်ရတယ်ကွ။
ဖွတ်မြီးနဲ့ ဖွတ်တုတ်တတ်ရတယ်ကွ။
ဒီကောင်နှယ် လိပ်ခါးတောက်ကျိုးဖက်နေပြန်ပါပြီ။
ဟိတ်ကောင် ပိုးစုန်းကြူးကို မီးတောက်မယ်ထင်ပြီး မှုတ်မနေစမ်းနဲ့"။ ဆရာက ဤအပြောမျိုးပြောတတ်ပါသည်။ အဆင်တန်ဆာအလင်္ကာတွေနှင့် သိုင်းဝိုင်းပြောတတ်ပါသည်။ ဥပမာ ဥပမေယျတင်စား ခိုင်းနှိုင်းချက်များ ဝေဆာလှပါသည်။ ကျောင်းသူကျောင်းသားများ မြန်မာစာကို အတွေးစိတ်ဝင်စား လာကြပါသည်။

ဝေဿန္တရာဇာတ်တော်လာ ဇူဇကာရုပ်ကြီးကို မြင်ယောင်စက်ဆုပ်လာပါသည်။ ဟိမဝန္တာ၏သာမော့ဖွယ်သို့ ရောက်စမ်းချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဇာလီနှင့် တဏှာစိန်မောင်နှမအား ဖခင်ဝေဿန္တရာက ပါရမီဖြည့်ရန် မေတ္တာရပ်ဆိုခေါ်ခန်းမျိုးတွင် မျက်ရည်မဆည် နိုင်အောင်ရှိရပါသည်။ မြန်မာစာကိုလည်း စွဲစွဲလန်းလန်း ချစ်မိပါတော့သည်။

ယခု ဤ "ဖတ်မငြီး ဇာတ်ကြီး ဆယ်ဘွဲ့ဝတ္ထုများ"ကို ပြုစုရေးသားရာ၌လည်း ဇာတ်အသီးသီးကပေးသောရသကို ခံစားစေချင်ပါသည်။ သုတကိုဆည်းပူးစေချင်ပါသည်။ တရား ဓမ္မသံဝေဂကို ရယူစေချင်ပါသည်။ တစ်ပုဒ်ကတစ်ခုတစ်မျိုးမျှ ပင်ဖြစ်စေ အကျိုးပြုရာရောက်လျှင် ဝမ်းမြောက်ပါပြီ။

နေဘုန်းဝေ

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

# ဖတ်မပြီး
## ဇာတ်ကြီးဆယ်ဘွဲ့ ဝတ္ထုများ
## ဇယားအချုပ်

| ဇာတ်တော်ကြီးအမည် | | မြူစုသည့်ဆရာတော် | ကျမ်းပြီးသက္ကရာဇ် |
|---|---|---|---|
| ၁။ | တေမိ | ဦးဩဘာသ | ၁၁၄၈-ခုတပို့တွဲလ |
| ၂။ | ဇနက | ဦးဩဘာသ | ၁၁၄၇-ခုနယုန်လ |
| ၃။ | သုဝဏ္ဏသာမ | အသျှင်ပညာတက္က | ၁၁၈၈-ခုနယုန်လ |
| ၄။ | နေမိ | ဦးဩဘာသ | ၁၁၄၈-ခုဝါဆိုလ |
| ၅။ | မဟောသဓာ | ဦးဩဘာသ | ၁၁၄၆-ခုတန်ဆောင်မုန်းလ |
| ၆။ | ဘူရိဒတ် | အသျှင်နန္ဒမေဓါ | ၁၁၄၈-ခုနတ်တော်လ |
| ၇။ | စန္ဒကုမာရ | ဦးဩဘာသ | ၁၁၄၄-ခုပြာသိုလ |
| ၈။ | နာရဒ | ဦးဩဘာသ | ၁၁၄၄-ခုတန်ခူးလ |
| ၉။ | ဝိဓူရ | ဦးဩဘာသ | ၁၁၄၅-ခုဝါခေါင်လ |
| ၁၀။ | ဝေဿန္တရာ | ဦးဩဘာသ | ၁၁၄၅-ခုတပေါင်းလ |

**အက္ခရာသင်္ကေတ။** ဇာတ်တော်ကြီးဆယ်ဘွဲ့ကို အလွယ်တကူမှတ်သား နားလည်စေရန် မြန်မာတို့က (တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ)-ဟူ၍ အက္ခရာ သင်္ကေတ ဖြင့် မှတ်သားကြသည်။

နေဘုန်းဝေ

www.burmeseclassic.com

www.burmeseclassic.com

## မတ်မငြိုး

## ဇာတ်ကြီး ဆယ်ဘွဲ့ဝတ္ထုများမိတ်ဆက်

"ဇာတ်" ဆိုသည်မှာ ပါဠိစကား "ဇာတက" မှရွေ့လျော လာသောစကားဖြစ်သည်။ "ဖြစ်ပျက်သောအကြောင်းအရာ" ဟုအဓိပ္ပာယ်ရသည်။

မြတ်စွာဘုရားသခင်ဟောကြားတော်မူခဲ့သော နိကာယ်ငါးရပ်ရှိသည်။ ဥဒ္ဒက နိကာယ်တွင်ပါရှိသော ပါဠိဇာတ်တော်၌ မြတ်စွာဘုရားဖြစ်တော်ပေါင်း (၅၄၇) ဇာတ်ကို ဟောကြားတော်မူခဲ့သည်။ အခေါ်ရလွယ်ကူအောင် ဇာတ်ပေါင်း (၅၅၀) ဟုခေါ်သည်။

ထိုဇာတ်တော်များကိုပါဝင်သော ဂါထာဦးရေအလိုက် နိပါတ်အားဖြင့် (၂၂) ပိုင်း ခွဲခြားထားသည်။ ဇာတ်တော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ဆယ်ဘွဲ့ကို မဟာနိပါတ်တွင် ထည့်ထားပါသည်။ မဟာနိပါတ်ဆိုသည်မှာ နိပါတ်ကြီးဖြစ်၍ ပါဝင်သောဂါထာဦးလည်းများပါသည်။

ဇာတ်တော်ကြီး ဆယ်ဘွဲ့ကို ဇယားအချပ်တွင် ဖော်ပြထားပြီးဖြစ်ပါသည်။

အချို့ဇာတ်တော်များကို စကားပရိယာယ်တစ်မျိုးဖြင့်လည်း ခေါ်ပါသည်။

- တေမိယဇာတ် ကို မူဂပက္ခဇာတ်
- သုဝဏ္ဏသာမဇာတ် ကို သုဝဏ္ဏသျှမ်
- မဟောသဓာဇာတ် ကို ဥမင်
- စန္ဒကုမာရဇာတ် ကို ခဏ္ဍဟာလ
- ဝေဿန္တရာဇာတ် ကို သဟာဿန္တ ဟူ၍လည်း

ခေါ်ဝေါ်ပါသေးသည်။

မှတ်ချက် ။ ။နိကာယ်ငါးရပ်ဆိုသည်မှာ (၁) ဒီဃနိကာယ် ၃-ကျမ်း၊ သုတ္တန်မျိုးပါဠိတော်များ။ (၂) မဇ္ဈိမနိကာယ် ၃-ကျမ်း၊ သုတ္တန် မျိုး ပါဠိတော် များ၊ (၃) သံယုတ္တနိကာယ် (၅)ကျမ်း၊ သုတ္တန်မျိုးပါဠိတော်များ၊ (၄) အင်္ဂုတ္တရ နိကာယ် ၁၁-ကျမ်း၊ သုတ္တန်မျိုး ပါဠိတော်များ၊ (၅) ခုဒ္ဒကနိကာယ်-သုတ္တန်မျိုး (၁၅)ကျမ်းနှင့် ဝိနည်း

www.burmeseclassic.com

www.burmeseclassic.com

(၅)ကျမ်း၊ အဘိဓမ္မာ (၇)ကျမ်း ပါဠိတော်များ ဖြစ်ပါသည်။

ဤဇာတ်တော်ကြီးဆယ်ဘွဲ့ကို မာဂဓဘာသာ၊ ပါဠိဘာသာ၊ မြန်မာစကားပြေသက်သက် စသည်တို့ဖြင့် ခေတ်အဆက်ဆက် ရေးသားပြုစုခဲ့ကြပါသည်။ ထို့ကြောင့်လည်း မြန်မာဗုဒ္ဓဘာသာ အများစုနှင့် ဤဇာတ်တော်ဇာတ်လမ်းများသည် အနည်းနှင့် အများ အကျွမ်းတဝင်ရှိပြီးဖြစ်ပါသည်။

စကားပြေရေးဟန်များသည် တစ်ခေတ်နှင့်တစ်ခေတ် မတူရွေ့လျားပြောင်းလဲလာသည်ကို စာပေလေ့လာသူအများ လက်ခံပြီးဖြစ်ပါသည်။

ပမာထုတ်ပြပါရစေ။

" ဦးညွှဘာသ၏မြန်မာစကားပြေများမှာ ရှေးပုဂံခေတ်က ပေါ်ပေါက်ခဲ့သော ဓမ္မဝိလာသဓမ္မသတ်ကျမ်း၏ စကားပြေများ ထက်လည်းကောင်း၊သယ်နာထဆရာတော်၏မဏိကုဏ္ဍလဝတ္ထု၊ ဓောင်ဖီလာဆရာတော်၏ ယသဝပနဝတ္ထုစကားပြေများ ထက်လည်းကောင်း ကျစ်လျစ်သိမ်သည်းပြေပြစ်သည် " ဟု ဖော်ပြထားခြင်းခံရသော ဆရာတော်မင်းပူးဦးညွှဘာသ၏ စကားပြေ အရေးအသားများသည်ပင်လျှင် ယခုခေတ်နှင့် ခြားနားနေပြီဖြစ်ကြောင်းသတိမူနိုင်ပါသည်။

မျက်မှောက်ခေတ်လူငယ်လူရွယ်များစု လက်လှမ်းမီစိမ့် သောငှာလည်းကောင်း၊ အလွယ်တကူဖတ်ရှုမှတ်သား နိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း ရည်ရွယ်ပြီး ခေတ်စကားပြေအရေးအသားဖြင့် ရေးသားတင်ဆက်အပ်ပါသည်။

ဇာတ်ကြီးဆယ်ဘွဲ့စလုံးကို စကားပြေ၊ ပျို့လင်္ကာ၊ တရားစာ၊ ဇာတ်စကား၊ ရကန်၊ ဟောစာစသည်ဖြင့် ရှေးဆရာတို့ ရေးခဲ့ပြီးဖြစ်ပါသည်။

စာရေးသူ၏ ရည်ရွယ်ချက်မှာ လူငယ်လူရွယ်များ ဇာတ်ကြီးဆယ်ဘွဲ့စလုံးကို လွယ်လင့်တကူ ပေါ့ပေါ့ပါးပါး မှတ်သား ဖတ်ရှုနိုင်ရန်ဖြစ်ပါသည်။

နေဘုန်းဝေ

• • •

www.burmeseclassic.com

www.burmeseclassic.com

## ဓမိယဇာတ်တော်

တစ်နေ့သော် - တပည့်သံဃာရဟန်းအပေါင်းတို့သည် အစည်းအဝေးပြုရာ တရားသဘင်၌ နိက္ခမပါရမီတော်ကို ချီးမွမ်းကြ၏။

မင်းစည်းစိမ်ကို တွယ်တာမက်မောခြင်း မရှိဘဲတောထွက်တော်မူခဲ့ခြင်း၊ ဖွားဘက်တော်ညောင်ဗုဒ္ဓဓောပင်ရင်း၌ မာရ်နတ်၏ စစ်ပြုခြင်းကို အောင်နိုင်ခြင်း၊ လောကီကွန်ရက် သမီးကညာနှင့် ဖြားယောင်းသည်ကို အောင်မြင်ခြင်း စသည့် မြတ်စွာဘုရား၏ ဘုန်းတော်၊ ဉာဏ်တော်၊ ကံတော်အန္တန္တများ ကို ချီးမွမ်းစကားကိုလည်း ချီးမွမ်းပြောဆိုလျက်ရှိကြ၏။

ထိုစဉ်မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋီတိုက်မှ ထွက်ကြွလာတော်မူလေသည်။ ထို့နောက်တရားသဘင် သံဃာတော်

www.burmeseclassic.com

www.burmeseclassic.com



တို့၏ အလယ်ကြီးကျယ်မြင့်မြတ်သောနေရာ မြတ်၌ထက်ဝယ် ဖွဲ့ခွေစံပယ်တော်မူလေသည်။

" တပည့်သားတော်အပေါင်းတို့၊ ယခု ငါမရောက်မီသင် တို့ အစည်းအဝေးပရိသတ်၌ အဘယ်စကားဖြစ်ကြသနည်း"

" ကိုယ်တော်မြတ်ဘုရား၏ ဘိနိက္ခမပါရမီတော် အလီလီကို ချီးမွမ်း၍ ဆုံးခန်းတိုင်မရောက်နိုင်အောင် ရှိပါသည်ဘုရား "

" တပည့်ချစ်သား တို့-

ကောင်းစွာမဖောက်မပြန်ယောခြင်းရှိသော ငါဘုရား၏ လေးပါးသောနိမိတ်၊ လန့်ထိတ်သောသံဝေဂကြောင့် ပါရမီရင့်ပြီး ငါဘုရားသည် လူစည်းစိမ်ကို စွန့်ပယ်ကာ တောထွက်ခဲ့သည်မဟုတ်။ ရှေးသံသရာ - ငယ်နုစဉ်ကမင်းလျှင် အရာရာကို စွန့်ပယ်ခွါတုံလျက် နိက္ခပါရမီကို ဖြည့်ကျင့်ခဲ့ဖူး သည်မှာ ဗိုလ်ပင်အုံးသြဖွယ်ဖြစ်၏။ ❋

မှတ်ချက် ။ ။ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်တွင် သီတင်းသုံးတော်မူစဉ်၊ မဟာဘိနိက္ခပါရမီတော်ကို အကြောင်းပြု၍၊ ဂါထာပေါင်း (၁၂၁) ဂါထာခွဲတို့ဖြင့် တန်ဆာစီခြယ်သော တေမိယဇာတ် တော်ကို ဟောတော်မူသည်။ မင်းပူးမြို့လေသာကျောင်းတိုက် ဆရာတော်ဦးသြဘာသ အရှင်သူမြတ်သည် ဒါယကာ မောင်ဝကို အကြိမ်ကြိမ် တောင်းပန်သဖြင့် မြန်မာစကားပြေ

www.burmeseclassic.com

www.burmeseclassic.com



သက်သက်ဖြင့် ရေးသားခဲ့သည်။

၁၁၄၈ - ခုနှစ်၊ တပို့တွဲလဆန်း (၁၁) ရက်နေ့တွင်ပြီးသည်။

မြတ်စွာဘုရားသခင်သည် ထိုသို့မြွက်ဟပြီးနောက် အရဟတ္တဖိုလ် ဝင်စားလျက်၊ ဥာဖော်တံခါးပိတ်၍ ဆိတ်ဆိတ်နေတော်မူလေသည်။

ထိုအခါတွင် တပည့်ရဟန်းသံဃာများက -

" အရှင်ဘုရား ယခုကိုယ်တော်၏အဖြစ်၌ နှစ်သက်အံ့သြဖွယ်တို့ကား လောကအလုံး နှစ်သက်ဝမ်းမြောက်ကြရပါသည်။ အရှင်ဘုရား အမွက်မှုဖေါ်ပြသော ရှေးသံသရာ ငယ်နုစဉ်အခါက ဖြည့်ကျင့်တော်မူခဲ့သော နိက္ခမပါရမီတော် အကြောင်းတို့ စေ့စပ်ကုန်စင်ထင်ရှား သိသာအောင် ဟောတော်မူပါမှ တပည့်တော်အပေါင်းတို့ အကျိုးစီးပွားများပါမည်အရှင်ဘုရား" ဟူ၍တောင်းပန်လျှောက်ထားကြလေသည်။

ဤတွင် မြတ်စွာဘုရားသခင်လည်း တောင်ထိပ်ရေတံခွန်ကတသွန်တည်းဆင်းသကဲ့သို့ ဓ၊ လယ်၊ ဆုံး နှာ၍ မင်္ဂြီးနိုင်သော တေမိဇာတ်တော်ကို ဟောတော်မူလေသည်။

မှတ်ချက် ။ ။ အရဟတ္တဖိုလ် (ပါဠိ)

အရိ - ရန်သူ၊ ဟတ - ဖျက်ဆီးအပ်သော၊ ဖလ - အကျိုးကိလေသာတည်းဟူသော ရန်သူတို့ကိုဖျက်ဆီး၍ ခံစားအပ်သောအကျိုး။

www.burmeseclassic.com

www.burmeseclassic.com



ပါရမီ (၁၀)ပါး - နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်မျိုး ဆယ်ပါး။

၁။ ဒါနပါရမီ - လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း။

၂။ သီလပါရမီ - ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသောသီလ ကိုဆောက်တည်သိမ်းဆည်းခြင်း။

၃။ နိက္ခမပါရမီ - အိမ်ရာခွဲခွာ၍ ရှောင်ရသော့ ရဟန်း ဘောင်သို့ရပ်ရောက်ခြင်း။

၄။ ပညာပါရမီ - ပညာကိုဆည်းပူးရှာဖွေတိုးပွားခြင်း။

၅။ ဝိရိယပါရမီ - မတွန့်မဆုတ်အားထုတ်သော ဇွဲနပဲ ဖြင့်ကြိုးစားခြင်း။

၆။ သစ္စာပါရမီ - မှန်ကန်ဖြောင့်မတ်စွာ ပြောဆို လုပ်ကိုင်ခြင်း။

၇။ မေတ္တာပါရမီ - ကမ္ဘာသားအများကို မိမိနှင့်တစ်သား တည်းချစ်ခြင်း။

၈။ ခန္တီပါရမီ - သည်းခံခြင်း။

၉။ အဓိဋ္ဌာန်ပါရမီ - အပြစ်ကင်းသောအရာ၌ စိတ်ဖြင့် ဆုံးဖြတ်ခြင်း။ ဆုံးဖြတ်သည့်အား လျော်စွာလုပ်ကိုင်ခြင်း။

၁၀။ ဥပေက္ခာပါရမီ - သူ့စိမ်းသူ့ကျက်ငဲ့ ကွက်မရွေး ချမ်းသာ ဆင်းရဲသော အရေး၌ စိတ်ထွေးကြွ စည်ခြင်းမပြု၊

www.burmeseclassic.com

www.burmeseclassic.com



### အလယ်ကြားရှ၍ နေခြင်း။

လွန်လေပြီးသောအခါ ဇာရာဏာသီပြည်၌ ကာသိကရာဇ်ပြည်၌ ကာသိကရာဇ်မင်းကြီး မင်းပြု၏။ ထိုမင်းသည် မင်းကျင့်တရား ဆယ်ပါးနှင့်ပြည့်စုံ၏။ သင်္ဂဟတရားလေးပါး၊ နာဂယကဂုဏ်ခြောက်ပါးနှင့်လည်း ပြည့်စုံ၏။

ထိုမင်းတွင် ကိုယ်လုပ်မောင်းမ တစ်သောင်းခြောက်ထောင်ရှိ၏။ တောင်ညာစံအဂ္ဂမဟေသီကား စန္ဒာဒေဝီဖြစ်၏။

စန္ဒာဒေဝီမိဖုရားကြီးမှစ၍ ကိုယ်လုပ်မောင်းမအပေါင်းတွင်သားသမီးတစ်ယောက်မျှ မထွန်းကားပါချေ။ ထို့ကြောင့် ထီးရိုးနန်းစွယ်ကို စောင့်ရှောက်အံ့သောသားမရှိပါချေ။ ထီးရိုးနန်းနန်းညွန့် အစွန့်ရှည်ရေးအတွက် ကာသိကရာဇ်ပြည်သူပြည်သားတို့သည် အညီအညွတ် စည်းဝေးတောင်းဆိုကြ၏။ သားဆုတောင်းရန်ပန်ကြားကြ၏။ ကာသိကရာဇ်မင်းကြီးကား ပြည်သူတို့အပေါ် ရေလို လလိုကျင့်၏။ ထို့ကြောင့် -

" အချင်း ကာသိကရာဇ်ပြည်သူပြည်သားတို့ သင်တို့လျှောက်ထားသည့်အတိုင်း ငါ၏မိဖုရားကိုသားဆုတောင်းစိမ့်မည်။ မစိုးရိမ်ကြကုန်လင့်။ တုန်းပွင့်သောသားကောင်းရတနာဖြင့် ပြည်သူအကျိုးစီးပွားကို ဖြစ်စေ၏" ဟူ၍ နှစ်သိမ့်စကားဆိုလိုက်လေသည်။

ထို့နောက် စန္ဒာဒေဝီမိဖုရားကြီးအား ခေါ်ကာ သားဆု

www.burmeseclassic.com



တောင်းရန်ရာဇသံပေးလေသည်။

ထိုအချိန်တွင် တာဝတိံသာ နတ်ပြည်၌ဘုရား အလောင်းတော်သည် နတ်သားဖြစ်၏။

စန္ဒာဒေဝီမိဖုရားကြီးလည်း သီလမကျိုး မပျက်အောင် စောင့်၏။ သစ္စာပြုကာ သားဆုတောင်း၏။

မိဖုရားကြီး၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ နေရာ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် ပူပြင်းတင်းမာ၏။ သိကြားမင်းလည်း အကြောင်းရင်းကို ကြည့်ရှုဆင်ခြင်၏။ စန္ဒာဒေဝီမိဖုရားကြီး၏ ဆန္ဒကို သိရှိလေ၏။ ထိုက်တန်သော သားဆုပေးအံ့ဟူ၍ကြံ၏။

မှတ်ချက်။ ။ ပဏ္ဍုကမ္ဗလာ (ပါ) - ဖျော့တော့သော အဆင်းရှိ၍ သားမွေးအထည်နှင့် တူသော ကျောက်ဖျာ။ အလျားယူဇနာ (၆၀) အနံယူဇနာ (၅၀)။ ထု ၁၅-ယူဇနာ ရှိသည်။

ဘုရားလောင်းနတ်သားအား မိဖုရားကြီး၏ ဝမ်း၌ ပဋိသန္ဓေယူရန်တိုက်တွန်း၏။ ဘုရားအလောင်းနတ်သား လည်းဝန်ခံ၏။ စုတေခါနီးဖြစ်ကုန်သော နတ်သားငါးရာ တို့ကိုလည်း အခြံအရံဖြစ်စေခြင်းငှာ ကာသိကရာဇ်မင်း၏ အမှုးအမတ်သားဖြစ်ကြမည့်အကြောင်း တိုက်တွန်း၏။ အားလုံးပင်ဝန်ခံကြ၏။

တာဝတိံသာမှ စုတေ၍ ပဋိသန္ဓေယူကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာဒေဝီမိဖုရားကြီးသည် ဆယ်လစေ့သည်တွင် ဘုန်းလက္ခဏာနှင့် ပြည့်စုံသောသားတော် ဘုရားလောင်းကို ဖွားမြင်၏။ ထိုနေ့၌ပင်လျှင် အမှုုအမတ်ငါးရာတို့အိမ် တွင်လည်း သတို့သားငါးရာကို ဖွားမြင်လေ၏။

ထိုနေ့တွင် မိုးသည်းထန်စွာရွာ၏။

ကာသိကရာဇ်မင်းကြီးလည်း သားတော်ဖွားမြင်သည့် သတင်းကိုကြားလျှင် များစွာပင်နှလုံးစိတ်ဝမ်းချမ်းမြေ့၏။ သားတော်အတွက် ဂါက်ရွေးစင် နို့ထိန်းနှစ်ရာလေးဆယ်ခန့် ထားပြုစုစေပါသည်။ အမတ်သား ငါးရာတို့ကအတွက်လည်း နို့ထိန်းတစ်ဦးစီပေးလေသည်။

ထို့နောက်သားတော်အား တေမီယကုမာရ - ဟု အမည်တွင်စေပါသည်။

စန္ဒာဒေဝီမိဖုရားကြီးအားလည်း လိုရာဆုတောင်း စေ၏။ မိဖုရားကြီးသည် ရွှေ့ရေးကို မျှော်တွေးဆလျက် " ယခုမကောင်းသေးပါ။ နောင်ကြီးပြင်းလာသည်တွင်မှ ကောင်းပါမည် " ဟုလျှောက်ထားလေသည်။

တစ်လမြောက်သောနေ့တွင် အယ်နီးတော်တို့သည် မင်းသားငယ်ကို လှပေမွေးကြိုင်စွာ တန်ဆာဆင်၍ မင်းကြီး ထံဆောင်ခဲ့လေသည်။ မင်းကြီးလည်း လှမ်းယူပိုက်ချီကာ ရင်ခွင်၌ထား၏။ များစွာလည်း စိတ်နှလုံးချမ်းမြေ့၏။

ထိုစဉ်ခိုးသားလေးယောက်အား ဖမ်းယူချည်နှောင်ကာ

www.burmeseclassic.com



မင်းထံဆက်ကြ၏။ မင်းကြီးလည်း - တစ်ယောက်ကြမ်ဒဏ် တစ်ထောင်ခတ်စေ၏။ တစ်ယောက်အား ခြေကျင်းခတ်၍ နှောင်အိမ်သွင်းစေ၏။ တစ်ယောက်အားလှံဖျားဖြင့် အသားကို ထိုးခွာစေ၏။ တစ်ယောက်အား တံကျင်လျှိုသတ်စေ၏။

မှတ်ချက်။ ။ ဤမင်းသားသည် မိုးချမ်းရည်၊ ဝိတိရည်တို့ဖြင့်စွတ်စေအပ် ထိုသို့စွတ်စို စေတတ်သော သတ္တိ ကြောင့်တေမိယမည်၏။

အများထိတ်လန့်အောင်ထင်ရှားစွာ စီရင်စေ၏။

ထိုကြောက်ဖွယ်သောစကားကို မင်းသားငယ်ကြား လေသည်။ မင်းဘဝသည် အပါယ်ကျဖွယ်ကြောက်ရာ ကောင်းလှပေသည် ဟုတွေးမြင် ဆင်ခြင်မိလေသည်။

ဤသို့ဖြစ်ခြင်းမှာလည်း အကြောင်းရှိပေသည်။

တေမိယမင်းသားသည် ရှေးလွန်လေပြီးသော ဘဝ တစ်ခုက ဤဗာရာဏသီပြည်တွင်ပင် မင်းဖြစ်ခဲ့ဖူးလေသည်။ နှစ်ပေါင်း (၂၀) မင်းပြုပြီးနောက် အနှစ်ရှစ်သောင်း ငရဲ ကျခဲ့ဖူးလေသည်။ ဤသည်ကို ဇာတိဿရဉာဏ်ဖြင့် သိမြင် သောတေမိယကုမာရသည်မင်းဖြစ်မည်ကို အလွန်ပင်ထိတ်လန့် လျက်ရှိလေသည်။

ဘဝဟောင်းကပင် တော်စပ်ခဲ့ဖူးသူ ထီးချက်စောင့် နတ်သမီးက ဤအချက်ကိုသိသည်။

" မင်းအဖြစ်မှ လွတ်မြောက်လိုလျှင် ပညာရှင်းကို

www.burmeseclassic.com

www.burmeseclassic.com



မပြနှင့်။ ဆင်းရဲဒုက္ခကို သည်းခံ၍နေပါ။ ဆွံ့အသကဲ့သို့ နားပင်းသကဲ့သို့ နေပါလေ"

ထီးချက်စောင့်နတ်သမီးက အကြံပေးစကားဆိုလေသည်။ တေမိမင်းသားလည်း အကြံပေးချက်ကို များစွာသဘောကျလေသည်။ အကြံပေးချက်အတိုင်း ပြုမောင်ရန်လည်း အဓိဋ္ဌာန်လိုက်လေသည်။

နို့ဆာသော်လည်း မငို။ ကိုက်မှု သောက်သည်။ လှုပ်ရှားမှုလည်းမပြ။ ဆွံ့အနားပင်းကဲ့သို့နေထိုင်လေသည်။ နို့ထိန်းသည်များက မင်းသားငယ်၏ အကြောင်းခြင်းရာကို မင်းနှင့်မိဖုရားအား လျှောက်ထားသည်။ မင်းနှင့် မိဖုရားတို့လည်း မင်းသားအား ၁၇-နှစ်တာ ကာလကြာအောင် အလို (၁၇) မျိုးဖြင့် စမ်းသပ်ခဲ့ကြလေသည်။ မင်းသားငယ်ကား ဆင်းရဲဒုက္ခကို သည်းခံသည်။ အဓိဋ္ဌာန်အတိုင်း ဆွံ့အနားပင်း အသွင်ဖြင့် သာနေထိုင်လေသည်။

တစ်လသားအရွယ်မှ တစ်နှစ်သားအထိတိုင် နေ့စဉ် အငတ်ထားကာ အလိုစမ်းသည်။ မင်းသားဘည် နို့ငတ်ခြင်းဒုက္ခကိုသည်းခံသည်။

ဆိုလိုသည်မှာ - ဤမင်းသားဖွားစဉ်တွင် - မိုးရွာခြင်း၊ မင်းအမတ်တို့ ရွှင်လန်းခြင်းကို ဖြစ်စေလျက် ဖွားတော်မူသောကြောင့် တေမိယ - ဟုခေါ်တွင်ခြင်းဖြစ်ပါသည်။

တစ်နှစ်သားမှ နှစ်နှစ်သားထိ ဖွားဘက်တော်မျိုး

www.burmeseclassic.com

www.burmeseclassic.com



မတ်သားများနှင့်ထားသည်။ မုန့်၊ဝဲသွားရည်စာ အမျိုးမျိုး ပေးထားသည်။ အခြားသောကလေးငယ်များက ယူငင်စား သောက်ကြသည်။ တေမိယကမူ ယူငင်၍မစား။ ခွာမှုသာစား လေသည်။

နှစ်နှစ်သားမှ သုံးနှစ်သာအထိ ဖွားဘက်တော်များနှင့် ထားသည်။ သစ်သီးမျိုးစုံချပေးထားသည်။ အခြားသောကလေး များက ယူငင်စားကြသည်။ တေမိယမင်းသားကမူ ယူ၍မစား။ ခွံ့မှသာစားလေသည်။

သုံးနှစ်သားမှ လေးနှစ်သားအရွယ်အထိ ဖွားဘက် တော်များနှင့် ထားသည်။ ကစားစရာမျိုးစုံ ချပေးထားသည်။ အခြားသော ကလေးငယ်များက ကစားစရာများကိုယူကာ ပျော်ရွှင်စွာ ကစားကြသည်။ တေမိယကမူ လုံးဝမကစား။

လေးနှစ်သားမှ ငါးနှစ်သားအရွယ်အထိ ဖွားဘက်တော် များနှင့်ပင်ထားသည်။ ထမင်း၊ ဟင်းမျိုးစုံချပေးထားသည်။ အခြားသူငယ်များကယူငင်ကာအားပါးတရ စားသောက် ကြသည်။ တေမိယမင်းသားက လုံးဝမလှုပ်ရှား။ ခွံ့မှသာ စားလေသည်။

ငါးနှစ်သားမှ ခြောက်နှစ်သားအရွယ်ထိ ဖွားဘက်တော် များနှင့်ပင်ထားသည်။ တံခါးပေါက်များစွာပါသော ထန်းရွက်မိုး တဲတွင် နေလေသည်။ ထို့နောက်တဲမိုးကို မီးရှို့သည်။ အခြား သောဖွားဘက်တော်သူငယ်များကား ထိတ်လန့်ကြောက်ရွံ့ကာ

www.burmeseclassic.com



တံခါးပေါက်များမှ ထွက်ပြေးကြသည်။ တောမီယမင်းသားကား မတုန်လှုပ်။ ဆွံ့အနားပင်းပုံစံအတိုင်းပင် နေလေသည်။ မီးလောင်လုနီးတွင်မှ အထိန်းတော်များ တကြွယ်ယူရသည်။

ခြောက်နှစ်သားမှ ခုနှစ်သားအရွယ်အထိ ဖွားဘက်တော်များနှင့်ပင်ထားသည်။ မြေလမ်းတွင်ထားပြီး မုန်ယိုနေသောဆင်ကိုလွှတ်ပေးသည်။ နင်းသတ်တော့မည်အသွင်ပြုစေသည်။ အခြားသူတို့ကြောက်လန့်ကာ ထွက်ပြေးကြသည်။ တောမီမင်းသားကား မတုန်လှုပ်။ ဆွံ့အနားပင်း ပုံစံအတိုင်းပင်နေသည်။ နောက်ဆုံးတွင် အထိန်းတော်များကပင် ဆွဲယူခေါ်ငင်ကြရသည်။

ခုနှစ်နှစ်သားမှ ရှစ်နှစ်သား အရွယ်အထိဖွားဘက်တော်များနှင့်ပင်ထားသည်။ အခန်းတစ်ခုတွင် သည့်ထားပြီးအစွယ်ချိုးပြီးသား မြွေဆိုးကြီးတစ်ကောင်ကို လွှတ်ပေးသည်။ အခြားသူငယ်များ ထိတ်လန့်ပြီးထွက်ပြေးကြသည်။ တောမီမင်းသားကားမတုန်လှုပ်။ ဆွံ့အနားပင်း ပုံစံအတိုင်းပင်နေသည်။ အထိန်းတော်များကပင် ဆွဲယူခေါ်ငင် ကြရသည်။

ရှစ်နှစ်သားမှ ကိုးနှစ်သားအရွယ်အထိ ဖွားဘက်တော်များနှင့်ပင်ထားသည်။ ခန်းမကြီးထဲတွင်ထားပြီး ကပွဲသဘင်ခင်းကျင်းပြသည်။ အခြားသောသူငယ်တို့ကား နှစ်သက်အားရလက်ခုပ်ဩဘာတီးကြသည်။ ရွှင်မြူးကြသည်။ တောမီမင်းသားကားမတုန်လှုပ်။ ဆွံ့အနားပင်း ပုံစံအတိုင်းပင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးနှစ်သားမှ ဆယ်နှစ်သားအရွယ်အထိ ဖွားဘက်တော်များနှင့်အတူးထားသည်။ သန်လျက်ကိုင်လူတစ်ဦးကို စေလွှတ်ကာ သတ်မည့်ဟန်ငြိမ်းခြောက်သည်။ အခြားသောသူငယ်တို့ ထွက်ပြေးကြသည်။ တေမိမင်းသားကား မတုန်လှုပ်။ ဆွံ့အနားပင်း ပုံစံအတိုင်းပင်နေသည်။

ဆယ်နှစ်သားမှ ဆယ့်တစ်နှစ်အရွယ်ထိ တိုက်ခန်းတစ်ခုတွင်ထားသည်။ နားပင်း၊ မပင်းသိရအောင် ရှုတ်တရက် ခရုသင်းမှုတ်ကာ ထိတ်လန့်အောင်ပြုသည်။ တေမိမင်းသားကား တုန်လှုပ်ခြင်းမရှိ။

ဆယ့်တစ်နှစ်သားမှ ဆယ့်နှစ်နှစ်အရွယ် တိုက်ခန်းတွင်ပင်ထားသည်။ နားပင်း၊ မပင်းသိရအောင် ရှုတ်တရက် စည်ကြီးတီးသည်။ ထိတ်လန့်အောင်ပြုသည်။ တေမိမင်းသားကား တုန်လှုပ်ခြင်းမရှိ။

ဆယ့်သုံးနှစ်သားမှ ဆယ့်လေးနှစ်အရွယ်အထိ တေမိယမင်းသားငယ်၏ တစ်ကိုယ်လုံးကို တင်လဲရည်များမှ လိမ်းကျံသည်။ ခြင်ယင်များ ကိုက်ခဲစေသည်။ တေမိမင်းသားငယ်ကား ထိုသို့သောဆင်းရဲဒုက္ခကို ကျိတ်မှိတ်သည်းခံတော်မူလေသည်။

ဆယ်လေးနှစ်မှ ဆယ့်ငါးနှစ်အရွယ်အထိ တေမိမင်းသားကို မစင်တွင်း၌ထားသည်။ ယင်ရိုင်းများ၊ ပိုးလောက်များ ကိုက်ခဲစေသည်။ ရွံ့ရှာစက်ဆုပ်ဖွယ် အနံ့ဆိုးမှုနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲဒုက္ခကို ခံစားရသော်လည်း တေမိမင်းသားသည် ကျိတ်မှိတ်သည်းခံသည်။ တုန်လှုပ်ခြင်းမရှိ။

ဆယ့်ငါးနှစ်မှ ဆယ့်ခြောက်နှစ်အရွယ်အထိ တေမိမင်းသားကို သလွန်ပေါ်တွင်ထားသည်။ အောက်မှ မီးဖိုထားသည်။ မီးရှိန်ဖြင့်နှိပ်စက်သည်။ တေမိမင်းသား သည်းခံသည်။ တုန်လှုပ်ခြင်းမရှိ။

ဆယ့်ခြောက်နှစ်မှ ဆယ့်ခုနစ်အရွယ်အထိ တေမိမင်းသားအား အသံကောင်းရုပ်ချော ကချေသည်မကလေးများနှင့်မြူဆွယ်သည်။ တေမိမင်းသားကား တုန်လှုပ်ခြင်းမရှိ။

ဆယ့်ခုနစ်နှစ်ကာလစလုံးနည်း ပရိယာယ် (၁၇)မျိုးဖြင့် တေမိမင်းသားကို အလိုစမ်းခဲ့ပါသည်။ တေမိမင်းသားကား ငရဲဘေးကိုအမြဲတွေးကာ ထိတ်လန့်သံဝေဂ ရရှိသည်နှင့်အညီ တုန်လှုပ်ယိမ်းယိုင်ခြင်းမရှိသည်းခံနိုင်ခဲ့ပါသည်။ အဓိဋ္ဌာန်မြဲခဲ့ပါသည်။

ကာသိကရာဇ်မင်းကြီးလည်း များစွာပင်စိတ်နှလုံးမချမ်းမသာဖြစ်သည်။ ထို့ကြောင့် သားတော်ဖွားမြင်စဉ်က လက္ခဏာဖတ်သော ပုရောဟိတ်တို့ကို ခေါ်ကာအကြောင်းစုံကို ပြောဆိုမေးမြန်းပြန်ပါသည်။

"အရှင်မင်းကြီး ဤနန်းတော်၌ မင်းသားရှိသဖြင့် အရှင်မင်းမြတ်အား လည်းကောင်း၊ အရှင်မိဖုရားကြီးအား လည်းကောင်း၊ အဖျားအနာ အနှောက်အယှက် အသက်

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကျရောက် နိုင်ပါသည်။ သို့မဟုတ် ပါမကာထီးနန်း စည်းစိမ်ကို ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် အမင်္ဂလာရထား၌ တင်လျက် အနောက်တံခါးမှထုတ်ကာ မြေမြှုပ်သဂြိုလ်သင့်ပါသည်ဘုရား"

ပုရောဟိတ်များက လျှောက်တင်ကြသည်။

အသက်အန္တရာယ် ထီးနန်းစည်းစိမ်ကကို ထိခိုက်မည်ဆိုသဖြင့် မင်းကြီးလည်း များစွာထိတ်လန့်သည်။ ထို့ကြောင့် ပုရောဟိတ်ပုဏ္ဏားတို့၏ လျှောက်တင်ချက်အတိုင်း ဆောင်ရွက်ရန် သဘောတူအမိန့်ပေးလိုက်လေသည်။

ဤသတင်းကို စန္ဒာဒေဝီမိဖုရားကြီးကြားသည်။ ချက်ချင်းပင် မင်းကြီးထံမှောက်ဝင်ရောက် ခစားသည်။ မင်းသားငယ်ဖွားစဉ်က မင်းကြီးပေးသည့်ဆုကို ပေးပါရန် ပြန်လည်တောင်းခံသည်။ မင်းကြီးကလည်း ရှိရင်းစွဲကတိအတိုင်း တောင်းခံရန် ခွင့်ပြုသည်။

သားတော်ကို မင်းမြှောက်ပါရန် မိဖုရားကြီး လျှောက်ထားတောင်းဆိုသည်။

တေမိယမင်းသားသည် မင်္ဂလာမရှိသူဖြစ်၍ မင်းမမြှောက်နိုင်ကြောင်း မင်းကြီးကငြင်းဆိုသည်။

ဤတွင် မိဖုရားကြီးက တစ်သက်လုံးမပေးနိုင်ပါက ခုနစ်နှစ်မျှပေးပါရန် လျှောက်ထားတောင်းဆိုပြန်ပါသည်။

မင်းကြီးကငြင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက် ။ ။ မင်းမြောက်တန်ဆောင်းပါးမှာ-

၁။ ခဂ္ဂ — သန်လျက်

၂။ ဆတ္တ — ထီးဖြူ

၃။ ဥဏှီသ — သင်းကျစ်

၄။ သုဝဏ္ဏပါဒုက — ရွှေခြေနင်း

၅။ ဝါဠဗီဇနီ — သားမြီးယပ် တို့ဖြစ်သည်။

ဤသို့ဖြင့် တဖြည်းဖြည်းချင်း လျှော့၍တောင်းရာ နောက်ဆုံး (၇)ရက်တာမျှ မင်းမြောက်ရန် မင်းကြီးက သဘောတူသည်။

တေမိယမင်းသားကို မင်းမြောက်တန်ဆာငါးပါး ဆင်မြန်းစေသည်။ ရာဇတ်သေကခံစေသည်။

မိဖုရားကြီးက သားတော်ကိုစကားပြောပါရန် အမျိုးမျိုး တောင်းပန်သည်။ သို့သော်မရ။ တေမိယမင်းသားသည် မင်းပြုပြီးနောက်အပြစ်များကျူးလွန်ကာ အပယ်ငရဲကျမည် ကိုထိတ်လန့်သည်။ ထို့ကြောင့် ဆွံ့အနားမင်း အသွင်ပင်နေ လေသည်။

ခြောက်ရက်မြောက်သောနေ့တွင် ကာသိကရာဇ် မင်းကြီးက ရထားထိန်း သုနန္ဒာကိုခေါ်သည်။ နောက်တစ်နေ့ တွင် တေမိမင်းသားကို မင်္ဂလာရထားနှင့် အနောက်တံခါးမှ ထုတ်ကာသုသာန်တစပြင်တွင် မြေမြှုပ်သတ်ရန် အမိန့်ပေး လေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၇)ရက်မြောက်သောနေ့တွင် ရထားထိန်းသုန္ဒာသည် မင်းသားကို အမင်္ဂလာရထားပေါ်သို့တင်သည်။ သို့သော် မင်းသား၏ဘုန်းကံကြောင့် မင်္ဂလာရထားပေါ်သို့သာ တင်မိသည်။

မယ်တော်စန္ဒာဒေဝီကား ဤမြင်ကွင်းကြောင့် သတိမေ့ကာ လဲကျကျန်ရစ်လေသည်။ မယ်တော်အဖြစ်ကို မြင်သော တေမိမင်းသားသည် ဂရုဏာစိတ်ကြောင့် စကားပြောရန် ကြံမိပါသေးသည်။ သို့သော် (၁၇) နှစ်တိုင် ဖြည့်ဆီးခဲ့သော အဓိဋ္ဌာန်ကိုအပျက်မခံပါချေ။

သုသာန်သို့ရောက်သည်။

ရထားထိန်း သုန္ဒာသည် တေမိယမင်းသားကို မြေမြှုပ်ရန် တွင်းတူးနေသည်။

ထိုအခါကျမှ တေမိယမင်းသားသည် -

"ငါကား အထက်ကပညာစွမ်းကိုယ်စွမ်းကို ဖုံးလွှမ်းမြင် တိမ်အချိန်အခါမဟုတ်သဖြင့် ထုတ်ပြခြင်းမပြုရ ယခုကား ပညာနှင့် ကိုယ်အားကို ထင်ရှားစွာထုတ်ပြင်သင့်သော အခါရောက်ပြီ" ဟုယူကာ ရထားမှမြေသို့ဆင်းသည်။ အဝတ်တန်ဆာဝန် ဆင်ရန်တောင့်တသည်။

ဝိသကြုံနတ်သားက သိကြားမင်းကိုယ်စား ဝတ်လဲတော် ဆက်သသည်။ ထိုဝတ်လဲတော်ကို ဝတ်၍ရထားမှူး သုန္ဒာနှင့် စကားပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တေမိဇာတ်တော်

www.burmeseclassic.com

www.burmeseclassic.com



တေမိယမင်းသားက သုနန္ဒာအား အဆွေခင်ပွန်းတို့အား မပြစ်မှားထိုက်ကြောင်းနှင့် မိတ္တပူဇာဒေသနာဆယ်ဂါထာဖြင့် တရားဟောသည်။ သုနန္ဒာလည်း မင်းသား၏အဖြစ်သနစ်ကိုသိ၍ နေပြည်တော်သို့ပြန်ပြီး မင်းပြုပါရန်လျှောက်ထားသည်။

မင်းသားက ရဟန်းပြုလျက် ချမ်းသာစွာနေမည်ဟုပြောသည်။ ခမည်းတော် မယ်တော် ဆွေတော်မျိုးတော်တို့အားကန်တော့လိုကြောင်း မှာကြားကာ သုနန္ဒာကိုနေပြည်တော်သို့စေလွှတ်သည်။

သုနန္ဒာလည်း နေပြည်တော်သို့ရောက်၍ အကြောင်းစုံကိုလျှောက်ထားသည်။ မယ်တော် ခမည်းတော် ဆွေတော်မျိုးတော်တို့လည်း လိုက်၍လာကြသည်။ တေမိယမင်းသားအားမင်းအဖြစ်ကိုယူရန် တောင်းပန်ကြသည်။

တေမိမင်းသားက တောထွက်ခြင်း၏အကျိုးကို ပြ၍တရားဟောကြားသည်။ မယ်တော် ခမည်းတော်မှအစ ဘာရာဏသီ တစ်ပြည်လုံးသည် ဥစ္စာစည်းစိမ် ဟူသမျှတို့ကိုစွန့်လွှတ်၍ တောထွက်ကာ ရဟန်းပြုကြသည်။

၎င်းသတင်းကိုကြားသော ခုနစ်ပြည်ထောင်မင်းတို့လည်း တောထွက်၍ ရဟန်းပြုကြလေသတည်း ။ ။

www.burmeseclassic.com

www.burmeseclassic.com

## ဇနကဇာတ်တော်

လွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ မဟာဇနကအမည်ရှိသော မင်းသည်မင်းပြု၏။ ထိုမင်းတွင် အရိဋ္ဌဇနကနှင့် ပေါလဇနကမင်းသား ဟူသော သားတော်နှစ်ပါး ရှိလေသည်။

နာရိဋ္ဌဇနကမင်းသားအား အိမ်ရှေ့အရာကို ပေးသည်။ ပေါလဇနကမင်းသားအား သေနာပတိအရာကို ပေးလေသည်။

မဟာဇနကမင်းကြီး နတ်ရွာစံသော အရိဋ္ဌဇနကမင်းကြီးသည် မင်းပြု၏။ ပေါလဇနကသည် အိမ်ရှေ့မင်းဖြစ်၍ လာလေသည်။

ဤတွင် ပေါလဇနက အိမ်ရှေ့မင်း၏အတွင်း ကျွန်ယုံဖြစ်သော အမတ်တစ်ယောက်သည် မိမိ၏အလိုဆန္ဒမပြည့်

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် အရှင်သခင်ဖြစ်သူ ပေါလဇနက အံ့ပေါ်တွင် အပြုံးထားသည်။ မင်းကြီးအရိဋ္ဌဇနကထံဝင်ပြီး ကုန်းချောစကား ဆိုလေသည်။

အကြိမ်ကြိမ်ကုန်းချောလေသော် မင်းကြီးလည်း - " ငါ၏ညီသည် ငါ့ကိုမကောင်းကြံလေသည် " ဟူ၍ ထင်မှတ်ယူဆလေသည်။ ထို့ကြောင့် အိမ်ရှေ့မင်းကိုဖမ်းသည်။ အနှောင်အဖွဲ့၌ ချထားလေသည်။

မှတ်ချက် ။ ။ မဟာဇနကဇာတ်တော်ကို မူရင်းပါဠိ တော်၌ ဂါထာပေါင်း (၁၈၆) ဂါထာဖြင့်ဖွဲ့ဆိုထားသည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် မြတ်စွာ ဘုရား သီတင်းသုံးတော်မူစဉ် တစ်နေ့သ၌ တရားသဘင်ဝယ် အစည်းအဝေးဖြစ်ကြလေသည်။ ရဟန်းတို့သည် မြတ်စွာဘုရား ၏ နိက္ခမပါရမီဖြည့်တော်မူပုံကို ချီးမွမ်းကြလေသည်။ မြတ်စွာ ဘုရားက ထိုပါရမီကို အကြောင်းပြု၍ မဟာဇနကဇာတ်တော် ကိုဟောကြားတော်မူပါသည်။

ဤဇာတ်တော်ကြီးကို မင်းဘူးမြို့၊ အရှင်ဦးဩဘာသ သည် လေသာကျောင်း၊ ကျောင်းဒကာ မောင်ဝ၏သား ဒါယကာမောင်ထောက်က တောင်းပန်သဖြင့် ၁၁၄၇ - ခုနှစ်တွင် ပါဠိ တော်မှမြန်မာသို့အနက်ပြန်၍ ပြုစုတော်မူသည်။

ပေါလဇနကအိမ်ရှေ့မင်းသည်လည်း နှောင်တော

www.burmeseclassic.com



အပေါ်၌ ပြစ်မှားမိခြင်းမရှိကြောင်း သစ္စာအဓိဋ္ဌာန်ပြုသည်။ သစ္စာ၏အာနုဘော်ကြောင့် အနှောင်အဖွဲ့မှလွတ်လေသည်။ အနှောင်အဖွဲ့လွတ်လျှင် လုသူစုသည်။ ရှာငယ်များကို သိမ်းသည်။ ယခင်ကနှောင်တော်ကို ရန်မလုပ်လိုသော်လည်း ယခုရန်လုပ်တော့မည်ဟု ဆို၍စစ်ထိုးလေသည်။

ဤတွင် နှောင်တော်အရိဋ္ဌနက အရေးနိမ့်၍ နုတ်ရှောစ်လေသည်။ အရိဋ္ဌဇနကမင်း၏ မိဖုရားကြီးသည် ထိုအချိန်တွင် ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်သည်။ ပြည်တန်ကျောက်မျက်ရတနာများ သိုဝှက်ယူဆောင်ကာ ဆင်းရဲသူအသွင်ဖြင့် ထွက်ပြေးလေသည်။

ယူဇနာခြောက်ဆယ်ကွာသော စမ္ပာနဂိုပြည်သို့ ရောက်လေသည်။ မိဖုရားကြီးတွင် တည်သောကိုယ်ဝန်မှာ ဘုရားအလောင်း မဟာဇနကဖြစ်သည်။ ထို့ကြောင့် သိကြားမင်း၏ တန်ခိုးဖြင့် စမ္ပာနဂိုရ်ပြည်သား ဒိသာပါမောက္ခဆရာကြီး ဥဒိစ္စပုဏ္ဏားကြီးနှင့် ဆုံတွေ့သည်။ ဥဒိစ္စပုဏ္ဏားကြီးက နှမရင်းသဖွယ်စောင့်ရှောက်ပြုစုသည်။

ဘုန်းသမ္ဘာရှင်ဖြစ်သော အလောင်းတော်မဟာဇနကမင်းသားကို ဖွားမြင်လေသည်။

'ဆော့ကစားနိုင်သော အရွယ်ရောက်သည်တွင်ကလေးသူငယ်ချင်း ဆော့ကစားရာ၌ အဖမဲ့သောမဟာဇနကကို အခြားသူငယ် တို့မလိုတမာပြောကြသည်။ နှိမ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ထက်စီးနင်းပြု မူချင်ကြသည်။

ဇနကမင်းသား အရွယ်ရောက်လာသည်တွင် မိမိ၏ မျိုးရိုးဇာတိကို မရမကမေးလေတော့သည်။ မေးဖန်များသည်တွင် မိခင်ဖြစ်သူလည်း အကြောင်းစုံ ပြောပြရတော့သည်။

" သားတော်ရဲ့ဖခမည်းတော်ဟာ မိတ္ထိလာပြည့်ရှင် အရိဋ္ဌဇနကမင်းဖြစ်တယ်သားတော်။ ယခု မိတ္ထိလာပြည်မှာ စိုးစံနေတာက သားတော်ရဲ့ဦးရီးတော် ပေါလဇနကဖြစ်တယ် "

မယ်တော်ကဖြစ်ကြောင်းကုန်စင် ပြောပြသည်တွင် -

" တစ်နေ့ နေ့မှာ ခမည်းတော်ရဲ့အရိုက်အရာကို ပြန်လည်ရယူသိမ်းပိုက်ရမယ်"

ဇနကမင်းသားသည် ဤသို့လျှင်ကြံစည်ဆုံးဖြတ်ထားသည်။

ဤသို့သိမ်းပိုက်နိုင်ရန် အလို့ငှာ ပင်လယ်ခရီးဖြင့် သင်္ဘောလွှင့်၍ ကုန်သန်းရောင်းဝယ်နိုင်စေရန် မယ်တော်အား ခွင့်ပန်သည်။ မယ်တော်က ခွင့်မပြုချင်။ အကြိမ်ကြိမ် ခွင့်ပန်ကာ ပင်လယ်ခရီးထွက်ခဲ့လေသည်။

သို့နှင့်သင်္ဘောသား ခုနစ်ရာနှင့် ပင်လယ်ခရီး ထွက်ခဲ့ပါသည်။ (၇) ရက်မျှကြာသည်တွင် ယူဇနာပေါင်း (၇၀၀) ခန့်ရောက်ခဲ့သည်။ ပင်လယ်တွင် လေပြင်းမုန်တိုင်းမိသည်။ သင်္ဘောပျဉ်ချပ်တို့ ကွဲအက်ကာ ရေဝင်ပြီး သင်္ဘောနစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြားသောသဘော်သား ခုနစ်ရာတို့သည် ယောက်ျား တို့၏ လုံ့လကိုတစ်စုံတစ်ရာ မပြဘဲကြွေးမြည်တမ်းလျက်ပင် ငါး၊ လိပ်၊ ငါးမန်း တို့၏ အစာဖြစ်ကုန်လေသည်။

ဘုရားလောင်းမဟာဇနကကား ယောကျ်ားတို့၏ လုံ့လဝီရိယကို မလျော့ ခုနစ်ရက်ပတ်လုံး ပင်လယ်၌ လက်ပစ်ကူးလေသည်။ ဥပုသ်သီတင်းလည်း ဆောက်တည် ပါသည်။

ထိုအခါ မဏိမေခလာနတ်သမီး သည် မနီးမဝေးသော ကောင်းကင်၌ ကိုယ်ထင်ပြကာရပ်သည်။ ကောင်းမြတ်သော လုံ့လဖြင့်ပင်ကူးသလော၊ မူးရူးသောစိတ်ဖြင့် ကူးသလော ဟူ၍လည်း စုံစမ်းသိရှိလိုသည်။

" အို. . . လုလင်ပျို၊ တစ်ဖက်ကမ်းသို့ မရောက်နိုင် သော ဤသမုဒ္ဒရာ၌ ပင်ပန်းစွာကူးသဖြင့် အဘယ်အကျိုးရှိ အံ့နည်း။ ဆန္ဒပြည့်မည်ထင်မှတ်သောကြောင့် ကြိုးစားအား ထုတ်ခြင်းပေလော။

" အသင်နတ်သမီး ကောင်းစွာအားထုတ်အပ်သော ယောကျ်ားတို့၏ လုံ့လသည်အကျိုးမဲ့ ဖြစ်ဖူးသည်မရှိပါ။ ဤသမုဒ္ဒရာကမ်းကို မမြင်ကာမျှနှင့် အဘယ်ကြောင့် ယောကျ်ား တို့၏လုံ့လကို လျှော့ထိုက်ပါသနည်း။ ကမ်းကိုမြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ အကျိုးကိုမြင်သောကြောင့်သာ ငါလုံ့လပြု ခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက် ။ ။ မဏိမေခလာ - လောကကို စောင့်ရှောက်သောနတ်မင်းကြီးလေးပါးဖြစ်သည့် ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ ဟူသော နတ်မင်းကြီးတို့က မဟာသမုဒ္ဒရာတွင် ယောက်ျားမြတ်တို့ မသေစေရန် ကယ်တင်ရန် သမုဒ္ဒရာ၌ အစောင့်ထားခြင်း ခံရသောနတ်သမီး၏ မဏိ - ပတ္တမြား၊ မေခလာ - လျှို့ဝှက်အဝ်သော ကုန္ဒြေ၏ပန်းနှင့် တူသော တန်ဆာရှစ်သွယ်ရှိသော ခါးကြိုးတန်ဆာ။

ထို့ကြောင့် မဏိမေခလာ - ဟူသည် ပတ္တမြား ခါးကြိုးတန်ဆာ ဝတ်ဆင်သောနတ်သမီး။

" အသင်လုလင်ပြောသော လုံ့လဝီရိယအကျိုးတရား အခြားသောအရာတို့၌ မှန်ပါလိမ့်မည်။ ဤနေရာကား အရာမဟုတ်သောကြောင့် အချည်းအနှီးသာဖြစ်အံ့ "

" အသင်နတ်သမီး အသင်၏ပြောစကားများသည် မှန်ကောင်းမှန်လိမ့်မည်။ သို့သော် ငါကား ယောက်ျားမှန်လျှက်နှင့် အသက်မရှိသော ကျွန်းထင်းကဲ့သို့ လုံ့လမပြုဘဲနေသည် ဟုအများ စာကာအပြစ်မတင်စေချင်။ ထို့ကြောင့် လုံ့လပြုခြင်း ဖြစ်ပေသည် "

" အသင်လုလင်ပျို လုံ့လပြုခြင်းကာ ကောင်း၏။ သို့သော် လုံ့လပြုမှားလျှင် သိရာကိစ္စ မပြီးနိုင်။ အရှုံးတကဲ့ ဖြစ်လိမ့်မည် "

" လုံ့လ၏အကျိုး ထင်ရှားစေအံ့ အသင်နတ်သမီး။

www.burmeseclassic.com

www.burmeseclassic.com



ဤသမုဒ္ဒရာ ငါနှင့်အတူသင်္ဘောပျက်ရာတွင် ပါသောခုနစ်ရာသော သင်္ဘောသားတို့သည် ယောကျ်ားတို့၏လုံ့လမရှိသောကြောင့် ငါး၊ လိပ်၊ မေန်း တို့၏အစာဖြစ်ကုန်ကြပြီ။ ငါမူကား ယောကျ်ားတို့၏ လုံ့လကိုမလျှော့ခြင်းကြောင့် ငါး၊ လိပ်၊ မေန်း တို့၏ ဘေးမှလွတ်ခဲ့ပြီ။ လူသာမန်တို့မြင်ရခဲသော သင်နတ်သမီးကိုလည်း ငါမြင်ရပေသည်။ သင်သနားရ၍ ငါ့ကို ကယ်ဆောင်ပါလျှင် ငါ၌အကျိုးရှိလတ္တံ့။ သင်မကယ်၍ ငါဆုံးရလျှင်လည်း လုံ့လပြုငါ၌ရှိပေပြီ "

မဟာဇနက၏ ချေပစကားများကိုကြားရလျှင် နတ်သမီးသည် များစွာနှစ်သက်ပေသည်။ ထို့ကြောင့် ဘုရားလောင်း ဇနကအလိုရှိရာ မိတ္ထီလာပြည်သို့ ပို့ဆောင်သည်။ ကျောက်ဖျာထက်၌ သိပ်ထားလေသည်။

ထိုအခါတွင် မိတ္ထီလာပြည်၌ ဘထွေးတော်ပေါလဇနကမင်း နတ်ရွာစံ၍ ခုနစ်ရက်ရှိနှင့်ပြီး ဖြစ်လေသည်။

ပေါလဇနကမင်း၌ သီဝလိဒေဝီမည်သောသမီးတော်သာလျှင် ကျန်ရစ်လေသည်။ ပေါလဇနကမင်းသည် ထီးနန်းဆက်ခံစိုးစံသည့်ကိစ္စအတွက် နတ်ရွာမစံမီကပင် မှာကြားခဲ့လေသည်။

" ထီးနန်းဆက်ခံမည့်သူသည် ဝိုလ်ခြေတစ်ထောင်တင်နိုင်ချနိုင်သောလေးကို တစ်ယောက်တည်းဖြင့် တင်နိုင်ချနိုင်သောကာယဗလ ရှိသူဖြစ်ရမည် "

www.burmeseclassic.com

www.burmeseclassic.com



" တစ်ဆယ့်ခြောက်လုံးသော ရွှေအိုးကြီးကို ဖော်ထုတ်နိုင်သော ဉာဏဗလရှိသူလည်းဖြစ်ရမည်။ သို့မဟုတ် ငါးစံမယ်ရာ ဖြစ်သောပလ္လင်တော်၏ ခေါင်းရင်းကိုယ်စွမ်းနိုင်သူဖြစ်ရမည်"

" သမီးတော်နှစ်သက်သူလည်း ဖြစ်ရမည် "

" ဤအင်္ဂါတို့နှင့် ပြည့်စုံလျှင် မည်သည့်အမျိုးမဆို ထီးနန်းအပ်နှင်းလေတော့ "

ထိုမှာကြားချက်အတိုင်း သီဝလိမင်းသမီးနှင့် ထိုက်တန်ရာကို ရှာကြံ၍မရနိုင်အောင် ရှိလေသည်။ ဤတွင် မှူးမတ်တို့သည် မင်းလောင်းရှိရာသို့ အဓိဋ္ဌာန်ဖြင့် ဖုတ်သွင်းရထားလွှတ်လေသည်။

ဖုတ်သွင်းရထားသည် ဘုရားလောင်းဇနကမင်းသား စက်တော်ခေါ်ရာ မင်္ဂလာကျောက်ဖျာ၌ ရပ်လေ၏။ ထို့ကြောင့် မှူးကြီးမတ်ရာ သေနာပတ်တို့သည် ပုရောဟိတ်ပုဏ္ဏား၏ အကဲ့ပေးချက် အတုန်းရှင်သမ္မာရှင် ဖြစ် မဖြစ်ကို လည်းကောင်း၊ ပေါလဇနကမင်း မှာခဲ့သည့်အတိုင်း ကာယဗလ၊ ဉာဏဗလ ရှိ မရှိကိုလည်းကောင်း စမ်းသပ်သည်။ အားလုံး ပြည့်စုံကြောင်း သိရှိသည်တွင်မှ ဇနကမင်းသားအား မိထ္ထိလာ ပြည်၏ ထီးနန်းကို သီဝလိဒေဝီမင်းသမီးနှင့် တကွအပ် လေသည်။

မဟာဇနကမင်းနှင့် သီဝလိဒေဝီမိဖုရားတို့သည်း မင်း၏စည်းစိမ်ဖြင့် တင့်တယ်စွာစံနေတော်မူကြလေသည်။

တစ်နေ့ -

www.burmeseclassic.com

www.burmeseclassic.com



မင်းနှင့် မိဖုရားတို့ ဥယျာဉ်တော်သို့ ထွက်တော်မူကြသည်။ ထိုစဉ် မဟာဇနကမင်းကြီးသည် သရက်ပင်နှစ်ပင်ကို သတိထားမိသည်။

တစ်ပင်ကား အသီး မသီး။ ထို့ကြောင့် စိမ်းစိမ်းလတ်လတ် ညိုဖတ်သော ခက်ရွက်တို့ဖြင့် မူလအတိုင်း ရှိလေသည်။

တစ်ပင်သော်ကား အသီး သီး၏။ ထို့ကြောင့် ခူးဆွတ်ချိုးယူဖျက်ဆီးခြင်းခံရ၏။ မူလအတိုင်း မတည်ရှိချေ။

ဤတိုင်းပြည် စည်းစိမ်ဆိုသည်မှာလည်း ရန်သူနှင့်ဆက်ဆံရသည်။ အသီးမသီးသော သရက်ပင်နှင့်တူသည်။

ဤသို့သော တွေးတောမြော်မြင်စိတ်ဖြင့် ရဟန်းအဖြစ်သို့ညွတ်သော စိတ်အားကြီးတော်မူလေသည်။ ဘုရားလောင်းသည် " နေကွမဝိတတ် " ဖြင့် လေးလကျော်နေပြီးနောက်ရဟန်းပြုကာ တောထွက်လေသည်။

မှတ်ချက် ။ ။ ဖုဿနက္ခတ်နှင့် ယှဉ်၍စီရင်အပ်သောရထား။ ဖုတ်သွင်းရထားဟု ဇာတ်နိသျဆရာအခ်နှင့် အရပ်သားများ ခေါ်ဝေါ်ပြန်ဆိုကြကုန်၏။ ပုရောဟိတ် - ပုရောဟိတ (ပါ) - ပြည်၏အကျိုးစီးပွား ကိုဆောင်ဝတ်သောသူ။

သီဝလီဒေဝီနှင့် တကွမိဖုရား ခုနစ်ရာတို့သည် မဟာဇနကမင်း၏ နောက်သို့လိုက်ပါလျက် တောမထွက်ရန် ပရိယာယ်အမျိုးမျိုးဖြင့် တားမြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နာရဒရှင်ရသေ့နှင့် မိဂါဇိန်ရှင်ရသေ့တို့က ငါးပါးအာရုံကာမဂုဏ် တို့ကိုဖြတ်၍တစ်ယောက်တည်းချင်း ကမ္မဋ္ဌာန်းကို ရှေးရှုရသော ရဟန်းတို့ကိုညွှန်ပြနည်းပေး ဆုံးမလေသည်။ သို့သော် သီဝလီဒေဝီနှင့်တကွ မိဖုရား မောင်းမမ်းသံ တို့သည် အလောင်းတော်ဇနကမင်း၏ နောက်သို့လိုက်ပါမြဲ လိုက်ပါလျက်ရှိကြလေသည်။

ဤတွင် အလောင်းတော်သည် - လက်ကောက်နှစ်ဆင့် ဝတ်ရာ၌ အသံဖြစ်၍ လက်ကောက်တစ်ဆင့်တည်း ဝတ်ရာ၌ အသံမဖြစ်ပုံ ဥပမာပြ၍လည်းကောင်း၊ မျက်စိတစ်ဖက်ကို မှိတ်လျက် တစ်ဖက်ဖွင့်ကြည့်၍သာမြားကို ဖြောင့်၍ရသော ဥပမာကိုပြ၍လည်းကောင်း၊ ဖြတ်ပြီးသောမြက်ပင်မှ မြက်ညွှန့်ကိုပြန်၍ဆက်ကာ မရဝကောင်းသော ဥပမာပြ၍လည်းကောင်း သီဝလီဒေဝီအား တရားပြဆုံးမလေသည်။

ဤသည်တွင်မှ မိဖုရားနှင့်တကွသော မောင်းမ၊ မိဿံ မျှုးမတ်တို့သည် ဆက်၍မလိုက်ဘဲ ပြည်တော်သို့ပြန်ကြ လေသည်။

ထို့နောက် သီဝလီဒေဝီမိဖုရားသည်လည်း သားတော် ဒီဃာဝုမင်းသားအား ထီးနန်းအပ်၍ မိမိကိုယ်တိုင်ရဟန်းဝတ် လေသည်။

ဤမဟာဇနကဇာတ်တော်ကို မြတ်စွာဘုရား ဟောကြားရာတွင် နိက္ခမပါရမီကို အဓိကထား၍ ဟောကြားခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဇနကဇာတ်တော်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော်လည်း၊ ဝီရိယပါရမီ ဖြည့်တင်းပုံကိုလည်း ပြဆိုထား ပါသည်။

ထို့ကြောင့်ပင် - ရွှဲ လုံ့လ၊ ဝီရိယ၊ ကြိုးစားအားထုတ်မှု အကြောင်းပြောလေ ရေးလေ လေတိုင်း မဟာဇနကာ၏ ရွှဲလုံ့လ ကို ပမာဆောင်ကာပြောကြ၊ ရေးကြခြင်းဖြစ်ပါသတည်း။ ။

မှတ်ချက် ။ ။ နေကွမ္ဗဝိတက် - တောထွက်ရန် အကြံအစည်။

www.burmeseclassic.com

www.burmeseclassic.com

## သုဝဏ္ဏသာမဇာတ်တော်

တာရာဏသီပြည်အနီး မိဂသမ္မဒါမြစ်ကမ်း၏ တစ်ဘက်တစ်ချက်တွင် တံငါရွာကြီး နှစ်ရွာရှိသည်။ ထိုနှစ်ရွာတွင် တံငါအကြီးအကဲ တစ်ဦးစီရှိသည်။ ထိုတံငါအကြီးအကဲ တို့သည် တစ်ဦးနှင့်တစ်ဦး ခင်မင်သည်။ မိမိတို့၏ သားသမီးများ အရွယ်ရောက်လျှင် အချင်းချင်း လက်ဆက်ထိမ်းမြား ပေးရန် ကတိကဝတ်ပြုထားကြလေသည်။

တံငါအကြီးအကဲ တစ်ယောက်တွင် ဒုကူလသတိုးသားကို ဖွားမြင်ပြီး အခြားတစ်ယောက်တွင် ပါရိသတိုးသမီးကို ဖွားမြင်ပါသည်။ ဒုကူလနှင့် ပါရိကတို့သည် ဗြဟ္မာပြည်မှလာသူများဖြစ်ကြ၍ ကာမဂုဏ်ကို အလိုမရှိကြချေ။ အရွယ်ရောက်လာကြ၍ နှစ်ဘက်မိဘသဘောတူ လက်ထပ်ပေးကြသော်လည်း

www.burmeseclassic.com



ကာမဂုဏ်၌ ပျော်မွေ့လိုက်စားခြင်း မရှိကြချေ။

မိဘများကွယ်လွန်ပြီးနောက် နှစ်ဦးတိုင်ပင်ကာ တောထွက်ကြသည်။ ရသေ့ရဟန်း ပြုကြပါသည်။ ဒုကုလနှင့် ပါရိကတို့ တောထွက်လာသည်ကို သိကြားမင်းက သိမြင်သည်။ ထို့ကြောင့် ဝိသကြုံနတ်သားကို စေလွှတ်ကာ ကျောင်းသခ်မ်း ဖန်ဆင်းထားစေသည်။ တရားရှာရန် တောထွက်လာသူများ သည် ကျောင်းသခ်မ်းကိုလည်းကောင်း၊ ကျောင်းသခ်မ်းတွင်ရှိ သက်နှ်း ပရိက္ခရာတို့ကိုလည်းကောင်း သုံးဆောင်နိုင်ပါကြောင်း ရေးသားထားလေသည်။

မှတ်ချက်။ ။ သရာတော် ဦးဩဘာသက ဇာတ်တော် ရှစ်စောင်ပြုစုပြီးနောက် ပျံလွန်တော်မူသည်။

ဤဇာတ်တော် (၂)စောင် အနက် သုဝဏ္ဏသာမ ဇာတ်တော်ကို စာရေးတော်ကြီး မောင်သာ - ၏ တောင်းပန် လျှောက်ထားချက်အရ အသျှင်ပညာတိက္ခဆရာတော်သည် ၁၁၈၈- ခု၊ နယုန်လတွင် ရေးသားပြီးစီးတော်မူသည်။ မိဘကျေးဇူး နှင့်ပတ်သက်၍ ပြောတိုင်းရေးတိုင်း သာဓက ဆောင်ပြလေ့ရှိတတ်သော ဇာတ်တော်ဖြစ်ပါသည်။

ဒုကုလနှင့် ပါရိကတို့လည်း ရသေ့ဝတ်ကာ တရားဓမ္မ ကျင့်ကြံအားထုတ် နေထိုင်ကြလေသည်။

ဤ ဒုကုလနှင့် ပါရိကသူမြတ် နှစ်ယောက်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် မျက်စိကွယ်ကာ ဘေးသင့်မည့် အကြောင်းကို သိရှိလေသည်။ ထို့ကြောင့် သိကြားမင်းကိုယ်တိုင် ကျောင်းသခ်မ်းသို့လာပြီး သားထောက်သမီးခံရရေးအတွက် ကိုယ်လက်နှီး မေ့ယပါရန် လျှောက်ထားတိုက်တွန်းသည်။ ဒုကုလနှင့် ပါရိကတို့က အပြင်းအထန်ငြင်းဆိုပါသည်။

သို့နှင့် သိကြားမင်းက ပါရိကဥတုလာသောအချိန်တွင် ဒုကုလက ပါရိက၏ချက်တော်ကို လက်တော်နှင့် သုံးသပ်စေသည်။ ဤတွင် ပါရိကတွင် ကိုယ်ဝန်တည်သည်။ အချိန်တန်သောအခါ သားယောကျ်ားကလေး တစ်ယောက်ကို ဖွားမြင်လေသည်။

ရွှေအဆင်းကဲ့သို့ ဝင်းဝါသောသားဖြစ်၍ " သုဝဏ္ဏသာမ "ဟုခေါ်တွင်သည်။

ဒုကုလနှင့် ပါရိကတို့က သုဝဏ္ဏသာမကို ကျောင်းတွင်ထားကာ တောတွင်းသို့သွား၍ သစ်သီးသစ်ဥ ရှာဖွေသည်။ ကိန္နရီ ကိန္နရာတို့က သုဝဏ္ဏသာမသတို့သားကို ပြုစုစောင့်ရှောက်ကြသည်။ ရေချိုးပေးသည်။ နံ့သာလိမ်းပေးသည်။ ပန်းဖြင့်လုပ်သော ဒန်းတွင်အိပ်စက်စေသည်။ နို့ချိုတိုက် သည်။ နတ်အများကလည်း ဝိုင်းဝန်းစောင့်ရှောက် ပေးကြလေသည်။

ဤသို့ဖြင့် သုဝဏ္ဏသာမသည် တောထွက်ကြီးပြင်း၍ လာသည်။ တောတွင်း တိရစ္ဆာန်များနှင့် ခင်မင်ဆော့ကစားကာ အရွယ်ရောက်စပြုလာသည်။ ညနေစောင်းများတွင်

www.burmeseclassic.com

www.burmeseclassic.com



သမင်အပေါင်းခြံရံကာ မိဂါသသမ္ဘဒါမြစ်သို့ ရေခပ်ဆင်းလေ့ရှိသည်။

တစ်နေ့

ဒုကုလနှင့် ပါရိက တို့သည် ခါတိုင်းကဲ့သို့ဝင်တောတွင်း လှည့်လည်ကာ သစ်သီး သစ်ဥများ ရှာဖွေကြသည်။

ထိုစဉ် မိုးကြီးသည်းထန်စွာ ရွာသွန်းသည်။ ထို့ကြောင့် သစ်ပင် တစ်ပင်အောက်သို့ ဝင်ကာမိုးခိုသည်။ ထိုအပင် ခြေရင်းတွင် တောင်ပို့တစ်ခုရှိသည်။ ထိုတောင်ပို့ပေါ်တွင် ဒုကုလနှင့် ပါရိက တို့သည် ထိုင်ကာ မိုးခိုအနားယူကြသည်။ ထိုတောင်ပို့တွင် အဆိပ်ပြင်းထန်သော မြွေဟောက်တစ်ကောင်နေသည်။

တောင်ပို့ထက်တွင် ထိုင်နေသော ဒုကုလ၊ ပါရိကတို့၏ ကိုယ်မှစီးကျလာသော ...နံ့ကို မြွေဟောက်သည် မခံနိုင်ဖြစ်သည်။ အနံ့ဆိုးကြောင့် မြွေဟောက်သည် ဒေါသထွက်ကာ အဆိပ်ခိုးများ မှုတ်ထုတ်လေသည်။ ထိုအဆိပ်ငွေ့ကြောင့် ရသေ့နှစ်ပါးစလုံး မျက်မမြင်ဘဝသို့ ရောက်သွားကြလေသည်။

ညနေစောင်း အထိ မိဘနှစ်ပါးတို့ ပြန်မရောက်ရှိလာခြင်း မရှိသဖြင့် သုဝဏ္ဏသာမ လိုက်လံရှာဖွေလေသည်။ ဤတွင် မြွေဆိပ်သင့်ပြီး မျက်စိကွယ်နေသော မိဘနှစ်ပါးကို တွေ့သည်။ ကျောင်းသို့ လက်တွဲခေါ် ယူလာခဲ့လေသည်။

သုဝဏ္ဏသာမသည် မိဘနှစ်ပါး မျက်စိကွယ်သည်ကို တွေ့ရသျှင် ငိုလည်း ငိုသည်။ ရယ်လည်း ရယ်သည်။ မိဘတို့က

www.burmeseclassic.com

www.burmeseclassic.com



သုဝဏ္ဏသာမ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းရင်း ကို မေးသည်။ ထိုအခါ - သုဝဏ္ဏသာမက မိဘနှစ်ပါး မျက်စိကွယ်သဖြင့် ဝမ်းနည်းသောကြောင့် ငိုရပါကြောင်း၊ သို့သော် - ယခုအခါတွင် မိဘနှစ်ပါးအား လုပ်ကျွေးခွင့်ရသဖြင့် ဝမ်းမြောက်သောကြောင့် ရယ်ကြောင်းပြန်လည်ဖြေကြားသည်။

သုဝဏ္ဏသာမသည် မိဘနှစ်ပါးအတွက် ကျောင်းသင်္ခမ်းတွင် နေ့သန့်စင်ရာ၊ ညသန့်စင်ရာ၊ သင်္ခမ်း ကျောင်းငယ်များစင်္ကြံ၊ ကုဋီအစ ရှိသောနေရာများသို့ သွားလာနိုင်ရန် ကြိုးတန်းသွယ်ပေးသည်။

သုဝဏ္ဏသာမသည် နံနက်စောအိပ်ရာမှထသည်။ မယ်တော် ခမည်းတော်တို့၏ နေရာဝန်းကျင်ကို တံမြက်စည်းလှည်းသည်။ မိဘနှစ်ပါးအား ရှိခိုးသည်။ ထို့နောက် မိဂသမ္မဒါမြစ်သို့ သွားကာရေခပ်သည်။ ပြန်လာသောအခါ သောက်ရေသုံးရေ ဆက်ကပ်သည်။ သွားတိုက်ရန် တံပူကိုပေးသည်။ ထို့နောက် ယမန်နေ့က ရှာဖွေလာသော သစ်သီးကြီးငယ်ကောင်းမြတ်ရာကို ကျွေးသည်။

မယ်တော် ခမည်းတော်တို့စားပြီး အကျန်ကိုသာလျှင် သုဝဏ္ဏသာမ စားသည်။ စားပြီးနောက် တောသို့ဝင်ကာ သစ်သီးသစ်ဥရှာဖွေသည်။ တောတွင်း ကိန္နရာတို့က သုဝဏ္ဏသာမကကို ကူညီစောင့်ရှောက်သည်။

ညနေ - နေဝင်ချိန်တွင် တောမှပြန်လာသည်။ ရေငှဲ့

www.burmeseclassic.com

www.burmeseclassic.com



သုဝဏ္ဏသာမ

www.burmeseclassic.com

www.burmeseclassic.com



ရရှိသမျှ သစ်သီးကြီးငယ် အသွယ်သွယ်ကိုထားကာ သမင် အပေါင်းခြံရံလျက် ရေခပ်ဆင်းပြန်သည်။

တရားဏာသီပြည်ရှင် ပိဠိယက္ခမင်းသည် တောလိုက် ခြင်း၌ ပါသနာထုံသည်။ ယခုလည်း သမင်လိုက်ရန် ထွက်လာသည်။

သမင်အပေါင်းခြံရံလျက် ထွက်လာသော သုဝဏ္ဏ သာမကို တွေ့သောအခါ လူလော၊ နတ်လော မခွဲခြားနိုင် အောင်ရှိသည်။ ထို့ကြောင့် မြားပြင့်ပစ်သည်။

သုဝဏ္ဏသာမသည် မိခင်ဖခင်ရှိရာ ဦးခေါင်းထား၍ သဲသောင်ခုံပေါ်တွင် လဲကျလေသည်။ ဤတွင်မှ ပိဠိယက္ခမင်း လည်း လူသားစစ်စစ်မှန်းသိသည်။ သုဝဏ္ဏသာမ မိန်းမောခြင်း သို့မရောက်မီ ပိဠိယက္ခမင်းနှင့် သုဝဏ္ဏသာမတို့ အပြန်အလှန် စကားဆိုဖြစ်ကြသည်။ ဒေါသမရှိသော၊ ရန်လိုခြင်းမရှိသော၊ သိမ်မွေ့နူးညံ့သော သုဝဏ္ဏသာမ၏ ဖြစ်အင်ကို ကြားဆိုရသော အခါ ယခင်က စိတ်ဓာတ်ကြမ်းတမ်း မာန်တက်သော ပိဠိယက္ခ မင်းကြီး၏ စိတ်ဓာတ်သည်ပင်လျှင် များစွာပြောင်းပြောင်း၍ သွားလေသည်။ ထို့ကြောင့် သုဝဏ္ဏသာမ၏ မိဘနှစ်ပါးအား လုပ်ကျွေးမည်ဖြစ်ကြောင်း ကတိပြုလေသည်။

ဒုကုလနှင့် ပါရိကတို့၏ ကျောင်းသင်္ခမ်းသို့ ပိဠိယက္ခ မင်းကြီးရောက်သည်။ သား သုဝဏ္ဏသာမ မဟုတ်ကြောင်း ရသေ့နှစ်ပါးတို့ ချက်ချင်းပင်သိသည်။ အပြန်အလှန် စကားဆို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြသည်။ ပိင်္ဂိယက္ခမင်းကြီးက သုဝဏ္ဏသာမ၏ ကိုယ်စား လုပ်ကျွေးပြုစုမည်ဖြစ်ကြောင်း ပြောသည်။ ဒုကုလနှင့် ပါရိက တို့က လက်မခံချေ။ သုဝဏ္ဏသာမရှိရာသို့ ပို့ပေးပါရန် တောင်းပန်သည်။

ပိင်္ဂိယက္ခမင်းလည်း လိုက်၍ပို့သည်။ သဲသောင်ခုံပေါ် တွင် လဲလျောင်းနေသော သားသုဝဏ္ဏသာမကို စမ်းသပ်မိ ကြသည်။ အသက်မသေသေးကြောင်း သိသည်။ သို့နှင့်ဒုကုလ၊ ပါရိကာနှင့် ဘဝဟောင်းက မိခင်တော်စပ်ခဲ့ဖူးသော ဗဟုသုန္ဒရီ နတ်သမီးတို့ သစ္စာအဓိဋ္ဌာန်ပြုကြသည်။ သစ္စာ၏တန်ခိုး အာနုဘော်ကြောင့် မြားဆိပ်တို့ လျော့ကျသည်။ သုဝဏ္ဏသာမ လည်း အသက်ဘေးမှ လွတ်မြောက်လေသည်။

သိကြားမင်းကပါ ဆုပေးသည်။ ဒုကုလနှင့် ပါရိကာတို့ပါ မျက်စိနှစ်ကွင်း အလင်းရကြသည်။

သုဝဏ္ဏသာမသည် ပိင်္ဂိယက္ခမင်းကြီးအား သီလစောင့် ရန်၊ အလှူဒါနပြုရန်၊ မင်းကျင့်တရားနှင့် အညီတိုင်းပြည် အုပ်ချုပ်မင်းလုပ်ရန် ဟောကြားလေသည်။ ဗဟုသုန္ဒရီနတ်သမီး နှင့် အခြားနတ်အပေါင်း တို့အားလည်းတရားရေအေး တိုက်ကျွေးလေသည်။

မိဘကျေးဇူး သိတတ်သူတို့အား ဘေးဒုက္ခအန္တရာယ် အပေါင်းမှ လွတ်မြောက်မြဲဖြစ်ပါသည်။ မျက်မှောက်ဘဝ၌ လည်းကောင်း၊ သံသရာ၌လည်းကောင်း၊ ကောင်းကျိုးချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ကိုခံစားရစမြဲ ဖြစ်ပါသတည်း ။ ။

မှတ်ချက် ။ ။ သားရွှေအိုး ထမ်းတာမြင်လို့သည် - ဟု အရပ် စကားဆိုကြသည်။ ဆူတစ်ခုတည်းတောင်းရှိနှင့် မိဘနှစ်ပါး လည်း မျက်စိမြင်၊ သားလည်းအသက်ဘေးမှ ချမ်းသာရာရပြီး ရွှေအိုးထမ်းလာသဖြင့် ကြွဝချမ်းသာခြင်း သို့ရောက်သည်။ တစ်ချက်ခုတ် သုံးချက်ပြတ်သဘော ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ခနှိမ်ဇာတ်တော်

ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထ္ထိလာပြည်၌ မဃဒေဝအမည်ရှိသော မင်းစိုးစံသည်။ မင်းကြီးသည် တရားတော်၌ မွေ့လျော်သည်။ တစ်ခါသော် ဆံပင် မုတ်ဆိတ်ပြင်ဆင်ပေးသော ဆတ္တာသည်အား မိမိဦးခေါင်း၌ ဆံပင်ဖြူကို မြင်လျှင် မိမိအား လျှောက်ကြားရန် မှာကြားထားလေသည်။

တစ်နေ့သော် ဆတ္တာသည်က မင်းကြီး၏ဦးခေါင်း၌ ဆံပင်ဖြူတစ်ပင်တွေ့၍ လျှောက်ထားလေသည်။ မင်းကြီးလည်း သားတော်ကြီး အိမ်ရှေ့မင်းသားအား ထီးနန်းလွှဲအပ်သည်။ မိမိကဲ့သို့ပင် ဆံပင်ဖြူကိုတွေ့ရသော အရွယ်တွင် တောထွက်ရန် မှာကြားသည်။ ထို့နောက် တောထွက်သွားလေသည်။

ထို့သို့လျှင် မြေး၊ မြစ်အဆက်ဆက်တို့သည် ထီးနန်း

www.burmeseclassic.com

www.burmeseclassic.com



စိုးစံ၍ ဆံပင်ဖြူသောအချိန်တွင် တောထွက်ကြလေသည်။

ထိုမာဃဒေဝမင်းမှ (၈၃၁၉၉၉) ယောက်မြောက်မင်းသည် မိတ္ထီလာပြည်၌ စိုးစံသည်။ ထိုမင်း၌ နေမိကုမာရအမည်ရှိသော သားတော်တစ်ပါးရှိသည်။ နေမိကုမာရသည်ဒါန၊ သီလ၌အကျင့်ထုံသည်။ ခမည်းတော် တောထွက်သောအခါ ထီးနန်းဆက်ခံလေသည်။

**မှတ်ချက်** ။ ။ မြတ်စွာဘုရားသည် ကောသလတိုင်း၊ သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူသောအခါ၊ ဝိဒေဟရာဇ်တိုင်း၊ မိတ္ထီလာပြည်သို့ ဒေသစာရီ ကြွချီတော်မူခိုက် ဂါထာ (၁၂၀) ဖြင့် တန်ဆာဆင်အပ်သော ဤနေမိဇာတ်တော်ကို ဟောကြားတော်မူသည်။ မြတ်စွာဘုရားသည် နိက္ခမပါရမီကိုအထူးပြု၍ ဟောတော်မူခြင်းဖြစ်ပါသည်။

ဆရာတော် ဦးသြဘာသက ၁၁၄၈ - ခု၊ ဝါဆိုလဆန်း (၅)ရက်နေ့ တွင် မြန်မာစကားပြေဖြင့် ရေးသားပြီးစီးခဲ့ ပါသည်။ လျှောက်ထားတောင်းပန်သူမှာ ကျောင်းဒကာ မောင်ဝ၏ သားမောင်တောက် ပင်ဖြစ်ပါသည်။

တစ်ခါသော် နေမိမင်းကြီးသည် -

" ဒါနကမြတ်သလော၊ " သကမြတ်သလော " ဟုစဉ်းစားကာ ဝေခွဲပိုင်းဖြတ်၍ မရအောင်ဖြစ်နေလေသည်။

ထိုစဉ်သိကြားမင်းက ကိုယ်ထင်ပြလာသည်။

" သီလသည် ဒါနထက်မြတ်ပေသည်။ သီလဆောက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



တည်ပါက ဖြုဟ္ဘာမြည်သို့တိုင် ရောက်နိုင်ပေသည်။

သိကြားမင်းက ဤသို့ဆိုသည်။ ထို့နောက် သာကေ ဆောင်၍ ပြောပြလေသည်။

မင်းတစ်ပါး၏ ပုရောဟိတ်သည် တောထွက်သည်။ ရသေ့ရဟန်းပြုပြီး တရားကျင့်သည်။ လောကီဈာန် အဘိညာဉ် ရသည်။ ဟိမဝန္တာတောတွင် ချမ်းမြေ့စွာ သီတင်းသုံး နေထိုင်သည်။

တစ်ခါသော် - ထိုရသေ့နှင့် အတူအခြားသော ဈာန်ရ ရသေ့တို့သည် ချဉ်သီးစားရန်လူ့လောကနှင့် နီးစပ်ရာသို့ ကြွရောက်လာခဲ့ကြပါသည်။

ထိုရသေ့သည် နန်းတွင်းသို့ ဝင်ရောက်ကာ မင်းကြီးနှင့် တွေ့ဆုံစကားပြောသည်။ ရသေ့များ၏ မြတ်သောကျင့်စဉ်များ အကြောင်းကိုလည်း ပြောပြလေသည်။

မင်းကြီးလည်း ရသေ့များအပေါ် စေတနာသဒ္ဓါတရား ယိုဖိတ်သည်။ ဆွမ်း ကွမ်း ဆက်ကပ်လိုသော စိတ်ဆန္ဒ ပေါ်ပေါက်သည်။

ဤတွင် ပုရောဟိတ်ရသေ့က ၎င်း၏ ဈာန်အဘိညာဉ် တန်ခိုးဖြင့် မင်းကြီးနှင့်တကွ တစ်နန်းတော်လုံးကို ဟိမဝန္တာ အစပ်မြစ်ကမ်းနပါးသို့ သယ်ဆောင်ခဲ့သည်။ မင်းကြီးက ရသေ့များအား ဆွမ်းကွမ်း မပြတ်ဆက်ကပ် လုပ်ကျွေးသည်။ ရသေ့များလည်း ဆွမ်းကွမ်းကိစ္စ မပူပင်ရသောကြောင့် ငြိမ်း၍

www.burmeseclassic.com



တရားအားထုတ်နိုင်ကြသည်။

အသက်အတိုင်းနေကြပြီး နောက်ကွယ်လွန်ကြသည်တွင် သီလဆောက်တည် ကျင့်ကြံခဲ့ကြသော ရသေ့တို့သည် ဗြဟ္မာပြည်သို့ရောက်ကြသည်။ ဒါနမျှကို ပြုခဲ့သော မင်းကြီးလည်း သိကြားမင်းအဖြစ်သို့ ရောက်ရှိသည်။ ထိုသိကြားမင်းအဖြစ်သို့ရောက်သော မင်းမှာ မိမိပင်ဖြစ်ကြောင်း ပြောပြသည်။

ထို့ကြောင့် သီလက ဒါနထက်မြတ်ကြောင်း ပြောပြလေသည်။ မင်းကြီးလည်း များစွာပင် ကျေနပ်ဝမ်းမြောက်လေသည်။ သိကြားမင်းလည်း နတ်ပြည်သို့ပြန်သည်။ နတ်ပြည်၌ နတ်သပင် အစည်းအဝေးသို့ တရ်ရောက်သောအခါ အခြားသော နတ်များက သိကြားမင်း အဘယ်အရပ်သို့ ကြွနေကြောင်း မေးကြသည်။

သိကြားမင်းလည်း နေမိမင်းကြီး၏ ယုံမှားပြဿနာ ဖြေခဲ့ပုံနှင့် နေမိမင်းကြီး၏ အကျင့်သီလကို ချီးကျူးပြောသည်။

ထိုအခါ နတ်အများက ထိုသို့အကျင့်သီလနှင့် ပြည့်စုံသော နေမိမင်းကြီးကို ဖူးမြင်လိုကြောင်း၊ နတ်ပြည်သို့ပင့်ဆောင်ပြသပါရန် သိကြားမင်းအား တောင်းပန်ကြသည်။

သိကြားမင်းသည် မာတလိနတ်သားအား သိန္ဓောမြင်းတစ်ထောင်ကသော ဝေဇယန္တာရထားကို ပြင်ဆင်စေ၍ လူ့ပြည်သို့စေလွှတ်ကာ နေမိမင်းကြီးကို ဆောင်ယူစေသည်။

ထိုနေ့ကား လပြည့်နေ့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိတ္ထိလာမြည်သူမြည်သားများသည် လပြည့်ဝန်းကို မျှော်ကြည့်နေခိုက် ဖြစ်သည်။ ထို့ကြောင့် နတ်ရထားကို မြင်ကြရသည်။

မာတလိနတ်သားသည် အဖြောင်းစုံလျှောက်ထား၍ နေမိမင်းကြီးအား ခေါ်ယူသည်။

မင်းကြီး ပြည်သူမှူးမတ်အများကို ခေါ်ယူသည်။ မိမိ နတ်ပြည်သို့ ခေတ္တသွားခိုက်အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း စသောကုသိုလ်ကောင်းမှု ပြုမှဝတ်ကို မချွတ်မယွင်း မမေ့မချော ပြုကြရန်မှာကြားသည်။ ထို့နောက် ဝေဇယန္တာ နတ်ရထားဖြင့် လိုက်ပါသွားလေသည်။

" အရှင်မင်းကြီး ငရဲပြည်သို့သွားရာလမ်း၊ နတ်ပြည်သို့သွားရာလမ်း ဟူ၍ လမ်းကြောင်းနှစ်ခုရှိပါသည်။ ရှေးဦးစွာ မည်သည့်လမ်းဖြင့် သွားနိုင်လိုပါသနည်း "

မာတလိနတ်သားက မေးသည်။

" နှစ်လမ်းလုံးကိုပင် ရောက်လိုမြင်လိုပါသည် - အသင် နတ်သား" နေမိမင်းကပြန်လည် ဖြေကြားသည်။

သို့နှင့် - မာတလိနတ်သားသည် ငရဲပြည်ဘက်သို့ ရထားကိုဦးစွာ နှင်လေသည်။

နေမိမင်းလည်း လမ်းခရီးတလျှောက်တွင် ငရဲဘုံအမျိုးမျိုးကို တွေ့ရလေသည်။

မှတ်ချက် ။ ။ ငရဲရှုခင်းများမှာ နေမိမင်းကြီး စိတ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ညစ်ညျုးစရာကောင်းအောင်ပင် ထိတ်လန့်ဖွယ်ဖြစ်ပါသည်။ လာတ်ကြောင်းတွင်ထည့်လျှင် ငြီးငွေ့ဖွယ်ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် သီးခြားထုတ်ပြပါသည်။

ငရဲကြီး ရှစ်ထပ် - ချမ်းသာမရှိဆင်းရဲတတ်ပြီးသော အရပ်ကြီးရှစ်ပါး

ငရဲခန်းများအား နေမိမင်းကို ဦးစွာပြသရာတွင် မင်းကြီးသည်များစွာ စိတ်နှလုံးတုန်လှုပ် ချောက်ချားခြင်း ဖြစ်သည်။

ထိုအခါ သိကြားမင်က ဇဝနနုတ်သားဖြား အဇထောက် လွှတ်သဖြင့် မာတလိသည် ငရဲပြည်မှ တုန့်လည်ပြန်တက်၍ အထက်နန်းသို့ ကောင်းကင်ခရီးဖြင့် နှင်လေသည်။ ကောင်းကင် လမ်းအနီး အမြင့်တစ်ဆယ့်နှစ် ယူဇနာခန့်ရှိ၍ မွှေးသင်း ပျံ့တုံ သော၊ ရဂုံဥယျာဉ်နှင့် ရေသီဒါကန်ကို ဝန်းရံလျက် ဘုံငါးဆင့် ဖြင့် လှတင့်ထွန်းပြောင် အရောင်တလျှပ်လျှပ်တွားသော ပတ္တမြား ဝိမာန်ကိုဖြတ်သွားကြသည်။

၁။ သိဃ္ဃစီးငရဲ- မည်သို့ပင်သတ်ဖြတ် ညှင်းဆဲသော်လည်း ကံမကုန်သမျှ အဖန်ဖန် အသက်ရှည်၍ ခံနေရသောငရဲ။

၂။ ကာဠသုတ်ငရဲ - မည်းနက်သောတမျဉ်းကြိုးဖြင့် ချတိုင်း၍ သစ်ရွှေသလို တင်းကုပ်သ

www.burmeseclassic.com



လုံး ခုတ်ရွှေလှီးဖြတ်ခံရသောငရဲ။

၃။ သံဃာတငရဲ - သံတောင်သံခဲကြီးတို့ဖြင့် အဖန်ဖန်လှိမ့်မွှေကိုက် ချေညှင်းဆဲခြင်း ခံရသော ငရဲ။

၄။ ဇာလရောရုဝငရဲ - မီးတောက်မီးလျှံတို့ဖြင့် အဖန်ဖန်နှိပ်စက်ခံရ၍ ကျယ်လောင်စွာ အော်ဟစ်မြည်ကြွေးသော အသံရှိသည့်ငရဲ။

၅။ ဓူမရောရုဝငရဲ - မီးခိုးမီးအုံတို့ဖြင့် အဖန်ဖန်နှိပ်စက်ခံရ၍ ကယ်ပါယူပါပြင်းစွာ အော်မြည်နေရသောငရဲ။

၆။ တာပနငရဲ - သံတံကျင်ဘို့ဖြင့် ထိုးဖောက်ပြီးတစ်ကိုယ်လုံး မီးလျှံစွဲအောင် သံငုတ်သံခဲထဲ၌ အမြဲကင်ဖုတ်ခံနေရသောငရဲ။

၇။ ပတာပနငရဲ - အလျှံရဲရဲပြောင်သော သံတောင်ကြီးပေါ်သို့ ရိုက်နှက်မောင်းတင်စေလျက် မြေထက်၌ စိုက်ထောင်သော လှံသွားများပေါ်သို့ ဦးခေါင်းပြောင်းပြန်ကျစေသော ငရဲ။

၈။ အဝီစိငရဲ - ဤငရဲ၌ မီးလျှံနှင့် ငရဲသားပေါ

www.burmeseclassic.com



ဆင်းရဲသူကွတို့ပါ အကြွားမရှိ
ပြည်နှက်လျက်ရှိသောငရဲ။

အမှတ်စဉ် (၄ နှင့် ၅)ကို အချို့စာများတွင်ရောရုဝ၊ မဟာရောရုဝ ဟူ၍လည်းသုံးပါသည်။

## ငရဲငယ်မျိုး (၅)ပါး၊ ပေါင်း (၂၀)

ငရဲကြီးတစ်ထပ်၌ လေးမျက်နှာရှိသည်။

တစ်မျက်နှာလျှင် အောက်ပါငရဲငယ် (၅) မျိုး စီခြံရံနေသည်။ ငရဲကြီးတစ်ထပ်၏ ပတ်ဝန်းကျင်၌ ငရဲငယ်ပေါင်း (၂၀) ရှိသည်။

၁။ ဂူထပုတ်က - ဘင်ပုပ်ငရဲ။
ပိုးလောက်ကောင် ဆင်၏လည်ပင်းလေး၊ ပိန်းကောင်ငယ်မျှ ကြီးမားပေါမျာလျက်ရှိသော မစင်ဘင်ပုပ်တွင်းကြီး၌ နစ်မြုပ်ထိုးတိုက် ခံရသောငရဲ။

၂။ ကုက္ကုလူကျ - ပြာပူငရဲ
အလျှံရဲရဲတောက်သော မီးခဲတို့ကို အလွန်အမင်း ပူပြင်းသော ပြာပူတို့က ဖုံးအုပ်ထားသော ကျင်းထဲ၌ ကျ၍ ခံရသောငရဲ

www.burmeseclassic.com

www.burmeseclassic.com



ခံရသောငရဲ။

၃။ သိမ္ဗလိ - လက်ပံတောငရဲ
အလွန်ရှည်သော လက်ပံဆူးတို့က ငရဲသားအပေါ် တက်လျှင် အောက်ဖက်သို့ ထက်သော အောက်ဆင်းပြန်က အထက်သို့ အဖျားလှည့်နေကြသောငရဲ။

၄။ အသိပတ္တ - သံလျက်တောငရဲ
ဓါး၊ လှံ၊ သံလျက်နှင့် တူသည့် အရွက်များပေါများ ကြွေကျနေသော သံလျက်ပင် တောထဲ၌ ပြေးမလွတ်နိုင်အောင် ဆင်းရဲဒုက္ခခံနေရသောငရဲ။

၅။ ဒါရောဒက - ကြိမ်ပိုက်မြစ်ငရဲ
ကြိမ်ဆူးကြိမ်ပိုက်များ အထပ်ထပ်ရှိ သံလျက်ခါးနှင့်စပ်မှုသော ရေရှိသာမြစ်ထဲ၌ကူး မလွတ်အောင် ဆင်းရဲခံနေရသောငရဲ။

ဗိမာန်အတွင်း ခင်းအပ်သော နတ်သလွန်ထက်ဝယ် အရွယ်တူ ရွှေတော်နတ်သမီးငယ် တစ်ထောင်ခြံရံလျက် ရအေးလမ်း မျက်နှာစာက ဘုံလေသာပြတင်းကို ရှုခင်းမြင်သာအောင်

www.burmeseclassic.com



ဖွင့်စေပြီးလျှင် လေညှင်းခံ စံပယ်နေသော ဇီရဏီနတ်သမီး၏ တင့်တယ်သော အသရေကို နေမိမင်းကြီး မြင်ရလေသည်။

အထွေထွေမဆန်းဆန်း၊ အုံ့မခန်းသော ဗိမာန်ကြီး ရှင်ဇီရဏီ၏ တင့်တယ်ခြင်းကို နေမိမင်းကြီးမြင်လျှင် ငရဲခန်း ကို တွေ့ခဲ့ရသော ဝေဒနာသည် ရေစင်ပတ်ဖျန်းလိုက်သကဲ့ သို့ စိတ်နှလုံး ချမ်းမြေ့ခြင်းသို့ ရောက်လေသည်။

" အသင်နတ်သား ထိုဗိမာန်ရှင်နတ်သမီးသည် လွန်လေပြီးသော သံသရာက အဘယ်ကောင်းမှု ကုသိုလ် အကြောင်းကြောင့် ယင်းသို့သော အသရေနှင့် နတ်စည်းစိမ် ချမ်းသာတို့ကို ရပါနည်း။

နေမိမင်းကြီးက မာတလိနတ်သားအား မေးလေသည်။ ဤတွင် မာတလိနတ်သား ကဇီရဏီနတ်သမီး၏ ရှေးရှေးသော ဘဝက ဖြစ်စဉ်တို့ကို ပြန်လည်ပြောကြားလေသည်။

" ကဿပဘုရားသခင်လက်ထက်က ဇမ္ဗူဒီပါကျွန်း မြတ်ရှိရာတစ်ခုသော ရွာမှာကောင်းမှု၌ မွေ့လျော်တဲ့သူကြွယ် ပုဏ္ဏားတစ်ဦးရှိလေတယ်။ အဲဒီမှာ ဇီရဏီရှိတဲ့အမျိုးသမီး တစ်ဦးဟာ ဘဝကောင်း မကောင်းမှုကြောင့် အစေခံဖြစ် နေရတယ်။

မာတလိနတ်သား ကဇီရဏီအကြောင်းကို ဇာတ်မျိုး သည်။ နေမိမင်းကြီးကလည်း စိတ်ဝင်စားစွာ နားထောင်သည်။

ဇီရဏီသည်တော်ဖြောင့်မတ်သော နှလုံးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သီတင်း သီလဆောက်တည်လေ့ရှိသည်။ ဣန္ဒြေလည်း ရှိသည်။ အိမ်မှုကိစ္စဆောင်ရွက်ရာတွင်လည်း တာဝန်ကျေပွန်သည်။ ရှင်လူ့ညွှေ့ဝတ်ကိုလည်း ချွတ်ယွင်း တိမ်းပါးခြင်းမရှိ ဆောင်ထွက်သည်။

တစ်နေ့သော် -

အိမ်ရှင်သူကြွယ် ပုဏ္ဏားသည် သံဃာတော်ရှစ်ပါးအား ကျောင်းတွင် ဆွမ်းခဲဖွယ်ဘောဇဉ် တို့ဖြင့် ကျွေးမွေးလှူဒါန်းသည်။ အပြန်ခရီးတွင် အလှူကိုစဉ်းစားရင်း သဒ္ဓါပွားများသည်။ အဆက်မပြတ် ကုသိုလ်ပြုလိုသော စိတ်လည်းပေါ်ပေါက်သည်။

" သံဃာတော်ရှစ်ပါးအား တစ်နေ့လျှင် ရှစ်သမြာသော ဥစ္စာဖြင့် နေ့စဉ်နိစ္စပတ်ဆွမ်းကျွေးရသော် ကောင်းလေစွ" ဟူ၍သဒ္ဓါစိတ်ယိုဖိတ်သည်။

သို့နှင့် ဇနီး ပုဏ္ဏားမ အား တာဝန်ပေးသည်။ ရတနာသုံးပါး၌ သဒ္ဓါတရားနည်း၍ အပျင်းဖတ်သူ ပုဏ္ဏေးမက ငြင်းသည်။

သမီးများအား တာဝန်ပေးပြန်သည်။ မအေတူသမီးများကလည်း ကာဝန်ကိုငြင်းပယ်ကြသည်။

နောက်ဆုံးတွင် သူကြွယ်ပုဏ္ဏားသည် ဗီရဏီအား တိုက်တွန်းသည်။

" သံဃာတော် အရှင်မြတ်တို့အား နေ့စဉ်နိစ္စပတ် ဆွမ်းပတ်လုပ်ကျွေးပါမည် "

www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်း ထုံးကျင့်သုံးလေ့ရှိသော၊ စေကနာ သင်္ဃါတရားထက်သန်သော ဗီရဏီကဝန်ခံကတိပြုသည်။

ထို့နောက် ဗီရဏီသည် သံဃာတော်ရှစ်ပါးတို့အား စုံမက်မြတ်နိုး ကိုးကွယ်ယုံကြည်ရှင်စွာ ဆွမ်းလုပ်ကျွေးမှုကို နေ့စဉ်မပြုလုပ်လေသည်။

သူကြွယ်ပုဏ္ဏားကက ဗီရဏီ၏တာဝန် ကျေပွန်မှုကို ကျေနပ်သဘောကျ၍ ငွေကြေးအပိုပေးတတ်သည်။ ထိုသို့ အခါမျိုးတွင်လည်း ဗီရဏီသည် မိမိအင်အားနှင့် လျော်ညီစွာ အစုအဖွဲ့ပါဝင် လှူဒါန်းသည်။ သီတင်းသီလ ဆောက်တည်ခြင်း လည်းပြုပေသည်။

ဤသို့နှင့် အချိန်တန်သည်တွင် ခန္ဓာကြွေလေသည်။

" ဒီလိုနဲ့ နိမ့်ကျတဲ့အဝဟောင်း ကတမူဟုတ်ခြင်း။ ကောင်းကင်ဘုံပျံ၊ နတ်ဗိမာန်မှာ၊ ရွှေဝန်းတစ်ထောင်၊ ဆောင်သောကျက်သရေ၊ အထွေထွေအပြားပြား များစွာတန်ဖိုး လွှတ်လျက် မျက်စိမအီနိုင်အောင် ဗီရနီဆိုတဲ့လူ့ဘဝက အမည်ဟောင်း မပြောင်းမခြားဘဲ ဗိမာန်သခင်နတ်သမီး ဖြစ်လာရဲပေတာပဲ အရှင်မင်းကြီး "

" ကောင်းလေစွ ကောင်းလေစွ ကောင်းလေစွ"

ဗီရဏီဘုံ သောနဒိန်နတ်ဘုံ အစရှိသော နတ်ဘုံတို့ကို တွေ့မြင်ရပြီးနောက် တာဝတိံသာ နတ်ပြည်စိတ္တကူဋ်တံခါး မုခ်သို့ရောက်သည်။ နတ်အများလည်း သောင်းသောင်းဖြဖြ

www.burmeseclassic.com

www.burmeseclassic.com



ကြိုဆိုကြသည်။ ထိုနောက် နတ်ဘုံဗိမာန်များကိုပြ၍ နတ်ပြည်၌ပင် စံနေရန် သိကြားမင်းက ဖိတ်ကြားသည်။

"သူတစ်ပါး၏ ဘုန်းကံဖြင့်ရသော နေရာ၌မစံလိုသေးပါ။ လူ့ပြည်၌ပင် လူအများအားတရား ဓမ္မကဆောင်ညွှန်ပြလိုပါသေးတယ်။"

နေမိမင်းက သိကြားမင်း၏ ဖိတ်ကြားချက်ကို ငြင်းပယ်သည်။

နေမိမင်းကြီးသည် နတ်ပြည်၌ လူတို့အတွက်အားဖြင့် ခုနစ်ရက်နေသည်။ နတ်ပရိတ်သတ်အပေါင်းတို့အားလည်း ဒါန၊ သီလအကျိုးများကို ဟောပြောသည်။ ထို့နောက် လူ့ပြည်သို့ပြန်လိုကြောင်း ခွင့်တောင်းသည်။

မာတလိနတ်သား ပင်နှင်သော ဝေဇယန္တာရထားဖြင့် မိထိလာပြည်သို့ ပြန်လည်ကြွချီခဲ့သည်။ မိထိလာပြည်မှ တိုင်းသူပြည်သားတို့ကလည်း ဝမ်းမြောက်စွာ ကြိုဆိုကြသည်။

ထို့နောက် နေမိမင်းကြီးသည် မိဖုရား၊ သားတော်၊ သမီးတော် တို့မှစ၍ ပြည်သူများအား မိမိမြင်ခဲ့ရသော ငရဲဘုံ၊ နတ်ဘုံများအကြောင်းကို ပြန်လှန်ပြောပြသည်။ ပြည်သူအများလည်း တရားစောင့်သုံးကြသည်။

ဤသို့အားဖြင့် နေမိမင်းကြီးသည် ထီးနန်းစံရာ၊ တစ်နေ့သော အခါဘေးလောင်းတော် ထိုကဲ့သို့ပင် ဆံပင်ဖြူမြီ ကိုသိရှိတော်မူသော အချိန်၌ထီးနန်းကို ကာလရှေ့မည်သော

www.burmeseclassic.com



သားတော်ကို လွှဲအပ်သည်။ ထို့နောက် တောထွက်ကာ ရဟန်းပြု၍ အသက်ထက်ဆုံး နေလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## မဟောသဓာဇာတ်တော်

ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိဏ္ဍိလာပြည်၌ ဝိဒေဟရာဇ်မင်းကြီး စိုးစံသည်။ ထိုမင်း၌ သေနကာ၊ ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ အမည်ရှိသော အမတ်ကြီး လေးဦး ရှိလေသည်။

ထိုပြည်၌ အရှေ့ဘက် ပါစိနယဝမဇ္ဈိမရွာ၌ သီရိဝဍ္ဍန သူဌေး၏ မယားသုမနဒေဝီတွင် မဟောသဓာ သူခမိန့်ဖြစ်မည့်သား ငယ်ကိုဖွားမြင်သည်။ ထိုသားငယ်သည် ဖွားစကပင် နတ်ဆေးလုံးကို ကိုင်လျက်စကားပြောသည်။ ထိုဆေးလုံးဖြင့် လူအများရောဂါ ချမ်းငြိမ်းကြရသည်။ ဆေးလုံးကို စွဲ၍ မဟောသဓာ ဟုအမည်ခေါ်တွင်သည်။

မဟောသဓာဖွားဦးကပင် မင်းကြီးသည် အန်းကြွယ်

www.burmeseclassic.com

www.burmeseclassic.com



သော အိပ်မက်ကို မြင်မက်ထားသည်။ မဟောသဓာ၏ ပညာသတင်းကိုလည်း ကြားသည်။ ထို့ကြောင့် မင်းကြီးသည် ပညာရှိခန့်ထားရန် သေနကအမတ်ကြီးကို တိုင်ပင်သည်။ အမတ်ကြီးက ဝန်တိုသည်။ ထို့ကြောင့် ပညာရှိ မဟုတ်သေးကြောင်း တင်လျှောက်သည်။ သို့နှင့် နန်းတော်သို့ မခေါ်ဆောင်သေးဘဲ ငဲ့လင့်နေရသည်။

မှတ်ချက်။ ။ ဂေါတမမြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ပညာပါရမီတော်ကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

ပါဠိကျမ်းဂန်များ၌ မဟောသဓာဇာတ်တော်ကြီးကို မဟာဥမင်္ဂဇာတ် ဟုပြသည်။

ကျောင်းတကာ မောင်ဝ၏ သား မောင်ထောက်ကတောင်းပန်လျှောက်ထားသဖြင့် မင်းဘူးဦးဩဘာသက မြန်မာစကားပြေဖြင့် ၁၁၄၆ ခုနှစ် တွင် ရေးသားသည်။

မဟောသဓာ ၇-နှစ် အရွယ်ရောက်စကပင် ကစားကွင်းထဲတွင် ဖွားဘက်တော် တစ်ထောင်နှင့် မြူးတူးပျော်ပါးကစားသည်။ ခမ်းနားသန့်ပြန့်သော ဇရပ်တစ်ဆောင်ကို ဆောက်လုပ်သည်။ အနီးတွင် ကြာမျိုးငါးပါးဖြင့် မွှေးထုံကြိုင်သင်းသော ရေကန်ကြီး တစ်ကန်ကိုပြုလုပ်ထားသည်။ ကန်အနီးတွင် သာမောဖွယ် ဥယျာဉ်တစ်ခုကိုပြုကာ စိုက်ပျိုးထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မဟောသဓာ ၇-နှစ် အရွယ်ဖြစ်သည်။

ဝိဒေဟရာဇ်မင်းကြီး ထူးဆန်းသော အိပ်မက်မြင်မက်ခဲ့သည်မှာလည်း ၇-နှစ်ရှိပြီ။

သုခမိန်လေးဦးက ငှင်းတို့ထက်သာလွန်သော ပညာရှိငယ် ဟု နိမိတ်ဖတ်ခဲ့သည်ကကို ရှာဖွေစေရန် မြို့၏ အရပ်လေးမျက်နှာသို့ အထောက်တော်များ စေလွှတ်ကာ စုံစမ်းထောက်လှမ်းစေသည်။

အရှေ့တံခါးမှ ထွက်ခွာရှာဖွေ စုံစမ်းသော အမတ်က မဟောသဓာကို တွေ့သည်။ ဇရပ်၊ ရေကန်၊ ဥယျာဉ်များကို ၇-နှစ်သား မဟောသဓာက ထူးခြားစွာ ဖန်တီးတည်ဆောက်ထားပုံကို မင်းကြီးထံ တမန်ဟော်လွှတ်ကာ သတင်းပို့လျှောက်ထားသည်။

မင်းကြီးလည်း အကြောင်းစုံသိရသဖြင့် ဝမ်းမြောက်သည်။ သေနကအမတ်ကြီးကို ခေါ်၍ မဟောသဓာကို ခေါ်ရန်တိုင်ပင်သည်။

" အရှင်မင်းကြီး ဤမျှဖြင့် ပညာရှိဟု မဆိုနိုင်သေး"

ဝန်တိုသော သေနကကအမတ်ကြီးက မဟာသဓာကို ခေါ်ရန်တားသည်။ မဟောသဓာရောက်လာလျှင် ငှင်းတို့၏ အရှိန်အဝါ သိုးမှိတ်မည်ကို စိုးရိမ်သည်။

မင်းကြီးလည်း သေနကအမတ်၏ လျှောက်ထားခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကို လက်ခံပြီး မဟောသဓာသည် ပညာရှိ ကေန်စင်စစ် ဟုတ်မဟုတ် ဆက်လက်စုံစမ်းစေသည်။

မဟောသဓာကား ပါစီနယဝမဏ္ဍပ်ရွှာ၌ပင် အဖော်အပေါင်းတို့ဖြင့် မြူးထူးဆော့ကစားရင်း ပြဿနာများ ကြုံလာတိုင်း ဖြေရှင်းဆုံးဖြတ်ပေးလျက် ရှိလေသည်။

** ** **

## စွန်ချီသော သားတော်ကိုရအောင်ပြဖြင်း

တစ်နေ့သော် -

စွန်ရဲတစ်ကောင်သည် ဈေးတွင်းမှသားတစ်တစ်ခုကို ချီ၍ ပျံလာလေသည်။

မဟောသဓာ၏ ဖွားဘက်တော်များက မြင်သည်တွင် သားတစ်ကို ချစီမိုးသောလိုက်ကြသည်။ စွန်သည် သူငယ်များ၏ အောသံကြောင့် ကြောက်လန့်ပြီး တောင်မြောက်ဝဲယာ ပျံ၍ပြေးသည်။ သူငယ်တို့လည်း စွန်ကို မျှော်ကြည့်လျက် ပြေးသောကြောင့် တိုက်မိခိုက်မိကာ လဲပြိုကြလေသည်။

" အချင်းတို့ စွန်ချီသော သားတစ်ကို ယခုပင် ချစေအံ့ မြင်လိုကြသလော "

" အရှင်သား မြင်လိုပါ၏ "

www.burmeseclassic.com

www.burmeseclassic.com



မဟောသဓ

www.burmeseclassic.com



" သင်တို့ ရှုကြည့်ကြကုန်လော့ "

မဟောသဓာသည် ကောင်းကင်ကို မကြည့်။ လေ၏ လျှင်မြန်ခြင်းဖြင့် လျင်စွာပြေး၏။ စွန်၏အရိပ်ကို နင်းကာ လက်ခုပ် တီးသည်။ ပြင်းစွာအော်ဟစ်သည်။ စွန်လည်း အော်သံကို ကြောက်၍ သားတစ်ကို လွှတ်ချသည်။ ဘုရားလောင်းသည် ကောင်းကင်ကို မော့၍မကြည့်။ သားတစ်ကကျလာသည်ကို အရိပ်ကြည့်ကာသိသည်။ မြေသို့မကျစေဘဲ လက်ဖြင့် ခံယူသည်။

လူသူပရိသတ်အပေါင်းက ဤအဖြစ်ကိုမြင်တွေ့ကာ များစွာအံ့ဩချီးမွမ်းသည်။

အထောက်တော် အမတ်ကြီးလည်း အကြောင်းခြင်းရာ အလုံးစုံကို မင်းကြီးထံ သတင်းပို့လျှောက်ထားလေသည်။

" ဆရာအမတ်ကြီး မဟောသဓာသူခမိန်ကို ခေါ်ချိန် သင့်ပြီမဟုတ်လော့ "

ဝိဒေဟရာဇ်မင်းကြီးက သေနကအမတ်ကြီးကို တိုင်ပင် သည်။

" အရှင်မင်းကြီး ဤမျှလောက်ဖြင့် ပညာရှိသူခမိန် မခန့်လောက်သေး။ ဆင်ခြင်တော်မူပါဦးလော့ "

သေနကအမတ်ကြီး တားမြစ်လေသည်။

** ** **

www.burmeseclassic.com

www.burmeseclassic.com



## နွားခိုးမှု

တစ်နေ့သော် နွားရှင်နှင့် နွားခိုးတို့သည် ဖြင်းခုံစကား များကြရင်း မဟောသဓာသုခမိန်၏ ဇရပ်သို့ ရောက်လာကြ သည်။

မဟောသဓာအား ဆုံးဖြတ်ပေးရန် ပြောကြားသည်။

လူသူပရိသတ်အပေါင်းလည်း နားထောင်ကြည့်ရှုရန် စုဝေးရောက်ရှိနေကြသည်။ မဟောသဓာသည် ထိုသူနှစ်ဦး၏ အမူအရာလက္ခဏာကို ထောက်ရှုကာမျှဖြင့် မည်သူက ပိုင်ရှင်၊ မည်သူက သူခိုးဖြစ်သည်ကိုသိသည်။

သို့သော် ပရိသတ်အားလုံး ထင်ရှားစွာသိမြင်အောင် စီရင်အံ့ဟု ကြံသည်။

" အချင်းယောကျ်ား ဤနွားတစ်ရှဉ်းသည် သင့်ခြံပေါက် ဟုဆိုသည်။ အဘယ်အစာကို နွားအားကျွေးသနည်း "

မဟောသဓာကမေးသည်။

" အရှင့်သား နှမ်းဖတ်နှင့် ပဲမှော်ကိုသာ စားစေပါသည်။ ယာဂုမန်းရည်ယာဟုကိုသာ သောက်စေပါသည်။

တစ်ဦးကဖြေသည်။

သို့နှင့် မဟောသဓာက အခြားတစ်ယောက်ကို မေးပြန်သည်။

" အရှင့်သား ကျွန်ုပ်ကား လယ်လုပ်သားဖြစ်၍ ဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ယာဟုမတိုက်နိုင်ပါ။ မြက်ကိုသာကျွေးပါသည်"

ဖြေစကားအလုံးစုံကို ပရိသတ်အား မှတ်သားစေသည်။ ထို့နောက် သျှိသျှားရွက်ကို ယူစေသည်။ ညက်စွာထောင်းပြီး ရေနှင့်ဖျော်ကာ နွားများကို တိုက်စေသည်။ ဤတွင်နွားတို့သည် ဝမ်းသက်ရာ မြက်ဖတ်သာလျှင်ပါသည်။

မှတ်ချက်။ ။(၁) ခြုံပေါက် - မိမိခြံတွင် ပေါက်ဖွားသော ကျွဲ၊ နွား စသည်

(၂) ယက်မန်းရည် - ဆန်ကိုနူးသွားအောင် ရေဖြင့်ကျဲကျဲကျိုထားသောသောက်ဖွယ်။

(၃) ယူဂု - ဆန်တစ်ဆဉ် ရေခြောက်ဆထည့်ကာ ဆန်လုံးကွဲရုံ ကျိုထားသောသောက်ဖွယ်။

"အသင်တို့ ဤနွားချေးကို ကြည့်ကြကုန်လော့"

ထိုအခါတွင် မည်သူက နွားပိုင်ရှင်၊ မည်သူက နွားခိုး ဖြစ်သည်ကို အထင်အရှား သိမြင်ကြကုန်သည်။ နွားခိုးလည်း ဝန်ခံ၏။ ထို့ကြောင့် ဆုံးမစကားပြောကာ လွှတ်လိုက်လေသည်။

အထောက်တော် အမတ်လည်း အကြောင်းခြင်းရာ အလုံးစုံကို မင်းကြီးထံ သတင်းပို့လျှောက်ထားလေသည်။

"ဆရာအမတ်ကြီး မဟောသဓသုခမိန်ကို ခေါ်ချိန်သင့်ပြီ မဟုတ်လော့"

ဝိဒေဟရာဇ်မင်းကြီးက သေနကအမတ်ကြီးကို တိုင်ပင်

www.burmeseclassic.com

www.burmeseclassic.com



မဟောသဓာ

www.burmeseclassic.com

www.burmeseclassic.com



သည်။

" အရှင်မင်းကြီး ဤမျှလောက်ဖြင့် ပညာရှိသူခမိန် မခန့်လောက်သေး။ ဆင်ခြင်တော်မူပါဦးလော့ "

သေနကအမတ်ကြီးက တားမြစ်လေသည်။

** ** **

## လည်ရွဲတရား စီရင်ပုံ

တစ်နေ့သော် မိန်းမနှစ်ဦးသည် အနီ၊ အဝါ၊ အပြာ၊ အစိမ်း ရောင်စုံချည် လည်ရွဲတစ်ခုကို သူပိုင်သည် ငါပိုင်သည် ငြင်းခုံလျက် မဟောသဓာ၏ အဆုံးအဖြတ်ကို ခံယူရန်ရောက်ရှိလာကြ၏။

သုခမိန်ငယ်ကား ဤသူကားသူခိုးမ၊ ဤသူကကား ပိုင်ရှင်ဆိုသည်ကို မြင်ကာမျှဖြင့်သိ၏။

သို့သော် ခပ်သိမ်းတို့ထင်ရှားစွာ သိစေအံ့ဟုကြံသည်။

" သင်၏လည်ရွဲကို အဘယ်နံ့သာရည်ဖြင့် မပြတ်လိမ်းသုတ်သနည်း "

" အရှင့်သား နံ့သာပေါင်းဖြင့် နေ့တိုင်း လိမ်းသုတ်ပါသည် "

တစ်ဦးက ဤသို့ဖြေသည်။ သို့နှင့် အခြားတစ်ဦးကို

www.burmeseclassic.com

www.burmeseclassic.com



မဟောသဓာက မေးပြန်သည်။

" အရှင့်သား ဆင်းရဲသော ကျွန်ုပ်ကား သျှိသျှားမွှင့်ဖြင့် သာလျှင် နေ့တိုင်းလိမ်းသုတ်ပါသည်။ "

ထိုနှစ်ယောက်၏စကားကို ပရိသတ်အား မှတ်သားစေသည်။ ထို့နောက် ရေခွက်တွင်ချည်ရစ်ကို စိမ်စေသည်။ အနံ့ ကျွမ်းကျင်သူတစ်ဦးကို ခေါ်ကာနမ်းရှုစေသည်။

" ဤလည်ရစ်၌ နံ့သာပေါင်းအနံ့မရှိပါ။ သျှိသျှားမွှင့် အနံ့သက်သက်သာလျှင်ပါ၏။"

ပိုင်ရှင်မှန်အား ချည်လည်ရစ်ကိုပြန်ပေးသည်။ သူခိုးမ အားလည်း ဆုံးမကာ ပြန်လွှတ်လိုက်လေသည်။

အယောက်တော်အမတ်ကြီးလည်း အကြောင်းခြင်းရာ အလုံးစုံကို မင်းကြီးထံသတင်းပို့ လျှောက်ထားလေသည်။

" ဆရာအမတ်ကြီး မဟောသဓာသူခိမ်ကို ခေါ် ချိန် သင့်ပြီမဟုတ်လော "

ဝိဒေဟရာဇ်မင်းကြီးက သေနကအမတ်ကြီးကို တိုင်ပင်သည်။

" အရှင်မင်းကြီး ဤမျှလောက်ဖြင့် ပညာရှိသူခမိန်မခန့် လောက်သေး။ ဆင်ခြင်တော်မူပါဦးလော့ "

သေနကအမတ်ကြီးက တားမြစ်လေသည်။

** ** **

www.burmeseclassic.com

www.burmeseclassic.com



## ချည်လုံးဆိုးမှု

တစ်နေ့သော် ချည်လုံးတစ်လုံးကို သူပိုင်၊ ငါပိုင် ငြင်းခုံကြရင်း အမျိုးသမီးနှစ်ဦးသည် မဟောသဓာ ရှေ့မှောက်သို့ ရောက်လာကြ၏။

ပညာရှိသုခမိန်ကား မြင်ကာမျှဖြင့်ပင် မည်သူကား ခိုးသူ၊ မည်သူကား ပိုင်ရှင်မှန် ဖြစ်သည်ကိုသိ၏။ သူတစ်ပါးတို့အား လည်းသိစေအံ့ဟု ကြံဆောင်၏။

" ချည်လုံးရဲ့အတွင်းမှာ ဘာထည့်ပြီးလုံးပါသလဲ "

မဟောသဓာကမေးသည်တွင် ခိုးသူမက -

" အရှင့်သား ဝါစေ့ထည့်၍လုံးပါသည် "

ဟုဖြေလေသည်။

ချည်လုံးရှင်ဖြစ်သူကမေးသည်တွင်မူ

" အရှင့်သား တည်စေ့ထည့်၍လုံးပါသည် "

ဟုဖြေလေသည်။

ဖြေစကားများကို ပရိသတ်အားမှတ်သားစေသည်။ ထို့နောက် ချည်လုံးကိုဖြေကြည့်စေသည်။ တည်စေ့ကို တွေ့ရသည်။ ပိုင်ရှင်အား ချည်လုံးကိုပြန်ပေးသည်။ ခိုးသူမအားလည်း ဆုံးမ၍လွှတ်လိုက်သည်။

အထောက်တော် အမတ်ကြီးလည်း အကြောင်းခြင်းရာ အလုံးစုံကို မင်းကြီးထံသတင်းပို့လျှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



" ဆရာအမတ်ကြီး မဟောသဓာသူခမိန်ကို ခေါ်ချိန်သင့်ပြီမဟုတ်လော့ "

ဝိဒေဟရာဇ်မင်းကြီးက သေနကအမတ်ကြီးကို တိုင်ပင်သည်။

" အရှင်မင်းကြီး ဤမျှလောက်ဖြင့် ပညာရှိသူခမိန် မခန့်ငလောက်သေး။ ဆင်ခြင်တော်မူပါဦးလော့ "

သေနကအမတ်ကြီးက တားမြစ်လေသည်။

** ** **

## သားတစ်ရားစီရင်မှု

အမျိုးသမီးနှစ်ဦးသည် သားငယ်တစ်ဦးကို သူ့သား၊ ငါ့သား အငြင်းပွားပြီး ဘုရားလောင်း မဟာသဓာရှေ့မှောက်သို့ရောက်လာကြသည်။

" သင်တို့အဘယ်ကြောင့် ခိုက်ရန်ဖြစ်ကြသနည်း "

" အရှင့်သား ကျွန်ုပ်သားကို ရင်၌ပိုက်ချီ၍ ခရီးသွားပါသည်။ ဤမိန်းမက သူ့သားကို ယူသည်ဟု ယိုးစွပ်ပါသည်။

" အရှင့်သား ထိုသို့မဟုတ်ပါ။ ကျွန်ုပ်သည် သားငယ်ကို ရေကန်တွင် ရေချိုးပေးပြီး နောက်အဝတ်ပေါ်၌ သိပ်ထားပါသည်။ ထို့နောက် ကျွန်ုပ် ရေချိုးအံ့သောငှာ ရေကန်နားသို့

www.burmeseclassic.com



ဆင်းသက်ပါသည်။ ထိုအခါ ဤမိန်းမက ကလေးကား ချစ်ဖွယ် သနားဖွယ်ကောင်းလှ၏။ နို့တိုက်စမ်းပါရစေဟု ချီပါသည်။ ထို့နောက်ကလေးငယ်ကို ချီကာထွက်ပြေးပါသည် အရှင့်သား"

ဘုရားလောင်းသည် စကားနှစ်ရပ်ကို ကြားနာသည်။ ထိုမိန်းမတို့၏ ယက္ခဏာအမူအရာကို ဆင်ခြင်သည်။

တစ်ဦးကား မျက်တောင်မခတ်။ မျက်ထောင့်လည်း နီ၏။ ရဲလည်း ရဲ၏။ လူယောင်ဖန်ဆင်းထားသော မိန်းမဖြစ်မှန်း သိ၏။

"သင်တို့ ငါ့အဆုံးအဖြတ်၌ တည်ကြအံ့လော"

"အရှင့်သားတည်ပါမည်"

ထိုအခါမ မဟောသဓာသုခမိန်က မြေ၌စည်းတား သည်။ စည်းပေါ်၌ သူငယ်ကိုသိပ်ထားသည်။ ဘီလူးမကို သူငယ် ၏ လက်တို့၌ သူငယ်၏မိခင်ကိုခြေတို့၌ ကိုင်စေသည်။

"သင်တို့နှစ်ယောက်လုကြကုန်။ လုနိုင်သူက သားရှင် ဖြစ်စေ"

မိန်းမနှစ်ယောက်လည်း လုကြ၏။ ကလေးငယ်သည် လွန်စွာနာကျင်သည်ဖြစ်၍ သည်းစွာငိုလေ၏။ မိခင်ဖြစ်သူသည် လည်း နှလုံးကွဲအံ့သကဲ့သို့ အလွန်ပင်စိတ်ဆင်းရဲ၏။ ထို့ကြောင့် သူငယ်၏ခြေမှ လက်ကိုလွှတ်လိုက်သည်။ ညိုးငယ်စွာရပ်၍ ကြည့်နေလေသည်။

"အချင်းတို့ သားသူငယ်ကို မိခင်ကသာ၍ အ

www.burmeseclassic.com

www.burmeseclassic.com



သလော။ မိခင်မဟုတ်သူက ချစ်သလော ”

မဟောသဓာက မေးလေသည်။

“ အရှင့်သား မိခင်သည်သာလျှင် သားတို့ကို ချစ်ပါသည် ”

“ သို့ဆိုလျှင် ယခုလုရှ်နိုင်သော သူကမိခင်လော၊ လုမနိုင်သဖြင့် ညှိုးမှိုင်စွာ ရပ်နေသူကမိခင်လော ”

“ အရှင့်သား သူငယ်နာကျင်သည်ကို သည်းမခံနိုင်၍ မိန်းမသည်သာ မိခင်ဖြစ်မည်ထင်ပါသည် ”

“ သူငယ်ကို ခိုးယူသောမိန်းမကို သိကြသလော ”

“ ကျွန်ုပ်တို့မသိကြပါ ”

**မှတ်ချက်** ။ ။ (၁) ဖုတ် - မြေစောင့်ပြိတ္တာ၊ နာနာဘာဝ ကောင်။

(၂) ပြိတ္တာ - အပါယ်လေးဘုံသား အပါအဝင် ချမ်းသာခြင်း ကင်းသော တစ္ဆေ၊ မှင်စာ၊ သရဲ၊ ဘီလူး စသော နာနာဘာဝ သတ္တဝါအမျိုးမျိုး။

“ အချင်းတို့ ဤမိန်းမကား လူမဟုတ်၊ ဘီလူးမဖြစ်သည်။ သူငယ်ကိုစားလို၍ ခိုးယူခြင်းဖြစ်သည်။ ”

“ အရှင့်သား အဘယ်ကြောင့် သိပါသနည်း ”

“ ရှုကြလော့။ ဤမိန်းမကား မျက်တောင်လည်း မခတ်။ မျက်ထောင့်လည်း နီ၏။ သူငယ်ကို သနားချစ်ခင်ခြင်းလည်း လုံးဝမရှိ။ ထို့ကြောင့် ဘီလူးမဟုသိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် မဟောသဓာသုခမိန်က ကြောင်းကျိုးရှင်းပြသည်။ ထို့နောက်ဘီလူးမအား -

" သင်အဘယ်သူနည်း။ အမှန်အတိုင်းပြောလော့ "

" အရှင့်သား ကျွန်ုပ်သည် ဘီလူးမမှန်ပေ၏ "

" အဘယ်ကြောင့် ဤသူငယ်ကိုဖမ်းသနည်း "

" စားလို၍ဖမ်းပါသည် "

" အသင်ဘီလူးမ ရှေးဘဝကမကောင်းမှုကြောင့် ယခုဘဝတွင် ယုတ်မာစွာသော ဘီလူး၊ ဖုတ်၊ ပြိတ္တာမျိုး၌ ဖြစ်သည်။ ယခုထပ်၍မကောင်းမှု ကျူးလွန်သည်ကား မိုက်မဲပေစွ "

မဟောသဓာက ဘီလူးမအားဆုံးမသည်။ ငါးပါးသီလ တည်စေသည်။

မိခင်ရင်းလည်း မဟောသဓာအား ကျေးဇူးတင်စကား လိုက်လှဲစွာဆိုသည်။

အထောက်တော် အမတ်ကြီးလည်း အကြောင်းခြင်း ရာအလုံးစုံကို မင်းကြီးထံ တင်းပို့ လျှောက် ထားသည်။

" ဆရာအမတ်ကြီး မဟောသဓာသုခမိန်ကို ခေါ်ချိန် သင့်ပြီမဟုတ်လော့ "

ဝိဒေဟရာဇ်မင်းကြီးက သေနကအမတ်ကြီးကို တိုင်ပင်သည်။

" အရှင်မင်းကြီး ဤမျှလောက်ဖြင့် ပညာရှိသုခမိန်

www.burmeseclassic.com

www.burmeseclassic.com



မခန့်လောက်သေး။ ဆင်ခြင်တော်မူပါဦးလေ့"
သေနကအမတ်ကြီးက တားမြစ်လေသည်။

** ** **

မယားဆိုးတရားစီရင်မှု

ငမည်းကွသည် ယောက္ခမအိမ်တွင် မနေလိုသောကြောင့် ဇနီးမအိမ်ထန်းပင်ကိုခေါ်ကာ မိမိရွာသို့ပြန်ခဲ့သည်။ လမ်းခရီးတွင် မြစ်တစ်ခုက ကာဆီးနေသည်။ ရေကြောက်သောကြောင့် မကူးဝံ့။ ကမ်းစပ်တွင်ထိုင်၍ မှိုင်နေကြသည်။

ထိုစဉ် မောင်ကျောက်ရှည် (မောင်ခါးရှည်) ရောက်လာသည်။ မြစ်မှာရေနက်ပြီး ငါးမန်း၊ လင်းပိုင်၊ မိကျောင်းမ် ပေါလှကြောင်း လိမ်လည်ပြောသည်။ စင်စစ်မြစ်မှာ ရေတိမ်သည်။ မောင်ကျောက်ရှည်ကတစ်ဦးချင်း တစ်ဖက်ကမ်းသို့ ပို့ပေးမည်ဖြစ်ကြောင်းပြောသည်။

ထို့နောက် မအိမ်ထန်းပင်ကို ဦးစွာပို့ဆောင်သည်။ ရေထဲဆင်းပြီးနောက် ရေနက်သည်ဟု ထင်စေရန်ထိုင်၍ သွားသည်။ ရေလယ်တွင် မောင်ကျောက်ရှည်က မအိမ်ထန်းပင်ကိုချစ်ရေးဆိုသည်။ သွေးဆောင်ဖျားယောင်းသည်။ တစ်ဖက်ကမ်းသို့ အရောက်တွင် ထွက်ပြေးကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေကြောက်သော မြေညီးကွလည်း မယားစိတ်မွန်ကာ ရေသို့ဆင်းသည်။ ရေတိမ်မှန်းသိသည်နှင့် အပြေးလိုက်၍မိလေသည်။ သူ့မယား ၄ါမယား အငြင်းပွားပြီးနောက် မဟောသဓာ၏ ရှေ့မှောက်သို့ အဆုံးအဖြတ်ခံယူရန် ရောက်ရှိကြလာကြသည်။

သုံးယောက်သားကို သီးခြားစီခွဲထားလိုက်သည်။
ထို့နောက် မောင်ကျောက်ရှည်ကို ခေါ်သည်။
**မှတ်ချက်။** ။ မာဂဓဘာသာအားဖြင့် -
* မြေန်းကွကို ဂေါဠကာဠ
* အိမ်ထန်းပင်ကို ဒီဃတာလာ
* ကျောက်ကုန်းရှည်ကို ဒီဃပိဋ္ဌိ - ဟုခေါ်သည်။

မန်းလည်းမန်းကွလည်း ကွသောကြောင့် " မြေန်းကွ " ဟုခေါ်သည်။ မြင့်သွယ်သော ကိုယ်ဟန်ရှိသောကြောင့် အိမ်ထန်းပင် ဟုခေါ်သည်။ ကျောကုန်းရှည်သောကြောင့် ကျောက်ကုန်းရှည်ဟုခေါ်သည်။

လွယ်ကူစွာ မှတ်သားနိုင်ရန် မြန်မာပြန်ဖြင့်ပင် ဖော်ပြပါသည်။

" သင့်အမည်ကို မည်သို့ခေါ်သနည်း "
" မောင်ကျောက်ရှည်ဟု ခေါ်ပါသည် "
" သင့်မယား၏အမည်ကို မည်သို့ခေါ်သနည်း"
မောင်ကျောက်ရှည်မှာ မအိမ်ထန်းပင်ကိုမသိ။ ထို့ကြောင့်မှန်း

www.burmeseclassic.com

www.burmeseclassic.com



ဆကာပြောသည်။ မိဘအသီးသီးတို့၏ နေရပ်၊ အမည်တို့ကို မေးသည်တွင်လည်း တကယ်မသိသောကြောင့် မှန်းဆ၍ဖြေလေသည်။

မောင်ကျောက်ရှည်ပြီးလျှင် မေန်းကွကို စစ်မေး၏။ မေန်းကွကား အမှန်သိသောကြောင့် တိကျသေချာစွာ မဟောသဓာ မေးသမျှကို ဖြေလေသည်။

ပရိသတ်တို့အားလည်း မေးသမျှဖြေသမျှကို မှတ်သားစေသည်။

ထို့နောက် မအိမ်ထန်းပင်ကို ခေါ်မေးသည်။

မအိမ်ထန်းပင်၏ မိဘအမည်နှင့် နေရပ်ကိုမေးသည်။ မအိမ်ထန်းပင်လည်း အမှန်အတိုင်းဖြေ၏။

" သင့်လင်သား၏ အမည်ကား မည်သူနည်း "

မဟောသဓာကမေး၏။

မအိမ်ထန်းပင်မှာ မောင်ကျောက်ရှည်၏ အမည်ဟု မသိ။ ထို့ကြောင့် မှန်းဆကာသာ ဖြေရလေသည်။

ဤတွင် မောင်ကျောက်ရှည်သည် မယားခိုးဖြစ်ကြောင်း အထင်းသားပေါ်တော့၏။ မဟောသဓာလည်း မယားခိုး မောင်ကျောက်ရှည်အား ဆုံးမစကားဆိုသည်။ ဖွားဘက်တော်တို့က ဒဏ်ခတ်ပြီး နောက်လွှတ်လိုက်ကြလေသည်။

အထောက်တော် အမတ်ကြီးလည်း အကြောင်းခြင်းရာ အလုံးစုံကို မင်းကြီးထံသတင်းပို့လျှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



" ဆရာအမတ်ကြီး မဟောသဓာသုခမိန်ကို ခေါ်ချိန် သင့်ပြီမဟုတ်လော့ "

ဝိဒေဟရာဇ်မင်းကြီးက သေနကအမတ်ကြီးကို တိုင်ပင်သည်။

" အရှင်မင်းကြီး ဤမျှလောက်ဖြင့် ပညာရှိသုခမိန် မခန့်လောက်သေး။ ဆင်ခြင်တော်မူပါဦးလော့ "

သေနကအမတ်ကြီးက တားမြစ်လေသည်။

*** *** ***

## ရထားစိုးမှု

တစ်နေ့သော် ယောကျ်ားသားနှစ်ဦးသည် လှည်းရထား တစ်စီးကို သူပိုင်သည် ငါပိုင်သည်ဟု အငြင်းအခုံဖြင့် မဟောသဓာသုခမိန်၏ ရှေ့မှောက်သို့ ရောက်လာကြ၏။

မဟော်သဓာပညာရှိသည် မြင်းဦးကပင် ဤသူကား ရထားရှင် လူသား၊ ဤသူကား ရထားသူခိုး နတ်သကြား ဟုသိလေသည်။

" အချင်းတို့ သင်တို့ရထားကို ငါ၏လူတစ်ယောက် အားမောင်းနှင်စေအံ့။ သင်တို့နှစ်ယောက်က ရထားနောက်ရှင် ပိုင်းကိုကိုင်၍ လိုက်ကြလေ။ ရထားမလွှတ်လျှင် ရထားရှင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ။ လွှတ်လျှင် ရထားခိုးဖြစ်စေ "

ဤသို့ မဟော်သဓာကပြောသည်။

ထို့နောက် လုလင်တစ်ယောက်အား ရထားကိုနှင်စေသည်။ ထိုသူနှစ်ယောက်လည်း ရထားနောက်စွန်းကို ဆွဲ၍လိုက်လေသည်။

ကြာသော်ရထားရှင် လူသားမှာမောဟိုက်သဖြင့် ရထားကိုလွှတ်ကာ ရပ်၍ကျန်ခဲ့လေသည်။ သိကြားမူကား ရထားနောက်သို့ ဆက်ကြပ်လိုက်လေသည်။

" အချင်းတို့ ဤသူကား ရထားနောက်သို့ အတန်ငယ်မျှလိုက်ပြီးလျှင် လွှတ်ကာကျန်ခဲ့သည်။ နောက်တစ်ယောက်သော်ကား ရထားနောက်ထက်ကြပ်လိုက်သည်။ သို့တိုင်ပင်ပန်းဟန်မထင်။ ချွေးလည်းတစ်ပေါက်မျှမထွက် လှိုင်ဖိုခြင်းလည်းမရှိ။ ကြောက်လန့်ခြင်းလည်းမရှိ။ မျက်တောင်လည်းမခတ်။ ဤအချက်တို့ကို ထောက်သော်လူစင်စစ် မဟုတ်နိုင်ချေ"

မဟောသဓာသည် ထိုသို့ပြောပြီးလျှင် -

" အသင်နတ်သိကြား မဟုတ်လော "

ဟုမေးလေသည်။

" သုခမိန်ငါသည် သင်ဆိုတိုင်းပင် သိကြားမင်းမှန်ပေသည် "

" သိကြားမင်းဖြစ်ပါလျက် ဤအမှုကို အဘယ်ကြောင့်ပြုတ်သနည်း "

www.burmeseclassic.com

www.burmeseclassic.com



" သင်၏ပညာကျေးဇူးကို ထင်ရှားစေရန်ပြုပါအံ့သည်"

" နှောင်ကိုဤသို့မပြုပါလင့် "

မဟောသဓာလည်း သိကြားမင်းအား ဆုံးမ၏။

သိကြားမင်းလည်း တန်ခိုးကိုပြလျက် ကောင်းကင်၌နေသည်။ မဟောသဓာအား ချီးမွမ်းစကားဆိုလေသည်။

အဆောက်တော် အမတ်ကြီးလည်း အကြောင်းခြင်းရာအလုံးစုံကို မင်းကြီးထံသတင်းပို့လျှောက်ကြားသည်။

" ဆရာအမတ်ကြီး မဟောသဓာသုခမိန်ကို ခေါ်ချိန်သင့်ပြီမဟုတ်လော "

ဝိဒေဟရာဇ်မင်းကြီးက သေနကအမတ်ကြီးကိုတိုင်ပင်သည်။

" အရှင်မင်းကြီး ဤမျှလောက်ဖြင့် ပညာရှိသုခမိန်မခန့်လောက်သေး။ ဆင်ခြင်တော်မူပါဦးလော့ "

သေနကအမတ်ကြီးက တားမြစ်လေသည်။

*** *** ***

မဟောသဓာသတို့သားသည် ပါစီနယာမဇ္ဈဂုံးရွာ၌မင်းဆိုပြီးအပ်သော အရေးပြဿနာ ၇-ခုတို့ကို တရားမျှတအောင် စီရင်ဆုံးဖြတ်ခဲ့လေသည်။ ထိုသတင်းများကို ကြားတိုင်း မဟောသဓာကို ခေါ်ယူရန် သေနကအမတ်ကြီး တိုင်ပင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သေနကအမတ်ကြီး၏ တားမြစ်လျှောက်ထားချက်ကြောင့် မဟော်သဓာကို နန်းတော်သို့ခေါ်ရန် ဆိုင်းငံ့ထားခဲ့ရပါသည်။

မဟောသဓာ၏ပညာသတင်းကား ကျော်ဇောထင်ရှားလာပါသည်။

နောင်သော်ကား မဟောသဓာ၏ ဆောင်ရွက်ချက်များကို စောင့်ကြည့်ရုံမဟုတ်တော့ဘဲ သေနကအမတ်ကြီး၏အတတ်ပညာဖြင့် စမ်းသပ်သောအဆင့်သို့ ရောက်ရှိမှုလေတော့သည်။

** ** **

## ရှားလှံတံပြဿနာ

ရှားသားကို တစ်ထွာမျှလောင်ဖြတ်သည်။ တစ်ညီတည်းဖြစ်အောင် ပွတ်ခံသည်။ ထို့နောက် မင်းမိန့်ဖြင့် အရှေ့ယဝမဇ္ဈဂုံးရွာသို့ ပို့သည်။

" ဤရှားလှံတံ၏အရင်းအဖျားကို ခွဲခြားပေးရမည်။ မခွဲခြားနိုင်ပါ ဒဏ်ငွေတစ်ထောင်ဆောင်ရမည် "

ထိုပြဿနာသည် မဟောသဓာထံသို့ပင် ဆိုက်ရောက်၏။

ရှားလှံတံ၏အလယ်တည့်တည့်၌ ကြိုးချည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ရေတွင်ချသည်။ အရင်းသည် ပို၍လေးသဖြင့် ဦးစွာ နစ်မြုပ်လေသည်။

မဟောသဓာသည် အရင်းအဖျားမှတ်သားပြီး ပြန်၍ ပေးပို့စေပါသည်။

ဝိဒေဟရာဇ်မင်းလည်း မဟောသဓာ၏ ပညာစွမ်းကို များစွာပင် နှစ်ထောင်းအားရရှိပါသည်။ ထို့ကြောင့် မဟော်သဓာ နန်းတော်သို့ခေါ်ယူလိုသည်.

သို့သော် "သေနကအမတ်က ယခင်အတိုင်း အကြောင်းပြ တားမြစ်ပါသည်။

**

## ဦးခေါင်းခွံပြဿနာ

အရှေ့မဇ္ဈိုင်းရှာသားတို့ ဤ ဦးခေါင်းခွံနှစ်လုံးကို ဤကား မိန်းမဦးခေါင်းခွံ၊ ဤကား ယောကျ်ား ဦးခေါင်းခွံဟု အတပ်အမှန် သိအောင်ဖျောက်ရမည်။ မသိလျှင် ရာဇဒဏ် တစ်ထောင်သင့်စေမည် "

ဝိဒေဟရာဇ်မင်းကြီး၏ မင်းမိန့်နှင့် အတူ ဦးခေါင်းခွံ ပြဿနာသည် မဟောသဓာထံ မှောက်သို့ရောက်ရှိသည်။

" ဦးခေါင်းဆက်ကြောင်း ဖြောင့်သည်ကား ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ကောက်သည်ကား မိန့်မှ"

မဟောသဓာသည် သိမ်မွေ့သောအရာကို ကင်စွာ သိတတ်သော ဉာဏ်စွမ်းဖြင့် ချက်ချင်းခွဲခြားကာ ပြန်လည်ပေးပို့စေသည်။

ဝိဒေဟရာဇ်မင်းလည်း မဟောသဓာ၏ပညာစွမ်းကို များစွာပင်နှစ်ထောင်းအားရရှိသည်။ ထို့ကြောင့် မဟောသဓာကိုနန်းတော်သို့ ခေါ်ယူလိုသည်။

သို့သော် သေနကအမတ်က ယခင်အတိုင်း အကြောင်းပြကာ တားမြစ်သည်။

** ** ** -

## မြွေပြဿနာ

မြွေဖို မြွေမခွဲခြားပေးရန် ဝိဒေဟရာဇ်မင်းထံမှ ပြဿနာ ရောက်ရှိပြန်သည်။ ထုံးစံအတိုင်း ပြဿနာကို မဖြေရှင်းနိုင်ပါက ဒဏ်ငွေတစ်ထောင်။

အရှေ့မလျှံရှူး ရွာသားများ ဟုဆိုသော်လည်း အမှန်တကယ် ဖြေရှင်းပေးသည်က မဟောသဓာလုလင် ပင်ဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

" ခေါင်းကြီး၏။ အမြီးဖွံ့၏။ မျက်စိကျယ်၏။ လည်ရေးစ၏။ ထိုမြွေကား မြွေဖိုဖြစ်၏။ ဦးခေါင်းငယ်သည်။ အမြီးသွယ်သည်။ လည်ရေးလည်းမစပ်။ ဤမြွေကား မြွေမပင် ဖြစ်သတည်း "

မြွေဖို မြွေမ မှတ်သား၍ ဝိဒေဟရာဇ်မင်းထံ ပို့ဆက်လေသည်။

ရှေးနည်းအတိုင်းပင် ဝိဒေဟရာဇ်မင်းကြီးက မဟောသဓာကို သဘောကျနှစ်ခြိုက်၍ နန်းတော်သို့ ခေါ်ယူလိုသော်လည်း သေနကအမတ်ကြီးက စုံစမ်းလိုသေးသည် ဆိုသဖြင့် မခေါ်ယူဖြစ်သေးချေ။

မှတ်ချက်။ ။ လည်ပင်းအရေပြား၌ ထင်သော အရေတွန့်အခေါက်အရစ်ကို လည်ရေးဟုခေါ်ပါသည်။

** ** **

## ကြက်ပြဿနာ

" ခြေတွင်ချီပေါက်သော၊ ဦးခေါင်းထိပ်တွင် လပို့ရှိသော အချိန်သုံးပါးကို သိလျက် အမှန်တွန်တတ်သော၊ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော ဥသဘတစ်ကောင်ကို ပါစီနယဝမရွှ

www.burmeseclassic.com

www.burmeseclassic.com



ရွာသားများ ဆက်သရမည်

မင်းမိန့်ရောက်ရှိလာပြန်သည်။

မဟောသဓာသုခမိန်က ကြွက်ဖြူတစ်ကောင်ကို ရှာဖွေဆက်သစို့ဆောင်စေသည်။

မင်းကြီးလည်း မဟောသဓာ၏ ပညာစွမ်းမှန်းသိသဖြင့် များစွာမင် နှစ်ထောင်းအားရရှိသည်။ နန်းတော်သို့ ခေါ်ယူမြှောက်စားလိုသော်လည်း သေနကအမတ်ကြီးက စုံစမ်းရန်မြှသနဲ့ရှိပါသေးသည်ဟု လျှောက်ထားသဖြင့် မခေါ်ဖြစ်သေးချေ။

မှတ်ချက်။ ။ ကြွက်သာလျှင် ခြေဦးအတက်၊ ထိပ်ထက်အမောက်၊ ရောက်သည့်တာထူး၊ ညှဦးယံ၊ သန်းခေါင်ယံ၊ မိုးသောက်ယံ ဤသုံးတန်ဂါ အခါကို မှန်စွာတွန်တတ်သည်။

ကြွက်ခြေတွင်ပေါက်သော အတက်သည် နွားဦးချိုနှင့်တူသည်။ ကြွက်မောက်သည် နွားလပို့နှင့်တူသည်။ ကြွက်တွန်သကဲ့သို့ နွားလားဥသဘလည်း တွန်သည်။

- လပို့ - နွား၊ ကုလားအုပ် စသည်၏ လည်ကုပ်ပေါ်တွင်ရှိသော မို့မောက်သော အရိုးအသစ်ခုံး။

- ဥသဘ - နွားအုပ်ကို ဦးဆောင်သောနွား။

** ** **

www.burmeseclassic.com

www.burmeseclassic.com



## ပတ္တမြားကို ကြိုးသစ်တပ်စေသောပြဿနာ

ဝိဒေဟရာဂ်မင်းတွင် အကောက်ရှစ်ပါးရှိသော ပတ္တမြားရှိ၏။

ဘုရားလောင်း ကုသမင်းဖြစ်တော်မူသော အခါက သိကြားမင်းဆက်ခဲ့ခြင်း ဖြစ်သည်။ မင်းအဆက်ဆက်သုံးဆောင်ရာဖြစ်သည်။ ပတ္တမြားတွင်တပ်ဆင်ထားသော သောကြိုးသည် ဟောင်းနွမ်းဆွေးမြေ့၍နေသည်။ မည်သူမျှအသစ်လဲ၍ တပ်မပေးနိုင်။

ပတ္တမြားမှ ကြိုးဟောင်းကို ထုတ်ပြီးကြိုးသစ်တပ်ပေးရမည်ဟု အရှေ့ယဝမဇ္ဈဂုံးရွာသို့ ရာဇသံရောက်ရှိလာပြန်သည်။ မဟောသဓာသုခမိန်ပင်လျှင် ဤပြဿနာကိုဖြေရှင်းရပါသည်။

BURMESE CLASSIC

ပတ္တမြား၏ကြိုးဟောင်းအတွင်း ပျားရည်စိမ့်ဝင်နိုင်ရန် အပေါက်ဝနှစ်လက်တွင် ပျားရည်သုတ်လိမ်းပေးသည်။ ကပ္ပလာချည်ကြိုးကို ကျစ်ပြီး အဖျားတစ်ဖက်ကို ပျားရည်အနည်းငယ်သုတ်သည်။ ပတ္တမြားအပေါက်ဝ တစ်ဖက်တွင် အနည်းငယ်တော့ ်းပေးထားသည်။

ယို့နောက်ကြိုးသစ်မပါသော အပေါက်ဝအိုးအောက်ကထားသည်။ ပုရွက်ဆိတ်တွင်းဝတွင် ချပေးထားပြည်။

www.burmeseclassic.com

www.burmeseclassic.com



ပုရွက်ဆိတ်များသည် ပျားရည်နံ့ရပြီး ပတ္တမြားပေါက်တွင်းသို့ ဝင်စားကြသည်။ သူထက်ငါဦးအောင် ကိုက်ခဲစားသောက်ရာ ကြိုးဟောင်းရော ပျားရည်ရောကုန်သည်။ ကြိုးသစ်ကို ကိုက်ဝင်မိသည်။ ဝင်ခဲ့သော အပေါက်ကိုနောက်ဆုတ် ဆောင်ယူထွက်ကြသည်။ အကောက်ရှစ်ပါးရှိသော ပတ္တမြား မျက်မြတ်ကို ကြိုးသစ်တပ်ပြီး ဖြစ်သွားသည်။ မင်းကြီးထံ ဆက်သစေသည်။

မဟောသဓာ၏ပညာစွမ်းမှန်း မင်းကြီးသိသည်။ နန်းတော်သို့ခေါ်ယူပြီး မြှောက်လိုသည်။ သေနကအမတ်ကြီး ကတားမြစ်သည့်အတွက် မခေါ်ဖြစ်သေးပါ။

** ** **

## သားဖွားပြဿနာဖြေပုံ

တစ်နေ့သည်၌ ဝိဒေဟရာဇ်မင်းကြီး၏ မင်္ဂလာ နွားလောင်းအောင် ဝိုက်ဖောင်းတားလာအောင် ပဲများ ပြုတ်ကျွေးသည်။ ဦးချိုနှစ်ဖက်ကို သန့်ရှင်းစေ၍ ဆီသုတ်သည်။ ကိုယ်ကိုလည်း နနွင်းရည်ဖြင့် သုတ်လိမ်းသည်။

ထို့နောက် အရှေ့ယဝမရွာသို့ပို့သည်။

" ဤ မင်္ဂလာနွားလား ဥဿဖသည် ကိုယ်ဝန်ဆောင်၍

www.burmeseclassic.com



နေ့စေ့လစေ့ရှိသည်။ သားဖွားစေပြီး နောက်သားငယ်နှင့်တကွ ပြန်ပို့စေ"

မင်းမိန့်ရောက်ရှိလာပြန်သည်။

မဟောသဓာပင် ဤပြဿနာကိုဖြေရှင်း၏။

မင်းကြီးနှင့် အကျွမ်းဝင်သည်ဖြစ်၍ ရရင့်စွာ မင်းကြီးကို လျှောက်ထားဝံ့သော ယောကျာ်းတစ်ယောက်ကို နည်းပေး သင်ကြားကာ နန်းတော်သို့လွှတ်လိုက်၏။

ဆံပင်ဖားလျားချထားသည်။ ရင်ပတ်စည်တီးရှိက်ကြီး တငင်ငိုသည်။ မင်းကြီးနန်းတော်ရှေ့တံခါးဝတိုင်သွားသည်။ အခြားမည်သူနှင့်စကား မပြော။ မင်းကြီးနှင့်တွေ့မှ ဖြေကြား လျှောက်ထားလေသည်။

" အဘယ်ကြောင့် ရှိက်ကြီးတငင်ငိုကြွေးသနည်း "

" ကျွန်တော်မျိုး၏ ဖခင်သည် သားဖွားမည်ပြုလျက် မဖွားနိုင်သည်မှာ ခုနစ်ရက်ရှိပါပြီ။ မင်းကြီးကယ်တော်မူပါ "

" အသင်ရူးနေပါသလော ယောကျာ်းစင်စစ်ဖြစ်လျက် အဘယ်ကဲ့သို့ သားဖွားအံ့နည်း "

ဝိဒေဟရာဇ်မင်းကြီးက မိန့်ကြားလေသည်။

" မင်းကြီးလည်း ထိုသို့ဆိုလျှင် အရှေ့ယဝမဇ္ဈဂုံရွာသား တို့အား မင်္ဂလာနွားလားကို သားဖွားအောင် အဘယ်ကြောင့် မိန့်တော်မူပါသနည်း "

ဤတွင်မင်းကြီးလည်း ပြဿနာဖြေပုံကို သဘောပေါက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

" ဤပြဿနာဖြေပုံကို မည်သူစီရင်သနည်း "

" အရှင်မင်းကြီး သူဌေးသား မဟောသဓာ စီရင်ပါသည်"

ဝိဒေဟရာဇ်မင်းကြီးလည်း များစွာနှစ်သက်သည်။ သေနကအမတ်ကြီးအား ရှေးနည်းအတိုင်းတိုင်ပင်သည်။

" အရှင်မင်းကြီး စုံစမ်းရန်ပြဿနာကျန်ပါသေးသည်။ ဆိုင်းငံ့တော်မူပါဦးလော့ "

သေနကအမတ်ကြီးက လျှောက်တင်သည်။

BURMESE CLASSIC

## ထမင်းပြဿနာဖြေနည်း

တစ်ခါလည်း -

"ဆန်မဟုတ်၊ ရေမဟုတ်၊ ထမင်းအိုးမဟုတ်၊ မီးခနောက်မပါ။ မီးတွင်မချက်၊ ထင်းမပါ၊ မိန်းမယောက်ျား မဟုတ်သည်တို့ဖြင့် ထမင်းချဉ် ချက်၍ လမ်းမဟုတ်သည်က ပို့ဆောင်ရမည်" ဟုအမိန့်ရာဇသံ ရောက်ပြန်သည်။

မဟောသဓာလုလင်စီစဉ်ပေးသည်။

၁။ ဆန်မဟုတ်သည်မှာ - ဆန်ကွဲ

www.burmeseclassic.com

www.burmeseclassic.com



၂။ ရေမဟုတ်သည်မှာ - နှင်းရည်
၃။ ထမင်းအိုးမဟုတ်ဆိုသည်မှာ - ကိုးသစ်
၄။ ဖိုခနောက်မဟုတ်ဆို၍ - သစ်သုံးချောင်း
၅။ မီးတွင်မချက်ဆိုသဖြင့် - တစ်ပါးသော မီးမှမယူဘဲ ပွတ်ခုံစသည်တို့ဖြင့် ပွတ်ယူရရှိသောမီး
၆။ ထင်းမပါဆို၍ - သစ်ရွက်ခြောက်တို့ဖြင့်
၇။ မိန်းမယောကျ်ားမဟုတ်ရဆို၍ - ယောကျ်ားကိုယ် မိန်းမကိုယ် မထင်ရှားသူ (မိန်းမလျာ)
၈။ လမ်းမဟုတ်ဆိုသည့်အတွက် - ခရီးလမ်းမမှ မသွားစေဘဲ အိမ်ကြားပင်နား ခြေသွားလမ်းမှ သွားရောက် ပို့စေသည်။

ထမင်းချက်ပြီးသော် ချဉ်သောအရသာ အနည်းငယ် ထည့်၍ထမင်းချဉ်ဖြစ်စေသည်။

မင်းကြီးလည်းများစွာ နှစ်သက်သဘောကျသည်။

သေနကအမတ်ကြီးကမူ ရှေးနည်းအတိုင်းတားမြစ် သည်။

** ** **

www.burmeseclassic.com

www.burmeseclassic.com



## သဲလွန်ကြိုးပြဿနာစဖြစ်ခန်း

"ပုခက်ယောဉ်စီးလိုသည်၊ သဲကိုကြိုးကျစ်၍ ပို့ရမည်။ အမိန့်တော်ပြဿနာ သစ်ရောက်ပြန်သည်။

မဟောသဓာလည်း စကားအရာလိမ္မာသူနှစ်ယောက်ကို သင်ကြားပြီး မင်းကြီးထံလွှတ်လိုက်သည်။

"အရှင်မင်းကြီး မင်းကြီး၏ ပုခက်ယောဉ်ကြီးအတွက် သဲလွန်ကြိုးကို မည်သည့်အရှယ် ကျစ်ရမည်မသိပါ။ ယခင် သဲလွန်ကြိုးအဟောင်းစ တစ်ထွာခန့် နမူနာပေးတော်မူပါ"

ယောကျ်ားတမန်နှစ်ဦးက လျှောက်ထားသည်။

"အချင်းတို့ နန်းတော်တွင် သဲလွန်ကြိုးစ အဘယ်မှာ ရနိုင်ပါမည်နည်း။ မအပ်မရာလျှောက်ကြပေသည်"

ဝိဒေဟရာဇ်မင်းက မိန့်သည်။

"မှန်လှပါအရှင်ဘုရား ဘုန်းကြီးသော အရှင်မင်းကြီး ပင်လျှင် သဲလွန်ကြိုးမကျစ်နိုင်ပါက ဘုန်းညံ့သော အရှေ့ယဝမဇ္ဈဂုံးရွာသားများ အဘယ်မှာကျစ်နိုင်ပါမည်နည်း ဘုရား"

လုလင်တမန် နှစ်ဦးကလျှောက်ထားသည်။

ဤသည်မှာလည်း မဟောသဓာ၏အစီအစဉ် ဖြစ်ကြောင်းသိရ၍ မင်းကြီးသည် များစွာဝမ်းမြောက် တော်မူ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မဟောသဓာကို နန်းတော်သို့ခေါ်ရန်ဆန္ဒ ရှိသည်။ သေနကအမတ်ကြီးက တားမြစ်လျှောက်ထား၍ သာမခေါ်ဖြစ်သေးချေ။

*** *** ***

## ရေကန်ပြဿနာမပြေမှု

တစ်နေ့သော် " ရေကန်တစ်ကန်ပို့ဆောင်ရမည် " ဟူသော ရာဇသံရောက်မြန်သည်။

မဟောသဓာလည်း စကားအရာလိမ္မာ ရဲရင့်သော လူငါးယောက်ကို သင်ကြားနည်းညွှန်သည်။

မျက်လုံးများနီအောင် ရေငုပ်လာကြသည်။

တစ်ကိုယ်လုံး ရေများ၍များပေကျံနေသည်။

ကြိုးမြတ်၊ တုတ်၊ ကျောက်ခဲ စသည်တို့ကိုင်စွဲလျက် နန်းတော်သို့ရောက် ရှိလာကြသည်။

" အရှင်မင်းကြီး၏ ရာဇသံအတိုင်း ရေကန်ကို ဆောင်ယူခဲ့ပါသည် ဘုရား။ သို့သော် ထိုရေကန်ကြီးသည် တောနေကြောင့် ရိုင်းပါသည် ဘုရား။ မြို့တော်၊ ကျုံးမြောင်း၊ ပြအိုး၊ တန်ဆောင်း စသည်တို့နှင့် လူသံ၊ မြင်းသံ၊ ဆင်သံ စသည်များ ကို ကြားရသည်တွင် တောသား ရေကန်ရိုင်းသည် ကြောက်လန့်

www.burmeseclassic.com



ထွက်ပြေးသွားပါသည် ဘုရား "

တမန်ယောကျ်ားငါးဦးတို့ လျှောက်ထားကြသည်။

" ကျွန်တော်မျိုးတို့က တုတ်၊ ကျောက်ခဲ စသည်တို့ဖြင့် ရိုက်ပုတ်ပစ်ခတ် ခေါ်ယူသော်လည်း မနိုင်ပါဘုရား။ ထို့ကြောင့် အရှင်မင်းကြီးတွင် ယခင်တောက ဆောင်ယူပြီးသော ရေကန်ယဉ်မှု့ရှိပါက ခေတ္တငှားတော်မူပါ ဘုရား။ ရေကန်ယဉ် နှင့် များယောင်းခေါ်ဆောင်ပါမည် ဘုရား "

" နန်းတော်တွင် တောမှဆောင်ယူခဲ့ဖူးသော ရေကန် မရှိပါ "

" ဘုန်းကြီးသော အရှင်မင်းကြီးပင်လျှင် တောမှရေကန်ကို နန်းတော်သို့ ရောက်အောင် မဆောင်ယူနိုင်လျှင် ဘုန်းညံ့သော ကျွန်တော်မျိုးတို့ အဘယ်မှာလျှင် ဆောင်ယူနိုင်ပါမည်နည်း ဘုရား "

တမန်ယောကျ်ားတို့က လျှောက်ထားသည်။

ဝိဒေဟရာဇ်မင်းကြီးလည်း မဟောသဓာ၏ အစီအစဉ်ပင်ဖြစ်ကြောင်း သိရသဖြင့် များစွာပင်ပီတိဖြစ်သည်။ သို့သော် သေနကအမတ်၏ လျှောက်တင်ချက်ကြောင့် မဟောသဓာအား မခေါ်ဖြစ်သေး။

*** *** ***

www.burmeseclassic.com

www.burmeseclassic.com



## ဥယျာဉ်ပြုသည်မှာ

ဥယျာဉ်သစ်တစ်ခု ပို့ဆောင်ရမည်ဟူသော ရာဇသံ ရောက်ရှိလာသည်တွင် ရေကန်ပြုသနားနည်းတူပင် မဟောသဓာ၏ စီစဉ်ပေးမှုကြောင့် အစစအောင်မြင်ချောမွေ့ပါသည်။

** ** **

## ဝိဒေဟရာဇ်မင်းကြီး အရှေ့ယဝမဇ္ဈဂံရွာသို့ထွက်တော်မူခြင်း

ဝိဒေဟရာဇ်မင်းကြီးလည်း မဟောသဓာကို ကိုယ်တိုင်ဆောင်ကြဉ်းမည်ဟူသော စိတ်အကြံဖြင့် အရှေ့ယဝမဇ္ဈဂံရွာသို့ထွက်တော်မူခဲ့သည်။

သို့သော် မင်းကြီး၏မင်္ဂလာမြင်းတော်သည် ပတ်ကြားအက်တွင်ကျွံကျသဖြင့် ခြေကျိုးသောကြောင့် ပြန်လှည့်ခဲ့ပါသည်။ သေနကအမတ်ကြီးက မြင်းခြေကျိုးသည်ကို အကြောင်းပြု အခွင့်ကောင်းယူ၍ ပြစ်တင်စကား လျှောက်ထားသည်။ မင်းကြီးလည်း ဆိတ်ဆိတ်ပင် နေတော်မူသည်။

** ** **

www.burmeseclassic.com

www.burmeseclassic.com



## မြင်းပြိုင်သဘာဝမြစ်မံ

" မဟောသဓာပညာရှိ သင့်ထံသို့ ကျွန်ုပ်လာရာတွင် ငါ၏မင်္ဂလာမြင်း ခြေကျိုးရသည်။ ထို့ကြောင့် မြင်းကောင်း တစ်စီးနှင့် သူဌေးကောင်း တစ်ယောက်ပို့ဆက်ရမည် "

အမတ်တစ်ယောက်နှင့် အမိန့်စာချွန်တော် ရောက်လာပြန်သည်။

သေနကအမတ်ကြီး၏ စိတ်ကူးအကြံအစည်အတိုင်း ရေးသားလိုက်ခြင်း ဖြစ်သည်။

ဉမည်းတော်နှင့် မိမိကို ဝိဒေဟရာဇ်မင်းကြီး တွေ့လိုပြီ ဖြစ်ကြောင်း မဟောသဓာသိရှိလိုက်သည်။ ထို့ကြောင့် ဖခင်နှင့် တိုင်ပင်ဆွေးနွေးသည်။ မှာကြားစရာရှိသည်တို့ကိုလည်း မှာကြားသည်။ တစ်ထောင်သော သူဌေးအခြံအရံနှင့် လက်ဆောင်ပဏ္ဏာများယူကာ နန်းတော်သို့ သွားနှင့်သည်။

" သူဌေးကြီးသင့်လျော်ရာတွင် ထိုင်ပါ "

ဝိဒေဟရာဇ်မင်းကြီးက သိရိဝဍ္ဎနသူဌေးကြီးအား ချိုသာစွာ စကားဆို၏။ သူဌေးကြီးလည်း ရှေ့နောက်မတည့်၊ မနီးမဝေး၊ လေညာ လေအောက် ဟူသည့် အပြစ်ခြောက်ပါး ကင်းသော နေရာ၌နေ၏။

မဟောသဓာလုလင်လည်း အဝတ်တန်ဆာကောင်းစွာ ဝတ်ဆင်၍ မြွားဘက်တော် တစ်ထောင်ခြံရံ၍ နန်းတော်သို့

www.burmeseclassic.com



လာ၏။ ထိုစဉ် ကျုံးရိုးပေါ်၌ သွားနေသော မြည်းတစ်ကောင် ဖမ်းချုပ်ပြီး မျာဖြင့် လိပ်ကာယူခဲ့စေသည်။

" ချစ်သား သုခမိန် လျှောက်ပတ်သော နေရာကို သိသဖြင့် ကြည့်ရှုနေလော့ "

မင်းကြီးကအားရ ဝမ်းသာမိန့်သည်။

မဟောသဓာက အလျှက်ရောက်နှင့်နေသော ခမည်း တော်၏ မျက်နှာကိုကြည့်သည်။

" ချစ်သား ဤနေရာ၌ နေလှည့်လော့ "

တိုင်ပင်ထားသည့်အတိုင်း ခမည်းတော်သူဌေးကြီးက နေရာမှထပေးသည်။ မဟောသဓာကဖခင်၏ နေရာတွင်ဝင်၍ ထိုင်သည်။

" ဖခင်နေရာကိုယူကာထိုင်သူကား ပညာရှိမဆိုထိုက် ပေတကား "

သေနက၊ ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ ဟူသော အမတ်ကြီး လေးဦးနှင့် အခြားမှူးမတ်တို့က ပျက်ရယ်ပြုပြော ဆိုကြသည်။

မင်းကြီးလည်း မျက်နှာညှိုးလေသည်။

" အရှင်မင်းကြီး မျက်နှာမကြည်သာပါတကား၊ အကြောင်းပါနည်း "

မဟောသဓာက မေးလျှောက်သည်။

" သုခမိန် သင်၏စကားများကို ကြားရစဉ်က အလွန်

www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်ခဲ့သည်။ ယခုမြင်ရပုံကား နှစ်သက်ဖွယ်မဟုတ်တကား"

" နေရာတိုင်းတွင် ဖခင်ကသားထက် မြင့်မြတ်သည်မဟုတ်ပါသလား အရှင်မင်းကြီး "

" ထင်မှတ်ပေတယ် "

ထိုအခါ ဖမ်းချုပ်လာခဲ့သော မြည်းကိုသွင်းစေသည်။ မင်းကြီး၏ ခြေရင်း၌လှဲသိပ်စေသည်။

" အရှင်မင်းကြီး ဤမြည်းထီးသည် မည်မျှတန်ဖိုးရှိပါသနည်း "

" ရှစ်ကျပ်ခန့်မျှသာတန်ပါသည် "

" အရှင်မင်းကြီး ဤရှစ်ကျပ်တန် မြည်းထီးနှင့်ဆက်ဆံ၍ အာဇာနည်မြင်းမဝမ်းဖြစ်သော အသဿတိုရ်မြင်းကောင်းကား - အဘယ်မျှအဖိုးထိုက်ပါမည်နည်း "

" အသဿထိုရ်မြင်းတို့၏ တန်ဖိုးကား အတိုင်းအဆမရှိပါ "

" အရှင်မင်းကြီး နေရာတိုင်းတွင် အဖကသားထက်မြတ်သည်ဟု မဆိုထိုက်ပါ။ ဖခင်မြည်းနှင့် သားအသဿထိုရ်တို့၏ သာဓက ကို ရှင်းနေပါပြီ။ မင်းကြီး၏သုခမိန်တို့သည် ဤမျှလောက်ပင် မသိကြသလော။ ဤနေရာတွင်လည်း ဖခင်ကကျွန်ုပ်ထက်မြတ်လျှင် ဖခင်ကိုရွေးပါ။ ကျွန်ုပ်ကဖခင်ထက်မြတ်လျှင် ကျွန်ုပ်ကိုရွေးပါ "

မဟောသဓာက ရဲရင့်စွာလျှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ မင်းကြီးက ဝမ်းသာအားရ ဖြစ်တော်မူသည်။ မှူးမတ်ပရိသတ်တို့လည်း ဝမ်းမြောက်ဝမ်းသာ ဩဘာပေးကြသည်။ သေနက၊ ဒေဝိန္ဒ၊ ကာမိန္ဒနှင့် ပက္ကုသတို့ကား မျက်နှာမဖော်ရဲ။

" မဟောသဓာကို သားအရာထားတော်မူသည် "

မင်းကြီးကမိန့်တော်မူသည်။

သူဌေးကြီးအားလည်း စည်းစိမ်ခြွေရံများစွာ ပေးပြီး ဖြန့်လွှတ်တော်မူသည်။

မဟောသဓာလည်း နှစ်သက်ရာတွင် အိမ်ဆောက်စေပြီး အခြွေအရံကစ်တောင်နှင့်အတူ မြောက်စားထားလေသည်။

မှတ်ချက်။ ။ အဿထိုရ်မြင်း - မြင်းမနှင့် မြည်းဖိုတို့ပေါင်းဖက် သင့်မြတ်၍ ပေါက်ဖွားသောမြင်း။ သာမန်မြင်းတို့ထက် ရှုန်မြတ်သောမြင်း။

** ** **

## မဏ္ဍမြားဆက်ခြင်း

မြို့၏တောင်တံခါးဝနှင့်မနီးမဝေးတွင် ရေကန်တစ်ကန်ရှိ၏။ ရေကန်အနီး၌ ထန်းပင်တစ်ပင်ရှိ၏။ ထိုထန်းပင်၌

www.burmeseclassic.com

www.burmeseclassic.com



ကျိုးသိုက် တစ်သိုက်ရှိ၏။

ကန်ရေပြင်သည် နီရဲနေ၏။ ရေပြင်အောက်တွင် အလွန်အဖိုးထိုက်တန်သော ပတ္တမြားရှိ၍သာ ဤသို့ကန်ရေပြင် နီရဲနေခြင်းဟု ယူဆကြ၏။

" ကန်တွင်းရှိ ပတ္တမြားသည် မင်းကြီးနှင့်သာ ထိုက်ပေသည် "

မြို့သူမြို့သားတို့က လျှောက်ထားကြ၏။

" ပတ္တမြားကို ဆယ်ယူလော့ "

မင်းကြီးကမိန့်၏။

သေနကအမတ်သည် မင်းမိန့်ဖြင့် မြို့သူမြို့သားတို့အား ဆင့်ခေါ်၏။ ကန်တွင်းမှ ရေနှင့်ရွှံ့နွံများကို ခပ်ထုတ်စေ၏။ ပတ္တမြားကို ရှာသော်မတွေ့။ ရေပြန်ဝင်း ကြည်၏။ ကန်ရေပြင်တစ်ခုလုံး ရဲရဲနီသော ပတ္တမြားရောင်သည် လွှမ်း၏။

ရှေးနည်းအတိုင်း သုံးကြိမ်သုံးခါ ပြုကာရှာ၏။ ပတ္တမြားကိုမတွေ့။

" ချစ်သား ထိုပတ္တမြားကိုထုတ်ယူပေးနိုင်ပါမည်လော"

မင်းကြီးက မဟောသဓာအား မေး၏။

" ပညာရှိဆိုက လွယ်ကူစွာပင် ဆောင်ရွက်နိုင်ပါသည်။ ပညာမရှိကြ၍သာ ပင်ပန်းနေခြင်းဖြစ်ပါသည်။ ထိုပတ္တမြားကို ကျွန်ုပ်ဆက်သပါမည် "

မဟောသဓာက ထိုသို့လျှောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မင်းကြီးနှင့်အတူ ကန်ပေါင်ရိုးသို့ ရောက်သည်။ ကန်ပေါင်တွင်ဒုံကာ ပတ္တမြားရောင်လာရာသို့ ရှုစမ်းသည်။

"အရှင်မင်းကြီး ပတ္တမြားသည် ရေကန်တွင်မရှိပါ။ စင်စစ် ထိုထန်းပင်ထက် ကျီးသိုက်ထဲတွင်ရှိနေခြင်းဖြစ်ပါသည်"

ထို့နောက် ရေခွက်တစ်ခွက်ဖြင့် ပတ္တမြားထိုးပုံကို မင်းကြီးအား လက်တွေ့ပြပါသည်။ ထို့နောက် မင်းချင်းတစ်ယောက်အား ထန်းပင်ပေါ်သို့တက်စေကာ ပတ္တမြားကို ယူနိုင်ပါသည်။

မဟောသဓာဆိုသည့်အတိုင်းပင် ပတ္တမြားကို တွေ့ရပါသည်။ မဟောသဓာအား မင်းကြီးက ပြည်သူအပေါင်းက ချီးကျူးကြပါသည်။ အမတ်လေးဦးကား ခေါင်းပဖော်ရဲအောင်ပင်။

*** *** ***

## မာနတက်သော ပုတ်သင်

တစ်နေ့ ဝိဒေဟရာဇ်မင်းကြီး ဥယျာဉ်တော်သို့ အထွက်ပွင့် ဖြစ်ပါသည်။ ကံ့ရွက်များတွင်နေသော ပုတ်သင်တစ်ကောင် သည် ဆင်းလာသည်။ မင်းကြီးကို

www.burmeseclassic.com



ရှေးရှုကာ ဝပ်လျက်နေသည်။

" ချစ်သားသုဝဏ်ဏ ကျွဲပုတ်သင်သည် မည်သို့ပြုသနည်း"

" အရှင်မင်းကြီး ကျွဲပုတ်သင်သည် အရှင်မင်းကြီးကို မြင်သည်တွင် အုန်းမှတ်ကြောင့် အရှင်ဟူသော အမှတ်ဖြင့် ခစားခြင်းဖြစ်ပါသည်။

မဟောသဓာကလျှောက်ထားသည်။

မင်းကြီးလည်း -

" ကျွဲပုတ်သင်အား တစ်နေ့လျှင် အမဲလေးရွေးဖိုး ကျွေးစေ"

မင်းခယောက်ျားတစ်ဦးအား တာဝန်ပေးလေသည်။ မင်းကြီးဆိုသည့်အတိုင်း ထိုနေ့မှစ၍ အမြဲလေးရွေးဖိုးကျွေး၏။

ဥပုပ်နေ့တစ်နေ့ဖြစ်သည်။

မုဆိုးတို့သားငါးမလုပ်။ ထို့ကြောင့် ဈေးတွင် အမဲမပေါ်ချေ။ သို့နှင့် မင်းခယောက်ျားလည်း အသပြာလေးရွေးကို ဖောက်၍ ပုတ်သင်၏လည်၌ ဆွဲပေး၏။

ထိုနေ့မှစ၍ အသပြာလေးပြားရှင် ပုတ်သင်လည်း မာန်တက်၏။ ထိုနေ့တွင်ပင် ဝိဒေဟရာဇ်မင်းကြီးလည်း ဥယျာဉ်တော်သို့ထွက်၏။ ပုတ်သင်သည် ဥစ္စာမာန်တက်နေသော ကြောင့် ယခင်ကကဲ့သို့ မင်းကြီးအား ဂါရဝမပြုတော့ပေ။ မင်းကြီးက အကြောင်းအရင်းကို သိလိုသဖြင့်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



" မင်းကြီး ဤပုတ်သင်သည် ရှေးကမရစဖူးသော ဝဲဝက် (လေးရွေး) ဥစ္စာကိုရသောကြောင့် မာန်တက်ကာ မင်းကြီးကို ဂုဏ်ပြိုင်ပြီး ဂါရဝမပြုတော့ဘဲ မေးတညိတ်ညိတ် ပြုခြင်းဖြစ်ပါသည်။

မင်းကြီးလည်း တာဝန်ကျမင်းခယောက်ျားအား ခေါ်၍ စစ်မေး၏။ မဟောသဓာလျှောက်တင်သည့်အတိုင်းမင် မှန်ချေ၏။ မင်းကြီးလည်း မဟောသဓာအားများစွာ ချီးမွမ်း၏။

** ** **

## ဘုန်းမတန် ကံမမျှလျှင်

တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးတွင် သမီးတစ်ဦးရှိ၏။ နတ်သမီးတမျှလည်း လှပချောမောသည်။ ဘုန်းကံဉာဏ်ပညာနှင့်လည်း ပြည့်စုံသည်။

ဆရာကြီး၏တပည့် မိတ္တဝိလာပြည်သား ဝိဂုဏ္ဍရလုလင် နှင့် သမီးတော်အား ဆရာကြီးက ထိမ်းမြားပေးလိုက်သည်။ ဝိဂုဏ္ဍရလုလင်သည် ဘုန်းကံနည်း၏။ ဆရာကြီး၏သမီးကို ချစ်မြတ်နိုးခြင်းမရှိ။ မိတ္တဝိလာအပြန်ခရီးတွင် ဆရာကိုးအား ကြောင့်၍သာ ခေါ်သွားရသော်လည်း အနီးသို့အကပ်မခံ။ လင်ဟူသော အမှတ်ဖြင့် ဆရာကြီး၏သမီး အနီးအပါးသို့ ချဉ်းကပ်သည်ပင်လျှင် ဘုန်းမတူ ကံမမျှသဖြင့် အကပ်မခံနိုင်

www.burmeseclassic.com

www.burmeseclassic.com



တိမ်းရှောင်၍သသာ နေလေသည်။

ခရီးဆက်ခဲ့ကြရာ မြို့တော်အနီးသို့ ရောက်လာသည်။ ရေသဖန်းပင်ကို တွေ့သဖြင့် အပင်ပေါ်တက်ကာ ရေသဖန်းသီးစားသည်။ ဇနီးသည်အတွက် မူတစ်လုံးမျှမပေး။

" အရှင့်သား၊ အကျွန်ုပ်ဖို့လည်း ရေသဖန်းသီး ချလိုက်ပါလော့ "

" အဘယ်ကြောင့် ငါချရမည်နည်း။ လက်ခြေမရှိသလော။ တက်၍စားလော့ "

သတို့သမီးလည်း ဆာမွတ်သောကြောင့် တက်၍စား၏။ ဝိဂ္ဂတ္တရသည် သတို့သမီးတက်သည်နှင့် ရေသဖန်းပင်မှ ချက်ချင်းဆင်း၍ ထက်ဝန်းကျင်တွင် ဆူးများဝိုင်းထားလိုက်၏။

" သူယုန်လက်မှ ငါလွတ်ပြီ "

ဝိဂ္ဂတ္တရလုလင်သည် ထွက်ပြေး၏။

ဇနီးတော်စပ်သူမှာ ရေသဖန်းပင်ပေါ်မှ မဆင်းနိုင်ရှာပေ။

**မှတ်ချက်** ။

၁။ တက္ကသိုလ် = တစ်ဆယ့်ရှစ်ပါးသော အတတ်တို့ကို သင်ကြားပို့ချရာ အချက်အချာဒေသ။

၂။ ဒိသာပါမောက္ခ = အရပ်ထက်ဝန်းကျင်တွင် ထင်ရှားသော ဆရာကြီး။

၃။ ဝိဂ္ဂတ္တရ = မည်းနက်သောဥတ္တရလုလင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဝိဒေဟရာဇ်မင်းကြီးသည် ဥယျာဉ်ကစားပြီး ပြန်လာသည်။ ချောမောတင့်တယ်ဘိသော သတို့သမီးကို ဆင်ထက်မှနေ၍ လှမ်းမြင်သည်။

ဘ၀ဟောင်းက ရေစက်ရှိသည်ဖြစ်၍ ခုံမင်သော စိတ်ရှိသည်။ အမတ်တစ်ဦးကို လွှတ်ကာလင်ရှိ မရှိ စုံစမ်းခိုင်းသည်။

"အရှင်၊ အကျွန်ုပ်ကား တက္ကသိုလ်ပြည်၊ ဒိသာပါမောက္ခကြီး၏ သမီးဖြစ်ပါသည်။ အဖက မိတ္ထီလာပြည်သားလုလင်နှင့် ထိမ်းမြား လိုက်ပါ... ထိုလင်သည် အ... အားနှစ်လိုစုံမက်ပေါင်းဖက်ခြင်း မရှိ။ ယခုရေသမန်းပင်ပေါ်၌ စွန့်ပစ်သွားပါသည်"

ထို အ... ဖြစ်စကားကို ကြားရလျှင် မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သည်။ ဆင်ကိုရေသဖန်းပင် နားကပ်စေကာ သတို့သမီးကို ဆင်ထက်တင်၍ ခေါ်ခဲ့သည်။ နန်းတော်သို့ရောက်လျှင် "ဥဒုမ္ဗရဒေဝီ" ဟူသော ဘွဲ့အမည်ဖြင့် "အဘိသေကမင်္ဂလာ" ကြီးကို ဆောင်လျက်တောင်ညာစံ မိဖုရားကြီး မြှောက်သည်။

တစ်နေ့သော် ဝိဒေဟရာဇ်မင်းကြီးသည် များစွာသော အခြံအရံနှင့် ဥယျာဉ်တော်သို့ သွားလိုသည်။ ထို့ကြောင့် သွားလမ်းရှိ ရပ်ကွက်သားများအား လမ်းပြင်ခိုင်းသည်။ ဝိဂ္ဂရဲ့ လုလင်သည် ထိုရပ်ကွက်သားဖြစ်သဖြင့် လမ်းပြင်နေရာတွင်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

လမ်းပြဉ်စဉ်မင်းကြီးလည်း ထွက်လာသည်။

ပုဆိုးနံငယ်ပိုင်းကို ဝတ်ကာလမ်းပြင်နေသော ဇီဂိုဏ္ဍ လုလင်ကို ဆင်ထက်က ဥဒုမ္ဗရဒေဝီမြင်သည်။ ဘုန်းမတန် ကံမမျှသောကြောင့် မိမိအပါးမချဉ်းကပ်နိုင်ဘဲ မိမိအား စွန့်ပစ် ပေးသူကို မှတ်မိကာ ရယ်မောမိလေသည်။

" အဘယ်ကြောင့် ရယ်မောဘိသနည်း "

ဥဒုမ္ဗရဒေဝီက ဇာတ်ကြောင်းပြန်ပြောပြသည်။

မှတ်ချက် ။

၁။ ဥဒုမ္ဗရဒေဝီ = ရေသဖန်းပင်မှ ရသောမိဖုရား။

၂။ အဘိသေကမင်္ဂလာ = အောင်ရေသွန်းလောင်းသောမင်္ဂလာ။

" မဖြစ်နိုင်ချေတကား ဤမျှလှပချောမောသော မိန်းမကို အဘယ်ယောကျ်ားသည် စွန့်ပစ်သွားနိုင်အံ့နည်း။ သင့်စကားသည် မုသားများဖြစ်ချေသည် "

မင်းကြီးသည် ဒေါသထွက်ပြီး သံလျက်ဖြင့် ..းရန် ဟန်ပြင်သည်။

" အရှင်မင်းကြီး ပညာရှိကိုစုံစမ်းပြီးမှ အကျွန်ုပ်အား သတ်သင့် သတ်ထိုက်ကသတ်ပါ "

" အသင် သေနကအမတ်ကြီး မိဖုရားကြီး၏ လျှောက်တင်ချက်ကို ယုံပါသလော "

" မင်းကြီး ဤမျှလှပချောမောသော မိန်းမအား စွန့်ပစ်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်ဆိုသည်မှာ မဖြစ်နိုင်ပါ"

သေနကအမတ်ကား မင်းလိုလိုက် မင်းကြိုက်လျှောက်ထားတတ်သူဖြစ်သည်။ မင်းကြီးလည်း ဥဒုမ္ဗရဒေဝီကို ချစ်ရင်းစွဲရှိသည်နှင့် စိတ်ကို ထိန်းကာ မဟောသဓာကို မေးသည်။

"အရှင်မင်းကြီး မိဖုရားကြီး၏စကားကို ကျွန်ုပ်ယုံကြည်ပါသည်။ ဘုန်းမတန် ကံမမျှလျှင် အတူတကွဆက်ဆံပေါင်းသင်းရန် မဖြစ်နိုင်ပါချေ။ ထိုသူသည် ဘုန်းမဲ့သူဖြစ်သောကြောင့် ဘုန်းရှိသူ မိဖုရားကြီးနှင့် မထိုက်သူသာ ဖြစ်ပါသည်အရှင်"

မဟောသဓာက လျှောက်ထားသည်။

မင်းကြီးလည်း အမျက်ဒေါသပြေငြိမ်းသည်။

"ချစ်သား မဟောသဓာကြောင့် မိန်းမမြတ်မတစ်ဦး မဆုံးရှုံးရချေတကား"

ထိုနေ့မှစ၍ မိဖုရားကြီးကလည်း မဟောသဓာကို မောင်ငယ်အရာထားသည်။

ဝိဒေဟရာဇ် မင်းကြီးကလည်း တံခါးမှူးတို့အား -

"မဟောသဓာထံသို့ ဥဒုမ္ဗရာဒေဝီမိဖုရားက ခဲဖွယ်စားဖွယ်ပို့စေသူတို့ကို မည်သည့်အချိန်မဆို ထွက်ဝင်စေ။ မဆီးမတားနှင့်"

ဟုမိန့်တော်မူသည်။ ထိုနေ့မှစ၍ ဥဒုမ္ဗရဒေဝီနှင့် မဟောသဓာတို့သည် အစ်မကြီးနှင့် မောင်ငယ်ရင်းသဖွယ် ယုံကြည်မြတ်နိုးခြင်း ဖြစ်ကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## မိတ်ဖွဲ့သော ခွေးနှင့်ဆိတ်

နံနက်ဇာပွဲတော်တည်ပြီးနောက် မင်းကြီးသည် နန်းဆောင်အတွင်း စင်္ကြံလျှောက်သည်။ ပြူတင်းပေါက်မှ လှမ်းကြည့်လိုက်ရာတွင် အံ့ဩဖွယ်မြင်ကွင်း တစ်ခုကို တွေ့မြင်လိုက်ရသည်။

သဘာဝအားဖြင့် ရန်ဘက်ဖြစ်သော ခွေးနှင့်ဆိတ်တို့မိတ်ဆွေဖြစ်နေကြခြင်းပင် ဖြစ်ပါသည်။

အကြောင်းရင်းမှာ ဤသို့ဖြစ်ပါသည်။

ထိုဆိတ်သည် ဆင်တင်းကုပ်သို့သွားသည်။ ဆင်ကိုကျွေးသော မြက်ကိုစားသည်။ ဆင်ထိန်းက တွေ့သဖြင့် သေလုဘနန်းရိုက်လွှတ်သည်။ ထိုဆိတ်သည် ထွက်ပြေးကာ နန်းတော်နံရံကို မှီကာနေရသည်။

ခွေးတစ်ကောင်သည်လည်း စားတော်ကဲအလစ်တွင် စားဖိုအိမ်သို့ ဝင်ကာအမဲဟင်းကို ခိုးစားသည်။ စားတော်ကဲ တွေ့၍ သေလုဘနန်းရိုက်လွှတ်သည်။ ထိုမှခွေးသည် ထွက်ပြေးရာ ဆိတ်နားနေရာသို့ရောက်သည်။

ဆိတ်ကလည်း ဆင်တင်းကုပ်သို့ မသွားဝံ့တော့ချေ။ ခွေးကလည်း စားဖိုအိမ်သို့ မသွားဝံ့တော့ချေ။ ဤတွင် ဆိတ်၏ အကြံပေးချက်အရ တစ်ဦး၏အစာကို တစ်ဦးကယူပေးသည်။ ဆင်ထိန်းနှင့် စားဖိုမှူးတို့လည်း မရိပ်မိတော့ချေ။ သို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးသည် မိတ်ဆွေဖြစ်နေကြလေတော့သည်။

မင်းကြီးသည် ထိုကိစ္စကို ပြဿနာလုပ်ပြီး သုခမိန်တို့အားမေးသည်။

" လောကတွင် မည်သည့်အခါကမှ မိတ်ဆွေအဖြစ်ခုနစ်လှမ်းပြည့်အောင် မသွားဖူးသော သတ္တဝါနှစ်ဦးသည် မိတ်ဆွေရင်းဖြစ်နေကြသည်။ အဘယ်ကြောင့်ပါနည်း။ သုခမိန်တို့ဖြေကြလော့။ မဖြေနိုင်ပါက တိုင်းပြည်မှနှင်ထုတ်ရပေလိမ့်မည် "

တစ်ရက်မျှ စဉ်းစားခွင့်ပြုရန် ခွင့်တောင်းသည်။ မင်းကြီးကလည်း ခွင့်ပြုသည်။

မင်းကြီးထံမှ ထပြီးလျှင် မဟောသဓာသည် အမှုကိုဆင်ခြင်လိုသောကြောင့် ဥဒုမ္ဗရဒေဝီမိဖုရား ထံသို့သွားသည်။

" အရှင်မိဖုရား ယမန်နေ့နှင့် ယနေ့၌မင်းကြီးသည် အဘယ်အရပ်တွင် ကြာမြင့်စွာရပ်နေတော်မူသနည်း "

" မောင်ငယ် ယနေ့မင်းကြီးကြာမြင့်စွာ ရပ်နေသည်ကိုကား မမြင်၊ ယမန်နေ့ကမူ စင်္ကြံရည်၌ လေသာပြတင်းဖြင့် မျှော်ကြည့်တော်မူလျက် ကြာမြင့်စွာမင် စင်္ကြံကြွတော်မူသည်ကိုမြင်ပေသည် "

မဟောသဓာလည်း ထိုနေရာသို့သွား၍ လေ့လာသည်။ ဆိတ်နှင့်ခွေးတို့ မိတ်ဆွေဖွဲ့နေသည်ကို တွေ့ရသည်။

မဟောသဓာလည်း စူးစမ်းထောက်လှမ်းခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အလုံးစုံကို သိရှိလေသည်။ ကျန်သော အမတ်လေးဦးမှာ အနည်းငယ်မျှပင် စဉ်းစား၍မရ။ ထို့ကြောင့် မဟောသဓာ ထံလာရောက် တပည့်ခံကြရသည်။ မဟောသဓာလည်း မင်းပစ်မှ လွတ်ရုံမျှသာအဖြေအနည်းစီကို တစ်ယောက် တစ်မျိုးစီ သင်ကြားပေးလိုက်လေသည်။

နောက်တစ်နေ့ညီလာခံ။

" မင်းကြီး လူတို့သည် ဆိတ်သားကိုသာ စားသုံးကြသည်။ ခွေးသားကို မစားကြပါ။ အသားချင်း မတူသော ဆိတ်နှင့်ခွေး တို့မိတ်ဆွေဖွဲ့ပုံပေးပါဘယ် "

သေနကအမတ်ကြီးက ဖြေကြားလျှောက်ထားသည်။

" မင်းကြီး လူတို့သည် ဆိတ်ရေကိုသာ မြင်းကုံးနှီးလုပ်ကြပါသည်။ ခွေးရေကို မလုပ်ကြပါ။ အရေချင်းမတူသော ဆိတ်နှင့်ခွေးတို့ မိတ်ဆွေဖွဲ့ပုံပေါ်ပါတယ် "

ပက္ကုသအမတ်က ဖြေကြားလျှောက်ထားသည်။

" မင်းကြီး ဆိတ်တွင်ကောက်လိမ်သော ချိုရှိပါသည်။ ခွေးတွင်ချို မရှိပါ။ ဆိတ်ကမြက်ကိုစားပြီး၊ ခွေးကအသားကို စားပါသည်။ ထိုသို့ သဘာဝချင်းမတူသော ဆိတ်နှင့်ခွေးတို့ မိတ်ဆွေဖွဲ့ပုံပေါ်ပါတယ် "

ကာမိန္ဒအမတ်က ဖြေကြားလျှောက်ထားသည်။

" မင်းကြီး ဆိတ်သည်မြက်သစ်ရွက်ကို စားပါသည်။ ခွေးသည် မြက်သစ်ရွက်ကို မစားပါ။ ယုန်၊ ကြောင် စသည်တို့

www.burmeseclassic.com



ကိုဖမ်း၍ စားပါသည်။ ကိုသို့ သဘာဝချင်းမတူသော ဆိတ်နှင့် ခွေးတို့ မိတ်ဆွေဖွဲ့ပုံပေါ်ပါသည်။

ဒေဝိန္ဒအမတ်က ဖြေကြားလျှောက်ထားသည်။

အမတ်လေးဦးသားသည် ဇစ်မြစ်အကြောင်းရင်းကို သိသည်မဟုတ်။ မဟောသဓာသင်ပေးသမျှသာ ဖြေခြင်းဖြစ်၏။ ပညာရှိဟန် ပလွှားခြင်းဖြစ်၏။

မင်းကြီးသော်ကား ပြဿနာ၏ သဘောလက္ခဏာကို သိပြီးဖြစ်သဖြင့် ဆိတ်နှင့်ခွေးကြားရုံမျှဖြင့်ပင် သိနိုင်ကြပေစွ" ဝမ်းမြောက်တော်မူလေသည်။

" အရှင်မင်းကြီး ခြေလေးချောင်း ဆိတ်သတ္တဝါသည် ခြေလေးချောင်း ခွေးသတ္တဝါအတွက် စားဖိုအိမ်မှအမဲသားကို ခိုးယူပေးသည်။ ခွေးကလည်း ဆင်တင်းကုပ်မှ မြက်ကိုဆိတ်အတွက် ခိုးယူပေးပါသည်။ ဤသို့ တစ်ဦး၏အစာကို တစ်ဦး ယူပေးပြီး မိတ်ဆွေဖွဲ့ကြသည်ကို အရှင်မင်းကြီး မြင်ဟန်တူပါသည်အရှင်ဘုရား "

မဟောသဓာကဖြေကြား လျှောက်ထားလေသည်။

မင်းကြီးလည်း များစွာဝမ်းမြောက်သည်ဖြစ်၍ တစ်ဦးလျှင် အဿတရ်မြင်းကသော ရထားတစ်စီးနှင့် ရွာတစ်ရွာစီ အခွန်စားဆု ချီးမြှင့်လေသည်။

*** *** ***

www.burmeseclassic.com

www.burmeseclassic.com



## ပညာကမြတ်သလော၊ ပစ္စည်းဥစ္စာကမြတ်သလော

တစ်နေ့သောညီလာခံတွင် ပညာကမြတ်သလော၊ ပစ္စည်းဥစ္စာကမြတ်သလော ဟူ၍ ဝိဒေဟရာဇ်မင်းကြီးက အမေးတော်ရှိသည်။

သေနကအမတ်ကြီးက ပစ္စည်းဥစ္စာကမြတ်ကြောင်း လျှောက်ထားသည်။ မဟောသဓာက ပညာကမြတ်ကြောင်း လျှောက်ထားသည်။

တစ်ဦးနှင့်တစ်ဦး သူနိုင် ကိုယ်နိုင် သာဓက အထောက်အထား အကိုးအကားများနှင့် လျှောက်ထားကြ၏။

" မင်းကြီး လက်တွေ့ပင်ကြည့်ပါ။ ကျွန်ုပ်တို့ ငါးဦးစလုံးမှာ ပညာရှင်များဖြစ်ပါသည်။ သို့သော်လည်း စည်းစိမ်ရှင် မင်းကြီးထံ ခစားနေရသည်ကို ကြည့်ပါ။ ဤသည်ကပင် ပညာထက် ဥစ္စာကသာလွန်ကြောင်း ပေါ်လွင်နေပါသည်။

သေနကအမတ်က အပိုင်လျှောက်ထားသည်။

" အရှင်မင်းကြီး ဥစ္စာစည်းစိမ်မည်မျှပင် ရှိပါစေ ပညာမရှိပါက အရေးကြုံလျှင် ပညာရှိသူကိုသာ ဆည်းကပ်ရပါသည်။ ပညာရှိမှသာလျှင် ပေါ်ပေါက်လာသော အရေးကိစ္စ အကြောင်းကြီးငယ်ကို လွယ်ကူစွာ ဖြေရှင်းနိုင်ပါသည်။ ထို့ကြောင့် ပညာကစည်းစိမ်ထက် ပို၍မြတ်ပါသည် "

မဟောသဓာက လျှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သေနကအမတ်တွင် လျှောက်ထားစရာကုန်ချေပြီ။ မဟောသဓာကပင် ဆက်လက်၍ လျှောက်ထားသည်။

" အရှင်မင်းကြီး ဘုရားအစရှိသော သူတော်ကောင်းများသည် ပညာရှိကိုသာ ချီးမွမ်းတော်မူပါသည်။ ပညာကိုမှီ၍ သာဒါန၊ သီလအစရှိသော ကုသိုလ်ကိုပြုကြသည်။ ထို့ကြောင့် စည်းစိမ်ကိုရခြင်း ဖြစ်ပါသည်။ တရားမှန်းမသိသော စည်းစိမ်ရှင် သူမိုက်ကိုဘုရားအစရှိသော သူတော်ကောင်းတို့သည် ရှုံ့ရှာကဲ့ရဲ့၏။ အရှင်မင်းကြီး လောကသုံးပါး၌ အမြတ်တကာတို့၏ အထွက်ဖြစ်သော အမြတ်သည် သဗ္ဗညုတဉာဏ်တည်းဟူသော ပညာရှင်မြတ်စွာဘုရားသာ ဖြစ်ပါသည်။ အဘယ်စည်းစိမ်ရှင် သူမိုက်မှပညာရှင်ကို ကျော်လွန်နိုင်သည် မရှိပါ။ ထို့ကြောင့် ပညာကသာလျှင် မြတ်ပါပေသည် အရှင်မင်းကြီး "

မဟောသဓာသည် တစ်ဖက်သား ချေပစရာမရှိအောင် လျှောက်ထားတင်ပြသည်။

သေနကအမတ်မှာ မည်သို့မျှ ခွန်းတုန့်ပြန်နိုင်ခြင်း မရှိ။

ဝိဒေဟရာဇ်မင်းကြီးမှ သားအရာထားသော မဟောသဓာကို များစွာနှစ်ထောင်း အားရရှိ၏။ ထို့ကြောင့် နို့စားနွားမတစ်ကောင်၊ ဆင်တစ်စီး၊ အာဇာနည်မြင်းကသော ရထားတစ်စီး၊ ရွာကြီးတစ်ဆယ့်ခြောက်ရွာကို ဆုလာဘ်အဖြစ် ပေးသနားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆီတ်နှင့်ခွေးတို့ မိတ်ဆွေဖွဲ့ခြင်းပြုသနာကပင် မဟောသဓာကြောင့် အမတ်လေးဦးတို့ တစ်စွန်းတစစီမျှ ဖြေဆိုနိုင်ခြင်းဖြစ်ကြောင်း ဥဒုမ္ဗရဒေဝီက မင်းကြီးအား လျှောက်ထားခဲ့သည်။ ယခု တင်ရှားကွဲပြားစေ၍ မဟောသဓာ အား ထိုအမတ်လေးဦးတို့ထက် သာလွန်မြောက် ကစားခြင်းဖြစ် လေသည်။

** ** **

## အမရာဒေဝီရှာဖွေခန်း

မဟောသဓာ ၁၆-နှစ် အရွယ်သို့ ရောက်လာသည်။

မင်းပေးစည်းစိမ် ဥစ္စာအခြွေအရံသင်းပင်းလည်း များလှသည်။ ထိန်းသိမ်းစောင့်ရှောက်ရန် ကြင်ဖက်ကောင်း လိုပြီဖြစ်သည်။

မင်းနှင့် မိဖုရားတို့လည်း ထိုသို့ပင်အကြံရှိသည်။

ဥဒုမ္ဗရဒေဝီက မောင်ငယ် မဟောသဓာကို ကြင်ဖက် ရှာရန်သင့်ပြီ ဖြစ်ကြောင်းအကြံပြုသည်။

မဟောသဓာလည်း ကြင်ဖက်ရှာဖွေရန် အပ်ချုပ်သမား အသွင်ဖြင့် မြို့မြောက်တံခါးမှ ထွက်ခဲ့သည်။

ဥတ္တရယဝမဇ္ဈဂုံးရွာတွင် စည်းစိမ်ပျက်သော သူဌေး လင်မယားတွင် အမရာမည်သော သမီးတစ်ယောက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇနီးလောင်းအရှာသွားသော မဟောသဓာသည် အမရာနှင့် လမ်းဝယ်တွေ့သည် အပြန်အလှန် မေးမြေပညာစမ်းကြသည်။ ထို့နောက် မဟောသဓာသည် အမရာ၏အိမ်သို့ သွားသည်။ အပ်ချပ်သည်ဟန်ဖြင့် အဝတ်အထည်စုတ်များကို ချပ်သည်။

ထို့နောက် အမရာ၏စိတ်နေသဘောထားနှင့် ပညာအရည်အသွေး အဆင့်အတန်းကို အမျိုးမျိုးစံစမ်းသည်။ နှစ်သက်သဖြင့် မိဖုရားကြီးအား လျှောက်ထား၍ ဆောင်ယူလေသည်။

** ** **

## မဟောသဓာနှင့်စအောင်ပွဲများ

တစ်နေ့ထက်တစ်နေ့ တိုးတက်အောင်မြင်လာသော မဟောသဓာကို အမတ်ကြီး လေးဦးသည် လုံးဝမနာလိုပေ။

ထို့ကြောင့် ခိုးသူဖြစ်ဟန် ပရိယာယ်ဆင်၍ လျှောက်တင်ကြသည်။ မင်းကြီးလည်း လျှောက်တင်ချက်ကို ယုံကြည်သည်။ အပြစ်ဒဏ်ခတ်ရန် အမိန့်ချမှတ်သည်။

ထို့ကြောင့် မဟောသဓာသည် တောင်မရွှေဂုံးရွာသို့ အလွတ်ရှောင်ပြေးရသည်။

ထိုအခါ အမရာသည် မိမိ၏ပညာဉာဏ်ဖြင့် အမတ်ကြီး လေးယောက်တို့ ကြံစည်သောအပြစ်တို့ကို ထင်ရှားစေသည်။ အမတ်ကြီးတို့အားလည်း အရှက်ရအောင်ပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးအား အ ကို လျှောက်ထားသည်။

ထိုသရောအခါတွင် ထီးချက်စောင့် နတ်သမီးဇာပုစ္ဆာ (၄) ရပ်ကိုမေးသည်။ မည်သူမျှ ဖြေဆိုနိုင်ခြင်းမရှိချေ။ ထို့ကြောင့် မင်းကြီးလည်း မဟောသဓာကို ရှာဖွေစေသည်။ အိုးထိန်းသည် အိမ်မှခေါ်လာ ဖြေကြားစေသည်။ မဟောသဓာ ဖြေဆိုနိုင်သဖြင့် စစ်ဘုရင်သေနာပတိအဖြစ် ချီးမြှောက်လေသည်။

ထို့နောက် " လျှို့ဝှက်အပ်သော ကိစ္စကိုမည်သူ့အား မျှမပြောရာ " ဟူသော ပြဿနာတွင် သေနကနှင့် အမတ်ကြီးတို့ အရေးရှုံးနိမ့်သည်။ ထိုအခါမှစ၍ မဟောသဓာသုခမိန်သည် ဝိဒေဟရာဇ်တိုင်းကြီးကို ဘုရင့်ကိုယ်စား စီမံခန့်ခွဲလေသည်။

တစ်ခါသော် -

ဥတ္တရာပဉ္စာလရာဇ်ပြည်မှ စူဠနီဗြဟ္မမင်းသည် အတိုင်းတိုင်း အပြည်ပြည်ကို သိမ်းယူသည်။ မိတ္ထီလာပြည်ကိုလည်း စစ်ပြုသည်။

ဝိဒေဟရာဇ်မင်းသည် မဟောသဓာ၏ အစီအမံအဆောင်အရွက်ဖြင့် ရန်သူကို တွန်းလှန်နိုင်ခဲ့သည်။ ထို့မျှမက ဆိုဗြဟ္မဟက်မင်း၏ သမီးတော် ပဉ္စလစန္ဒီမင်းသမီး ကို ဥမင်လှိုဏ်ခေါင်းတွင်းမှ ဆောင်ယူကာ ဝိဒေဟရာဇ်မင်းကြီး နှင့် လက်ခံ:ကာ်စေခဲ့သည်။

စူဠနီဗြဟ္မဒတ်မင်းကြီး၏ အတိုင်ပင်ခံ ကေဝဋ္ဋ ပုဏ္ဏားသည်လည်း မဟောသဓာနှင့် ယှဉ်ပြိုင်လိုက်တိုင်း ပရိယာယ်

www.burmeseclassic.com



အရာတွင် မပိုနိုင်ဘဲ အရှက်ကွဲ အကျိုးနည်းသာ ဖြစ်ရလေသည်။

နောင်သော် - ဝိဒေဟရာဇ်မင်းကြီး နတ်ရွာစံသည်။ မဟောသဓာသည် ဒီဃာဝုမင်းသားကို နန်းတင်သည်။ ထို့နောက် ၎င်းကမူ ပဉ္စာလရာဇ်သို့ သွားခဲ့သည်။

စူဠနီဗြဟ္မဒတ်မင်းသည် လိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုသည်။ မဟောသဓာအား စစ်သူကြီးအဖြစ် ချီးမြှောက်သည်။ အသက်နှင့်ထပ်တူပင် ချစ်ခင်မြှောက်စားလေသည်။

မှတ်ချက် ။ ။ ဇာတ်တော်များတွင် - မဟောသဓာဇာတ်တော်သည် ဇာတ်ကြောင်းရှည်လျားပါသည်။ ခွဲ၍ရေးလျှင် ကေဝဋ္ဋပုဏ္ဏားနှင့် မဟောသဓာတို့ ပညာပြိုင်ခန်းမှသည် ပဉ္စာလစန္ဒီမင်းသမီး ဆောင်ယူခန်းအထိပင်လျှင် တစ်စောင်တစ်ဖွဲ့ ဖြစ်ပါသည်။ ဤတွင် ဖတ်ချင်စဖွယ်ဖြစ်အောင် ကောင်းနိုးရာရာ တို့ကို အခင်းအကျင်းအရသာ မပျက်မီးမောင်းထိုး တင်ပြအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဘုရိတ်ဇာတ်တော်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြု၏။ ထိုမင်း၏ သားတော် အိမ်ရှေ့မင်း၌ စည်းစိမ်အခြံအရံများသည်။ ထို့ကြောင့် ထီးနန်းအန္တရာယ်ဖြစ်မည်စိုးရိမ်သည်။ ထို့ကြောင့် မိမိနတ်ရွာစံ တိုင်းပြည်သို့ ပြန်လာရန် အမိန့်တော်မှတ်၍ ပြည်မှထွက်စေသည်။

သားတော် အိမ်ရှေ့မင်းသည် ခမည်းတော်၏ အမိန့်အတိုင်း တိုင်းပြည်မှ ထွက်ခဲ့သည်။ ယမုနာမြစ်၏ အနီးတစ်ခုသော တောင်ကြား၌ ရသေ့အသွင်ဖြင့် တောရပ်ခိုမှီး နေခဲ့လေသည်။

ထိုအခါ ယမုနာမြစ်အောက်ရှိ မုဆိုးမဖြစ်သော နဂါးမသည် ကာမဂုဏ်၌ ပျော်ပါးလိုသည်။ ထို့ကြောင့် နဂါးပြည်မှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့သည်။ နဂါးမသည် မြစ်အမိုးရှိ ရသေ့၏ ကျောင်းသခမ်းသို့ရောက်လာသည်။

သာဒ္ဓါကြောင့် ရသေ့ဝတ်ခြင်း မဟုတ်သည်ကို စူးစမ်းသိရှိသည်။ သို့နှင့် ရသေ့နှင့်အတူ ရင်းနှီးစွာ နေထိုင်ခဲ့သည်။ သားတစ်ယောက်၊ သမီးတစ်ယောက် ပေါက်ဖွားသည်။

တစ်နေ့သော် - ဗာရာဏသီမင်းကြီး နတ်ရွာလားသည်။ မင်းသားအား ထီးနန်းဆက်ခံရန် လာရောက်ခေါ်ဆောင်သည်။

မှတ်ချက်။ ။ ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥပုသ်သီတင်းဆောက်တည်ကြသော ဒါယကာတို့ကို အကြောင်းပြု၍ ဘုရားရှင်ကိုယ်တိုင်လည်း ရှေးရှေးဘဝ ဘူရိဒတ်နဂါးမင်းကြီးဖြစ်စဉ်က ကြီးစွာသောစည်းစိမ်ကို စွန့်၍ကြီးစွာသောဆင်းရဲဒုက္ခခံကာ သီလပါရမီကို ထိန်းသိမ်းဖြည့်တင်းတော်မူခဲ့ကြောင်း အတိတ်ဆောင် ဟောကြားတော်မူခဲ့သည့် ဇာတ်တော်ဖြစ်သည်။

ဥတ္တံသာရှင်သာမဏေ၏ လျှောက်ထားတောင်းပန်ချက်ကြောင့် အသျှင်နန္ဒမေဓာဆရာတော်ရေးသားသည်။ ၁၁၄၈-နတ်တော်လ တွင် ရေးသားပြီးစီးသည်။

နဂါးမသည် ဇာတ်မတူသော လူတိုင်းပြည်တွင် လိုက်ပါနေထိုင်ခြင်း မပြုလို။ သို့နှင့်မင်းသည် သားတော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



သမီးတော်ကို သာခေါ်ဆောင်၍ တိုင်းပြည်သို့ ပြန်ကာ မင်းပြုလေသည်။

ထိုမင်းသည် နဂါးမမှာသည့်အတိုင်း နဂါးသွေးပါသော သားတော် သမီးတော်တို့အတွက် ရေကန်ကြီးတူး၍ ရေကစား ပျော်ရွှင်စေသည်။

တစ်နေ့ - ရေကန်ထွင်း၌ လိပ်တစ်ကောင်ကို တွေ့သည်။ လိပ်ကို သားတော် သမီးတော်တို့က ကြောက်သဖြင့် ငိုကြသည်။ မင်းကြီးလည်း လိပ်ကို ဖမ်းစေ၍ အပြစ်ပေးစေသည်။

မင်း၏အမတ်တို့က အပြစ်ဒဏ်အမျိုးမျိုးဖြင့် ခြိမ်းခြောက်သည်။ ထိုစဥ်လိပ်က မတုန်မလှုပ် နေခဲ့လေသည်။ ဤတွင် အမတ်တစ်ဦးက " ယမုနာဝဲတွင်ပစ်ချမည် " ဟု ခြိမ်းခြောက်သည်။ ထိုအခါ လိပ်က အလွန်အမင်းထိတ်လန့်ဟန်ဖြင့်ငိုလေသည်။

မင်းချင်းတို့က လိပ်၏ပရိယာယ်ကိုမသိ။ လိပ်ကို ယမုနာမြစ်ဝဲတွင် ချခြင်းသည် လိပ်အတွက်ကြီးလေးသော ပြစ်ဒဏ်ဟု ထင်မှတ်ကြသည်။ ထို့နောက် လိပ်ကိုမြစ်ဝဲ၌ ချလေသည်။ လိပ်သည် အန္တရာယ်ကင်းစွာဖြင့် ရေတွင်မျောပါ သွားသည်။ နဂါးပြည်သို့ရောက်သွားလေသည်။ " စဥ်လိပ် ရေ၌လွတ်သကဲ့သို့ " ဟုဆိုရိုးစကားပြုခဲ့ကြသည်။

လိပ်သည် နဂါးလုလင်ပျိုတို့နှင့် တွေ့သည်။ လိပ်သည်

www.burmeseclassic.com

www.burmeseclassic.com



ဘူရိဒတ်

www.burmeseclassic.com

www.burmeseclassic.com



ပရိယာယ်ကြွယ်သူဖြစ်သည်။

မိမိသည် ဗာရာဏသီမင်းက နဂါးမင်းကြီးအား မိမိ၏ သမီးတော် သမုဒ္ဒဇာကို ဆောင်နှင်းလို၍ သံတမန်အဖြစ် စေလွှတ်လိုက်သူဖြစ်ကြောင်း ဘေးကင်းစေရန် ပရိယာယ်ဖြင့် ပြောသည်။ နဂါးတို့လည်း ယုံကြည်ကြသည်။

မှတ်ချက် ။ ။ စူဠလိပ် = လိပ်ငယ်

" စူဠလိပ်ရေထဲလွှတ် - သလိုဟူ၍ စကားပုံဆိုထုံး ဖြစ်လာသသည်။ စူဠလိပ်ကိုသေစေ၍ ရေထဲသို့ပစ်ချလိုက်ရာတွင် မသေရုံသာမက အကြိုက်ပင်တွေ့သွား သကဲ့သို့ သူတစ်ယောက်ကို ဒုက္ခရောက်စေလိုသည့် စိတ်ဖြင့် ပြုမူလိုက်ရာ ဒုက္ခမရောက်ရုံသာမက သူ့အလိုကျပင်ဖြစ်သွားသည်။

စူဠလိပ်ကို ရေထဲလွှတ်လိုက်သည့်အခါ ပြန်လည်၍ မပေါ်လာတော့သကဲ့သို့ ကိစ္စဖြင့် စေလွှတ်လိုက်ရာတွင် ပြန်ပေါ်မလာတော့ချေ။

ထို့ကြောင့် တန်ခိုးကြီးသော ဓတရဋ္ဌနဂါး ံ ပို့ပေးသည်။ နဂါးမင်းလည်း လိပ်၏စကားကို ယုံကြည် ဖြင့် မင်္ဂလာကိစ္စစီစဉ်ရန် နဂါးလုလင်တမန်များကို ဗာရာဏသီမင်းထံစေလွှတ်လိုက်သည်။

ဗာရာဏသီမင်းထံ နဂါးတမန်တို့ရောက်ရှိသည်။

" လူမင်းသမီးတော်ကို ဖားစိမ်း ငါးစိမ်း စားတိရစ္ဆာန်မျိုး ဖြစ်သော နဂါးမင်းနှင့် မဆောင်နှင်းနိုင် "

www.burmeseclassic.com

www.burmeseclassic.com



ဗာရာဏသီမင်းက ငြင်းဆိုသည်။

နဂါးလုလင်တို့ ပြန်သွားသည်။ နဂါးမင်းအား အဖြေစကားကို လျှောက်ထားသည်။ နဂါးမင်းကြီးလည်း ပြင်းစွာ အမျက်ထွက်သည်။ ထို့ကြောင့် နဂါးအပေါင်းတို့ကို ဆင့်ခေါ်သည်။ ဗာရာဏသီတစ်ပြည်လုံး နဂါးတို့ဖြင့် ပြည့်စေသည်။ ပြည်သူများ ချောက်ချား တုန်လှုပ်အောင် ခြိမ်းခြောက်စေသည်။ ဗာရာဏသီမင်းလည်း မနေသာတော့ချေ။ သမီးတော်ကို ပေးရ၍ နဂါးမင်းနှင့် လက်ဆက်ပေးရသည်။

နဂါးမင်းသည် သမုဒ္ဒဇာကို နဂါးပြည်သို့ ခေါ်သွားသည်။ သို့သော် နဂါးပြည်ဟူ၍လည်းကောင်း၊ မိမိတို့သည် နဂါးများဖြစ်သည်ဟူ၍ လည်းကောင်း မသိရလေအောင် နတ်ပြည်အသွင်ဖန်ဆင်းထားသည်။ နတ်နှင့်တူသော စည်းစိမ်အခြံအရံလည်း ပေးထားသည်။ သမုဒ္ဒဇာမင်းသမီးသည် နဂါးမင်း၏ ချစ်ခင်မြတ်နိုးမှုကို ခံယူကာ ပျော်ရွှင်စွာ စံစားနေသည်။

ကြာသော် -

သုဒဿန၊ ဒတ္တ၊ သုဘောဂနှင့် အရိဋ္ဌဟူသော သားတော်လေးပါး ဖွားမြင်သည်။

တစ်ခါသော် သားတော်အငယ် အရိဋ္ဌကနဂါးအသွင် ဇာတ်ရုပ်ကို ပေါ်အောင် ဖန်ဆင်းပြသည်။ ဤတွင်မှ သမုဒ္ဒဇာမှာ နဂါးပြည်တွင် နဂါးမင်း၏ မိဖုရားဖြစ်နေကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သိလေသည်။

အရိဋ္ဌလည်း မယ်တော်ကို နဂါးဇာတ်ဖန်ဆင်းပြရာ မယ်တော်မှာ ကြောက်လန့်သဖြင့် လွှတ်ချလိုက်သည်။ ဤတွင် မျက်စိတစ်ဖက် ပျက်လေသည်။ ထို့ကြောင့် "ကာဏာရိဋ္ဌ" ဟုအမည်တွင်သည်။ (မျက်စိတစ်ဖက်ကန်းဟူ အဓိပ္ပာယ်ရသည်။)

သားတော်များအရွယ်ရောက်လေသော် နဂါးမင်းသည် နိုင်ငံတော်ကို ငါးစုခွဲသည်။ လေးစုတွင် သားတော်တစ်ပါးစီ အုပ်ချုပ်စေသည်။

ဒတ္တနဂါးမင်းသည် မိမိပိုင်နက်အတွင်း၌ နေ့ထိုင်၍ တရားသဖြင့် မင်းပြုသည်။ နဂါးတို့၏ ပြဿနာအရပ်ရပ် တို့လည်း မှန်ကန်စွာ ဖြေရှင်းပေးသည်။ အခြားသော သားတော်တို့သည် ခမည်းတော် မယ်တော်တို့အား တစ်လ တစ်ကြိမ်လာရောက် ဖူးမြင်သည်။ ဒတ္တနဂါးမင်းကမူ တလ တစ်ကြိမ်လာရောက် ဖူးမြင်သည်။

တစ်ခါသော နတ်နဂါးတို့ကို အစိုးရသော ဝိရူပက္ခ နတ်မင်းကြီးသည်။ စတုရဋ္ဌနဂါးမင်း သားတော် ၄-ပါး၊ နဂါး ပရိသတ်အပေါင်းနှင့်အတူ သိကြားမင်းထံ အခစားဝင်သည်။ ထိုအခါ ပရိသတ်တွင် ပြဿနာတစ်ရပ်ပေါ်သည်။ ဒတ္တနဂါး မင်းကဖြေရှင်းပေးသည်။ ထိုအခါ သိကြားမင်းက "ဘူရိဒတ္တ" ဟူအမည်ပေးသည်။ အဓိပ္ပာယ်မှာ မြေကြီးနှင့်တူသော

www.burmeseclassic.com



ကျယ်ပြန့်သော ပညာရှိသည် - ဟုအဓိပ္ပာယ်ရသည်။ ထိုအခါ
မှစ၍ "ဘူရိဒတ်" ဟုခေါ်သည်။

ဘူရိဒတ်သည် ထိုအခါမှစ၍ သိကြားမင်းထံမပြတ်
ခစားရသည်။ မြင့်ဖိန်များသော သိကြားမင်း၏ စည်းစိမ်ကို
တောင့်တသည်။ နဂါးအဖြစ်ထက် နတ်အဖြစ်ကို ရလိုသည်။
ထို့ကြောင့် ဥပုသ်သီတင်း ဆောက်တည်ရန် ခမည်းတော်
မယ်တော်ထံ ခွင့်ပန်သည်။

နဂါးပြည်၌ ဥပုသ်ဆောက်တည်သည်။ အနှောက်
အယှက်မကင်း။ ထို့ကြောင့် လူ့ပြည်သို့သွားရောက်ကာ
အေးချမ်းစွာ ဥပုသ်ဆောက်တည်ရန် အကြံဖြစ်သည်။

ထို့ကြောင့် ဗာရာဏသီပြည်အနီး ယမုနာမြစ်ကမ်းပါး
ထက်တွင် ဥပုသ်သီတင်း ဆောက်တည်နေခဲ့သည်။

ထိုစဉ် နေသာဒပုဏ္ဏား မုဆိုးသားအဖလည်း
သမင်လိုက်ရာမှ ဘူရိဒတ် ဥပုသ် စောင့်နေရာအနီးသို့
ရောက်လာသည်။

ဤတွင် ဘူရိဒတ်ကစဉ်းစားမိသည်။

" ဤပုဏ္ဏားသားအဖသည် ငါ့အား ဤနေရာ၌
တွေ့ကြောင်း အလမ္ပာယ်သမားအား လမ်းညွှန်လျှင် ဥပုသ်
ဆောက်တည်ခြင်း၌ အနှောက်အယှက် ဖြစ်ပေတော့မည်။

ထိုသို့တွေးမိပြီးနောက် နေသာဒပုဏ္ဏားသားအဖကို
နဂါးပြည်သို့ ဆောင်သည်။ နတ်စည်းစိမ် အခြံအရံကို

www.burmeseclassic.com

www.burmeseclassic.com



ပေးထားသည်။ အချိန်ကြာသော် ပုဏ္ဏားသားအဖသည် မပျော်ပိုက်တော့ချေ။ သို့နှင့် ဘူရိဒတ်နဂါးမင်းက ၎င်းတို့ကို လူ့ပြည်သို့ပြန်ပို့သည်။ လိုတရပတ္တမြားကိုလည်း လက်ဆောင်ပေးသည်။

သို့သော် " ရဟန်းပြုလို၍ လူ့ပြည်သို့ပြန်လိုပါသည်" ဟုနှုတ်လွန်ထားမိသဖြင့် ပုဏ္ဏားသည် ပတ္တမြားကိုမယူချေ။

အခြားသော ပုဏ္ဏားတစ်ဦးသည် ဂဠုန်တစ်ကောင်က ရသေ့တစ်ပါးအားပေးသော နဂါးနိုင်ဂါထာကို ရခဲ့သည်။ သို့နှင့် အလမ္ပာယ်ဆရာအဖြစ် အသက်မွေးရန်ထွက်ခဲ့သည်။

နဂါးပျိုမတို့သည် ယမုံနာမြစ်ကမ်းခြေတွင် လိုတရပတ္တမြားကိုထား၍ ရေကစားပျော်မြူးနေကြသည်။ ထိုစဉ် ပုဏ္ဏား၏ မန္တာန်ရွတ်ဆိုသံကိုကြားရသဖြင့် ကြောက်လန့်၍ ထွက်ပြေးကြလေသည်။ ပတ္တမြားကို ပုဏ္ဏားရလေသည်။

နေသာဒပုဏ္ဏားသားအဖသည် ထိုပုဏ္ဏားတွေ့သည့် လိုတရပတ္တမြားကို နေသာဒလိုချင်ပြန်သည်။ ရွှေချိန် တစ်ရာနှင့် လဲမည်ဟု ကမ်းလှမ်းသည်။ အလမ္ပာယ်ပုဏ္ဏားက ငြင်းသည်။

ထူးခြားသော နဂါးမင်း၏နေရာကို နေသာဒက ပြသည်။ ပတ္တမြားကို နေသာဒရသည်။ နေသာဒ၏ သားတော် မဒတ်ကမူ ဖခင်၏အပြုအမူကို သဘောမကျ။ ကျေးဇူးရှင်ကို ပြစ်မှားသည်ဟု ယူဆသဖြင့် ဖခင်ကို စွန့်ခွာထွက်ပြေးသည်။ ဟိမဝန္တာတွင် သွားရောက်ကာ ရသေ့ပြု၍ နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘူရိဒတ်

www.burmeseclassic.com

www.burmeseclassic.com



အလမ္ဗာယံပုဏ္ဏားသည် နေသာဒသွန်ပြသဖြင့် ဘူရိဒတ်ကို တွေ့သည်။

ဘူရိဒတ်သည်လည်း အလမ္ဗာယံပုဏ္ဏားကိုတွေ့သည်။ အစိဋ္ဌာန်တည် ဥပုသ်ပြုလျက်ရှိရာ ပုဏ္ဏားတို့၏ အမှုကို သိသော်လည်း ဥပုသ်အပျက်မခံ။ အမျက်ဒေါသကို ထိန်းသိမ်းသည်။ ရန်တုန့်မှုခြင်းမရှိ။ အလမ္ဗာယံပုဏ္ဏား၏ ဖမ်းဆီးခြင်းကိုခံသည်။

အလမ္ဗာယံပုဏ္ဏားသည် နဂါးမင်းအားနည်းအောင် ရိုက်နှက်ထုထောင်းသည်။ ပြီးမှပခြုပ်တွင်ထည့်သည်။ ဘူရိဒတ်သည် ဆင်းရဲဒုက္ခကြီးစွာခံ၍ သီလကိုထိန်းသိမ်းသည်။ အလမ္ဗာယံပုဏ္ဏားသည် နဂါးမင်းကိုယူဆောင်၍ အရပ်တကာ လှည့်ကာ နဂါးမင်းအား ကပြစေသည်။ များစွာသော ငွေကြေးရ၍ ချမ်းသာကြွယ်ဝလာသည်။

မှတ်ချက် ။ ။ မန္တာန် = မန်းမှုတ်ရသောဂါထာ

ဘူရိဒတ်၏မယ်တော် သမုဒ္ဒဇာသည် မကောင်းသော အိပ်မက်ကိုမြင်မက်သည်။ ဘူရိဒတ်အတွက် စိုးရိမ်ပူပန်သည်။ တစ်လတစ်ကြိမ် အဖူးအမြင်ရောက်လာသော သားတော်တို့အား ဘူရိဒတ်ကိုလိုက်၍ရှာစေသည်။

သားတော်ကြီး သုဒဿနာက ညီတော် သုဘောဂကို ဟိမဝန္တာသို့ သွားစေသည်။ မြစ်ကြီး ငါးစင်း၌ ရှာစေသည်။

ညီတော်အငယ် ကာဏာရိဋ္ဌကို နတ်ပြည်၌ ရှာစေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုဒဿနကိုယ်တိုင်ကမူ ရသေ့အသွင် ဖန်ဆင်း၍ လူ့ပြည်သို့လာသည်။ မိထွေးတော်၏သမီး အဇမုခီနဂါး မင်းသမီးသည်လည်း ဖားမငယ်သဏ္ဍာန်ဖြင့် လိုက်ပါသည်။

အလမ္ပာယ်ပုဏ္ဏားသည် ဗာရာဏသီမင်း သာဂရဗြဟ္မဒတ်၏ ရှေ့၌ အလမ္ပာယကစားပြရန် ရောက်ရှိနေသည်။

ဗာရာဏသီမင်းသည် သမုဒ္ဒဇာ၏ မောင်တော်သည်။ ဘူရိဒတ်၏ ဦးရီးတော်ဖြစ်သည်။ သုဒဿနနှင့် အဇမုခီတို့လည်း ထိုနေရာသို့ရောက်လာသည်။

အလမ္ပာယ်ပုဏ္ဏားသည် ဘူရိဒတ်ကို ပခြုပ်တွင်းမှ ထုတ်သည်။ အမျိုးမျိုး ဖန်ဆင်းကပြရန် စေခိုင်းသည်။ ဘူရိဒတ်သည် ပရိသတ်ထဲတွင် နောင်တော်နှင့် နှမတော်ကို တွေ့သည်။ မျက်ရည်ကျသည်။ နောင်တော်ထံ ရှေးရှုသွားသည်။ ပရိသတ်တို့ ကြောက်ရွံ့ကာထွက်ပြေးသည်။ ဘူရိဒတ်သည် နောင်တော်၏ခြေဖမိုး၌ ဦးခေါင်းတင်၍ငိုကြွေးသည်။ သုဒဿနလည်း ငိုသည်။

ထိုအခြင်းအရာ ပုဏ္ဏားမြင်သည်။ ရှင်ရသေ့ကို နဂါးလေးက ပေါက်လိုက်သည်ဟု ထင်မှတ်သည်။ နဂါးဆိပ်ကျအောင် မန္တာန်ဖြင့်ကုမည်ဟု ပြောသည်။ ဤအခါ သုဒဿနက မိမိအား ကုရန်မလိုပါ။ မိမိထက်တတ်သော မြွေသမားမရှိဟု ဆိုရာမှစ၍ အလမ္ပာယ်ပုဏ္ဏားနှင့် သုဒဿနတို့ ပညာပြိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သုဒ္ဒသနသည် အဇမိုခီ၏အကူအညီဖြင့် တန်ခိုးပြသည်။ အလမ္ပာယ်ပုဏ္ဏား ရှုံးသည်။ လန့်သွားသည်။ ထိတ်လန့်ကာ ဘူရိဒတ်အား လွှတ်ရလေသည်။

ထိုအခါကျမှ ဘူရိဒတ်၊ သုဒ္ဒသနနှင့် အဇမုခီတို့သည် မိမိတို့၏ အဖြစ်မှန်ကို ပြကြသည်။ ဗာရာဏသီမင်းလည်း မိမိ၏ တူတော်များ ဖြစ်ကြောင်းသိသည်။ ထို့နောက် တောထွက်၍ ရသေ့ပြုကာ တရားအားထုတ်နေသော ဘူရိဒတ်တို့၏ ဘိုးတော် ဗာရာဏသီမင်းကြီးဟောင်းထံ သွားရောက်ကန်တော့ကြရန် အချိန်းအချက်ပြုသည်။ ထို့နောက် ဘူရိဒတ်တို့သည် နဂါးပြည်သို့ ပြန်ခဲ့သည်။

ထိုအချိန်တွင် ဟိမဝန္တာ၌ ဘူရိဒတ်ကိုရှာဖွေနေသော သုဘောဂသည် ကျေးဇူးသစ္စာမဲ့သော နေသာဒပုဏ္ဏားကို တွေ့သည်။ နဂါးပြည်သို့ ယူဆောင်ခဲ့သည်။

အပန်းဖြေလျက်ရှိသော ဘူရိဒတ်၏ အိပ်ဆောင် တံခါးဝတွင် စောင့်ရှောက်လျက်ရှိသော ကာဏာရိဋ္ဌသည် ယခင်ဘဝက ပုဏ္ဏားဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် ပုဏ္ဏားတို့သည် ဗြဟ္မာမင်း၏ သားဖြစ်၍ မညှင်းဆဲအပ်။ ညှင်းဆဲလျှင် ဗြဟ္မာမင်း အမျက်ထွက်ပြီး နဂါးတစ်ပြည်လုံးပျက်စီးလိမ့်မည်။ ပုဏ္ဏားတို့သည် မြင့်မြတ်သည်။ ယဇ်ပူဇော်ခြင်းကိုပြုသည်။ ယဇ်ပူဇော်ခြင်းကို ချီးကျူးသည်။ ဘူရိဒတ်အား လာရောက်ဂါရဝပြုကြသော နဂါးပရိသတ်တို့သည် ကာဏာရိဋ္ဌ၏ စကားကို

www.burmeseclassic.com

www.burmeseclassic.com



ကြားလျှင်ယင်ပူဇော်မှုဘက်သို့ စိတ်ညွှတ်ကြလေသည်။

ကာဏာရိဋ္ဌ၏စကားများကို ဘူရိဒတ်ကြားသည်။ နဂါးပရိသတ်တို့ကို သမ္မာဒိဋ္ဌိအယူကို ညွှန်ပြလိုသည်။ ထို့ကြောင့်အပန်းဖြေရာမှ ထွက်ခဲ့လေသည်။ ယင်ပူဇော်ခြင်း၏ မှားယွင်းပုံကို ရှင်းလင်းဟောကြားသည်။ နဂါးပရိသတ်တို့အား အယူမှန်ကိုရစေသည်။ နေသာဒပုဏ္ဏားအားလည်း နဂါးပြည်မှနှင်ထုတ်စေလေသည်။

ချိန်းဆိုထားသောနေ့တွင် ဘိုးတော်ဗာရာဏသီမင်းဟောင်းကို ကန်တော့ရန် ဘူရိဒတ်နဂါးမင်းသည် အခြံအရံပရိသတ်နှင့်သွားသည်။

မယ်တော်နှင့်နောင်တော် ညီတော်များလည်း လိုက်ပါသည်။ သာဂရဗြဟ္မဒတ်မင်းသည်လည်း ခမည်းတော်ကိုဖူးမြင်ရန်လာသည်။ ဆွေတော် မျိုးတော်များ ပြန်လည်ဆုံဆည်းကြသည်။

ဘူရိဒတ်နဂါးမင်းသည် အသက်ထက်ဆုံး သီတင်းသီလဆောက်တည်သည်။ သက်တမ်းစေ့ ကွယ်လွန်သော်ပရိတ်သတ်နှင့်တကွ နတ်ပြည်၌ဖြစ်လေသည်။

**မှတ်ချက်** ။ ။ သမ္မာဒိဋ္ဌိ - မဖောက်မပြန်မှန်ကန်သောဉာဏ်အမြင်။

www.burmeseclassic.com

www.burmeseclassic.com

## စန္ဒကုမာရဇာတ်တော်

ရှေးလွန်လေပြီးသောအခါက ပုပ္ဖဝတီမြည်၌ ဧကရာဇ်သဝတီ မင်း၏ သား ကေရာဇ်အမည်ရှိသော မင်းလည်း မင်းပြု၏။ ထိုမင်း၏ သားတော်ကြီးကား စန္ဒကုမာရ ဟုမည်၏။ အိမ်ရှေ့မင်းအရာဖြင့် စံရလေသည်။

ထိုမင်းတွင် ခဏ္ဍဟာလအမည်ရှိသော အမတ်ကြီး တစ်ဦးရှိသည်။ ထိုအမတ်ကြီးသည် တရားစီရင်ရာ၌ လာဘ်စား ၍ စီရင်လေ့ရှိလေသည်။

တစ်ခါသော် - အမှုသည်တစ်ယောက်သည် မတရား သဖြင့် အမှုရှုံးအောင် စီရင်ခြင်းခံရသည်။ မကျေနပ်သော ကြောင့် စန္ဒကုမာရ မင်းသားအား တိုင်ကြားသည်။ မင်းသား လည်း နှစ်ဖက်သော အမှုသည်တို့ကိုခေါ်သည်။ တရားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စီရင်ပေးလေသည်။

ထိုသို့ဖြစ်ပျက်ပြီး နောက်မှစ၍ ပြည်သူအများက စန္ဒကုမာရမင်းသားကို ကြည်ညိုဖွားသည်။ လာဘ်စားသော အမတ်ကြီးကို ရွံမုန်းကြသည်။ အမတ်ကြီးက မင်းသားကြောင့် ဂုဏ်ပျက်ရသည်ဟု ရန်ငြိုးထားသည်။

တစ်နေ့သ၌ ဧကရာဇ်မင်းသည် နတ်ပြည်ကို အိပ်မက် မြင်မက်သည်။ နတ်စည်းစိမ်ကို လွန်စွာရလိုသည်။ ထို့ကြောင့် ခဏ္ဍဟာလအမတ်ကို ခေါ်သည်။ နတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်းကို ညွှန်ပြစေသည်။

" မင်းကြီး သားသမီး၊ မိဖုရား၊ သူကြွယ်၊ နွား၊ မြင်း စသည်တို့ကို သတ်လျက် လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်လျှင် နတ်ပြည်ကို ရောက်မည် "

မှတ်ချက် ။ ။ ပေါ်တာမမြတ်စွာဘုရားသည် ရာဇဂြိုလ် ပြည် ဝေဠုဝန်ကျောင်းတော်အနီး ဂိဇ္ဈကုဋ်တောင်ယံ၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ဟောကြား တော်မူသည်။ သစ္စာ၏တန်ခိုးကို ထင်ရှားစေလိုသော ရည်ရွယ်ချက်ဖြစ်သည်။ ခဏ္ဍဟာလဇာတ်ဟူ၍လည်း ခေါ်သည်။ ဆရာတော်ဦးသြဂါသ ရေးသားပြုစုတော်မူသည်။ ၁၁... ခုနှစ်၊ ပြာသိုလတွင် ရေးသားပြီးစီး တော်မူသည်။ တော... ဂန်ရေးသားထားသူမှာ ကျောင်းဒကာ မောင်ပ၏ သား မောင်တောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ဇက္ကား လသည် နတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်းဟု သိသည်မဟုတ်။ စန္ဒကုမာရမင်းသား ကိုသတ်ဖြတ်ခွင့်ရစိမ့်သောငှာ လိမ်လည်လှည့်ဖြား၍ လျှောက်ထားခြင်းဖြစ်သေသည်။

မင်းလည်း လျှောက်ထားချက်ကို ယုံကြည်သည်။

သားသမီး၊ မိဖုရားတို့ကို သတ်ရန် ဆောင်ယူစေသည်။ အမတ်ကြီး၏ ကောက်ကျစ်စဉ်းလဲမှုဖြစ်ကြောင်း စန္ဒကုမာရ မင်းသားကသိသည်။ မိမိအတွက်ကြောင့် အခြားသူတွေပါ မသေရလေအောင် လျှောက်ထားရန် ကြံစည်လျက် မင်းကြီး၏ ရှေ့တော်သို့ လိုက်ပါခဲ့လေသည်။

ယဇ်ပူဇော်မည့် အစီအစဉ်ကို ကေရာဇ်မင်း၏ ခမည်းတော် မယ်တော်တို့ သိကြသည်။ ဤသို့ပြုမှုခြင်းသော မှန်ကန်သောပြုမှုခြင်း မဟုတ်။ ငရဲသို့လားရာသာဖြစ်ကြောင်း ဖျောင်းဖျဆုံးမကြသည်။ ကေရာဇ်မင်းက လက်မခံချေ။

ထိုအခါ စန္ဒကုမာရနှင့်တကွ သားမယားများ၊ မှူးမတ် များ၊ မှူးမတ်များနှင့်တကွ သားမယားတို့က တစ်လှည့်စီ ငိုကြွေး ပန်ကြားကြပြန်လေသည်။

ထိုသို့ ပန်ကြားသည့်အခါတွင် မင်းကြီး၏စိတ်သည် ညွတ်နူးသည်။ ယဇ်ပူဇော်ခြင်း အစီအစဉ်ကို ဖျက်သိမ်းသည်။

ဇက္ကာဟာလပုဏ္ဏားကြားလျှင် မင်းကြီးအား လှည့်ဖျား လျှောက်တင်ပြန်သည်။ ဤတွင် တစ်ဖန် မင်းကြီးက ယဇ်ပူဇော်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း အစီအစဉ်ကို စီစဉ်ပြန်သည်။

ပုဏ္ဏားကြီးလည်း အခွင့်သင့်သည်နှင့် မင်းသားတို့အား သတ်ဖြတ်ရန် စီစဉ်သည်။ တစ်နန်းတော်လုံး ယူကျုံးမရ ဖြစ်ကြရသည်။ ပူပန်သောကရောက်ကြရသည်၊ တစ်တိုင်းပြည်လုံးလည်း ငိုကြွေးသံတို့ဖြင့် ပွဲတင်ထပ်လျက် ရှိလေသည်။

နောက်ဆုံးသော်ကား -

" သစ္စာမှတစ်ပါး ကိုးကွယ်ရာမရှိတကား "

မယ်တော် ဂေါတမီမိဖုရားကြီး အောက်မေ့ကာ သစ္စာအဓိဋ္ဌာန် ပြုလေသည်။

ထိုအခါ သိကြားမင်းသည် မနေသာတော့၊ သံလှံတံကိုစွဲ၍ မင်းကြီးထံသို့လာရောက်သသည်။ ပစ်တင်ကြိမ်းမောင်းသည်။ ပုဏ္ဏားလည်း မင်းသားအား သတ်နိုင်ခြင်း မရှိတော့။

မင်းကြီးလည်း ထိတ်လန့်ကြောက်ရွံ့ကာ စန္ဒကုမာရမင်းသားတို့အား လွှတ်ပေးရတော့သည်။

မခံမရပ်နိုင်လောက်အောင် ခံပြင်းဒေါသထွက်နေသော ပြည်သူပြည်သားတို့က ခဏ္ဍဟာလပုဏ္ဏားအမတ်ဆိုးအား ခဲ၊ အုတ်တို့ဖြင့် ဝိုင်း၍ပေါက်ကြသည်။ ပုဏ္ဏားယုတ်လည်း သေလေသည်။

မင်းကြီးကိုလည်း သတ်မည်ပြုကြသည်။

စန္ဒကုမာရမင်းသားက တောင်းပန်သဖြင့် မသတ်ဖြစ်ကြတော့။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကုမာရဇာတ်တော်

www.burmeseclassic.com

www.burmeseclassic.com



ဒွန်းစဏ္ဍားအဖြစ် အဝတ်နွမ်းကိုပေးသည်။ တိုင်းပြည်မှ နှင်ထုတ်လိုက်လေသည်။

အိမ်ရှေ့မင်း စန္ဒကုမာရမင်းသားလည်း ဘုရင်မင်းမြတ် ဖြစ်၍လာသည်။ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ အုပ်ချုပ်သဖြင့် ပြည်သူအပေါင်းက ကြည်ညိုမြတ်နိုးကြသည်။

စန္ဒကုမာရမင်းသည် ဥယျာဉ်တော်သို့ ထွက်သည့်အခါ တိုင်းနန်းကျ ကေရာဇ်မင်းရှိရာသို့ သွားပါသည်။ စားဖွယ်ဝတ်ဖွယ် တို့ကိုပေးပါသည်။

ကိုယ်ပိုင်အသိပညာ နည်းပါး၍ ဆင်ခြင်ဉာဏ်တရား နုံ့နဲ့သူတို့ကား ဤသို့လျှင်ဇာတ်သိမ်း မလှကြချေ။

www.burmeseclassic.com

www.burmeseclassic.com

## နာရဒဇာတ်တော်ကြီး

ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ " နာဂ်ဇိ " အမည်ရှိသော မင်းသည်မင်းပြုချ၏။

ထိုမင်းသည် မင်းကျင့်တရားဆယ်ပါးနှင့် ပြည့်စုံ၏။ တရားကိုလည်း စောင့်၏။

မှတ်ချက် ။ ။ နာရဒဇာတ်တော်ကို မင်းဘူး‌ေ ႏသာကျောင်းနေ အရှင်ဦးဩဘာသက ကျောင်းတကာ မောင်ဇ ႏသားမောင်ဘော်ကြ တောင်းပန်လျှောက်ထားသဖြင့် ၁၁၄၄ - ခု၊ တန်ခူးလတွင် ရေးသားပြီးစီးသည်။ စန္ဒကုမာရဇာတ်တော်နှင့် တစ်နှစ်တည်း ရေးသားပြီးစီးသည်

စာအရေးအသားနှ စဉ်ကပင် ရေးသားသောစာဖြစ်လင့်ကစား အရှင်ဦးဩဘာသ၏ စကားပြေအရေး

www.burmeseclassic.com

www.burmeseclassic.com



အသားသည် မြန်မာဆန်သည်။ မြန်မာ့စိတ်ကြိုက်ဖြစ်စေသည် ဟု ပညာရှင်တို့အသိအမှတ်ပြုကြသည်။

နာရဒဇာတ်တော်၏ တရားအနှစ်ကား - ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတည်းဟူသော လမ်း၌ကိုယ်တည်း ဟူသော ရထားအသည်ပြေးလတ်သည်ရှိသော ပညာတည်း ဟူသောလှံကန်ဖြင့် မစောင်းမတိမ်း ရအောင်ပြုရသည်။

ထိုကိုယ်တည်းဟူသော ရထား၌ မိမိစိတ်သည်ပင်လျှင် ရထားထိန်း ဖြစ်စေအပ်၏။

ထိုတရားအနှစ်ကို ပြေပြစ်ကျစ်လျစ်သော မြန်မာစကား ပြေအဖြင့် ဆရာတော်က ရေးသားခဲ့ခြင်းဖြစ်ပါသည်။

ထိုမင်းတွင် အလွန်အဆင်းလှသော " ရုဇာ " အမည်ရှိ သမီးတော်တစ်ပါးသာ ရှိလေသည်။ ထိုသမီးတော်အား အလှူပေးစိမ့်သောငှာ ဥစ္စာတစ်ထောင်ကို လခွဲတစ်ကြိမ် ပေးတော်မူသည်။

ထိုမင်း၏အမတ်ကြီးသုံးပါးတို့မှာ - ဝိဇယ၊ သုနာမ၊ အလာတ တို့ဖြစ်လေသည်။

တစ်ခုသော တန်ဆောင်မုန်းလပြည့်နေ့ -

စန်းယှဉ်နက္ခတ်ကြတ္တိကာသည် ထွန်းလင်းသာယာ လျက်ရှိ၏။

အင်္ဂတိမင်းကြီးသည် နန်းပြာသာဒ်ထက်မှ ထွန်လင်းပြည့် ဝန်း ရွှန်းတောက်ဘိသော လဝန်းကို မျှော်ကြည့်ရှုစားလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ စိတ်ဓာတ်သည်လည်း အထူးပင်ရွှင်လန်း ချမ်းမြေ့ဘိ၏။

"ဤကဲ့သို့ သာယာလှဘိသော ညဉ့်မျိုးတွင် အဘယ်ကဲ့သို့ မွေ့လျော်ရသော် ကောင်းအံ့နည်း"

အဂိတ်မင်းကြီးက အမတ်တို့အား လျှောက်ထားသည်။

မှတ်ချက် ။ ။ မင်းကျင့်တရား ဆယ်ပါး။

၁။ ဒါန - အလှူပေးခြင်း

၂။ သီလ - ငါးပါးသီလ၊ ဆယ်ပါးသီလကို ဆောက်တည်ရခြင်း။

၃။ ပရိစာဂ - ပေးကမ်းချီးမြှင့်စွန့်ကြဲရခြင်း။

၄။ မဒ္ဒဝ - ကိုယ်နှုတ်နူးညံ့သိမ်မွေ့ရခြင်း။

၅။ ဥပေါသထ - အင်္ဂါသီလစောင့်ထိန်းရခြင်း။

၆။ အက္ကောဓ - အမျက်မထွက်ရခြင်း။

၇။ အဝိဟေသ - ရဟန်းရှင်လူပြည်သူတို့နှင့် မဆန့်ကျင် ရခြင်း။

၈။ အဝိဟိံသန - ပြည်သူလူထုတို့ကို အခွန်အထုတ် အမျိုးမျိုးတို့ဖြင့် မညှင်းဆဲရခြင်း။

၉။ ခန္တီ - သည်းခံရခြင်း။

၁၀။ သမ္မာပဋိပန္န - ဖြောင့်မတ်မှန်ကန်စွာကျင့်ရခြင်း။

" အရှင်မင်းကြီး စစ်ပြုသော်ကောင်း၏။ "

အလာတအမတ်ကြီးက လျှောက်ထားသည်။

" အရှင်မင်းကြီး ကာမဂုဏ်၌ မွေ့လျော်ခြင်းသည် ကောင်း၏"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သုမာမအမတ်က လျှောက်တင်၏။

" အရှင်မင်းကြီး အကြားအမြင်နှင့် ပြည့်စုံသော ရဟန်းပုဏ္ဏားတို့ထံ ဆည်းကပ်လျက် ယုံမှားခြင်းတို့ကို ပယ်ဖျောက်သော် ကောင်း၏ "

ဝိဇယအမတ်က လျှောက်ထားသည်။

အင်္ဂတိမင်းကြီးသည် ဝိဇယအမတ်၏ လျှောက်ထားချက်ကို နှစ်သက်၏။

သို့နှင့် -

အလာတအမတ်ညွှန်ကြားရာ မိဂဒါဝုန်တောရှိ ကဿပတက္ကတွန်း ကို့ထံ နောက်လိုက်နောက်ပါ ဗိုလ်ပါတို့နှင့် သွားရောက်လေသည်။

" မိဘ၊ ဆရာ၊ သားမယား၊ သက်ကြီးရွယ်အို၊ ရဟန်း၊ ပုဏ္ဏား၊ မှူးမတ်ဗိုလ်ပါ၊ ပြည်ရွာအပေါ်တွင် ကျင့်ရမည့်တရားကိုလည်းကောင်း၊ နတ်ရွာရောက်ကြောင်း၊ ငရဲလွတ်ကြောင်းတရားလိုလည်း ညွှန်ပြပါလော့ "

မင်းကြီးကဆို၏။

ကဿပတက္ကတွန်းကား အမေးနှင့်လျော်သော အဖြေကိုမသိချေ။ နားမလည်ချေ။

" အသင်မင်းကြီး ကောင်းကျိုး၊ မကောင်းကျိုးဟူ၍လည်းကောင်း၊ တမလွန်လောကဟူ၍လည်းကောင်း မရှိချေ မိဘဆရာဟူ၍လည်းမရှိ၊ အလှူပေးခြင်းဖြင့်လည်း အကျိုးမရှိ၊

www.burmeseclassic.com



မီး၊ မြေ၊ ရေ၊ လေ၊ ချမ်းသာ၊ ဆင်းရဲ အသက် - ဤခုနစ်ပါး သာ မြဲကုန်သည်။ သတ္တဝါတို့သည် (၈၀) ကမ္ဘာပြည့်မှ စင်ကြယ်မည်။ ထိုအတွင်း ကောင်းမှုပြုသော်လည်း မစင်ကြယ် နိုင်။ မကောင်းမှုပြုသော်လည်း ထိုခဏကို မလွန်နိုင် မင်းကြီး"

ကဿပတက္ကတွန်းက ဟော၏။

ဤတွင် အလာတအမတ်က ငှင်းသည် ရှေးဘဝ မကောင်းမှုပြုခဲ့သော်လည်း ယခုအခါတွင် ကောင်းကျိုးခံစား နေရပုံကို ပြောပြ၍ထိုစကားကို ထောက်ခံ၏။

ကဿကတက္ကတွန်းထံတွင် ဆည်းကပ်နေသော မိတ္တီလာပြည်သား ဗီဇသူဆင်းရဲကလည်း -

" အကျွန်ုပ်ဟာ ရှေးဘဝက သူဌေးတစ်ဦးဖြစ်ပါတယ်။ ကောင်းမှုအလှူတွေပြုခဲ့ပါတယ် ဒါပေမယ့် ယခုဘဝမှာ သူဆင်းရဲဖြစ်နေပါတယ် " ဟု ပြောကာ အလာတအမတ်၏ စကားကို ထောက်ခံလေသည်။

ထိုအခါမှစ၍ မင်းကြီးသည် ပြည်ထဲရေးကိုအမတ်တို့ အားလွှဲ၏။ ကာမဂုဏ်စည်းစိမ်ကိုသာ ခံစား၏။ အလှူဒါနရပ်တို့ ကိုလည်း ဖျက်စေ၏။

" အင်္ဂတိမင်းကြီးကား အယူမှားလေပြီ "

တစ်ပြည်လုံးက အုန်းအုန်း ကျက်ကျက် ပြောဆိုကြ လေသည်။

ရုဇာမင်းသမီးသည် ထိုသတင်းစကားများကို ကြား



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။ ခမည်းတော်၏အယူမှားကို ဖယ်ရှားအံ့ဟု အခါအခွင့်ကို စောင့်လင့်နေ၏။

ဂုဏာမင်းသမီးကား ရှေ့ဘဝနှင့် နောက်ဘဝတို့ကို သိမြင်နိုင်သောသူ ဖြစ်လေသည်။

အချိန်ကျရောက်သော် မင်းကြီးထံသို့ဝင်သည်။ အလှူပြုရန် ရွှေရိကျွာကို တောင်းလေသည်။

မင်းကြီးကား ယခင်နှင့်မတူတော့။

အလှူကိုမယုံကြည်တော့။ အမြစ်ပြုကာတား၏။

ဤတွင်သမီးတော် ဂုဏာက ခမည်းတော် အယူမှားနေပုံ၊ တက္ကတွန်းတို့၏ အပြောနှင့်အကျင့်မညီပုံ၊ မိမိ၏အတိတ်နှင့် ပစ္စုပ္ပန်အကြောင်းများကို ရှင်းလင်းပြောပြလေသည်။

သို့သော် အင်္ဂတိမင်းကြီးကား မှားသောအယူကို မစွန့်တော့ချေ။ ဤတွင်ဂုဏာမင်းသမီးက နတ်ဗြဟ္မာတို့အား ကူညီရန် သစ္စာအဓိဋ္ဌာန်ပြု၏။ ထိုအခါ ဖခင်တော်စပ်ခဲ့ဖူးသော နာရဒဗြဟ္မာကြီးသည် အင်္ဂတိမင်းကြီးအား ချွတ်အံ့ဟု ရဟန်းအသွင်ဖြင့်ရောက်လာ၏။

မင်းကြီးသည် နာရဒအရှင်မြတ်ကို တွေ့သည်ရှိသော် အံ့သြ၏။ အရောင်အဝါ တင့်တယ်လှသောအသွင်အပြင်ကိုလည်း ရင်သပ်ရှုမောဖြစ်၏။ သို့သော် ဂါရဝပြုခြင်းကား မရှိ။

" အသင်ရဟန်း နောင်ဘဝဟူသည် ရှိပါသလော "

" ရှိပေသည်မင်းကြီး "

www.burmeseclassic.com

www.burmeseclassic.com



" သို့ဆိုလျှင် အသင့်ထံမှအသပြာငါးရာယူအံ့၊ နောင်ဘဝကျလျှင် တစ်ထောင်ပေးဆပ်မည် "

အင်္ဂတိမင်းကြီးက ရယ်သွမ်းသွေးကာ ပျက်ရယ်စကားဆို၏။

" အသင်မင်းကြီး အသင်တား လွဲမှားသောအယူရှိ၏။ ထို့ကြောင့် သေလွန်သောအခါ ငရဲ၌မှုချခံစားရမည်ဖြစ်ပေသည်။ ငရဲခံနေရသော သင့်ထံမှအသပြာတစ်ထောင်ကို မည်သို့တောင်းဆိုရပါမည်နည်း "

နာရဒပဟ္မာ၏ အဖြေကြောင့် မင်းကြီးမှာ တွေဝေသွားတော့၏။

" အသင်ရဟန်း တန်ခိုးရှိခြင်း၏ အကြောင်းရင်းစကားအဘယ်နည်း "

" အသင်မင်းကြီး ကုသိုလ်ကောင်းမှုသာ ဖြစ်၏ "

နာရဒဗြဟ္မာက ဖြေ၏။

မင်းကြီးလည်း သိလိုသမျှ ပြဿနာကို မေး၏။ ရဟန်းအသွင် နာရဒဗြဟ္မာလည်း မေးသမျှကို ဥပမာသာဓကများဆောင်၍ ကျေနပ်အောင်ဖြေ၏။

ထို့နောက် ငရဲအကြောင်း၊ ရှေးမင်းမြတ်တို့အကြောင်းစသည်တို့ကို ဟောကြားလေသည်။ အယူမှားကို ပယ်ရှားစေသည်။ သီလ၌ တည်စေလေသည်။ ရုဇာမင်းသမီးကိုလည်းများစွာ ချီးကျူးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးလည်းများစွာ ထိတ်လန့်ခြင်းဖြစ်၍ အယူမှား ကိုစွန့်၏။ သီလဒ္ဓတည်၏။

နာရဒဗြဟ္မာလည်း မင်း၊ မိဖုရား၊ မောင်းမ မိဿံတို့ကို လည်း တရားဓမ္မဖြင့် ဆုံးမလေသည်။ ထို့နောက် ပရိသတ်တို့ မြင်စဉ်ပင် နာရဒဗြဟ္မာကြီးသည် ဗြဟ္မပြည်သို့ ပြန်၍တက်သွား လေသည်။

အင်္ဂတိမင်းကြီးလည်း များစွာတရားသံဝေဂရ၏။ ဒါနမှုကို ပြန်လည်ဆောင်ရွက်သည်။ သီလပြန်လည် ဆောက်တည်သည်။ သမီးတော် ရုဇာအားလည်း လျှမြဲတိုင်း လျှစေသည်။

အလောင်းတော် နာရဒဗြဟ္မ၏ ကျေးဇူးကိုလည်း မမေ့နိုင်အောင် ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဝိဓူရဇာတ်တော်

ရှေးလွန်လေပြီးသောအခါ ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည်၌ ဓနဥ္စယကောရဗျအမည်ရှိသော မင်းသည်စိုးစံ၏။ ထိုမင်း၏ ဝိဓူရမည်သော ပညာရှိအမတ် တစ်ဦးရှိလေသည်။

ဓနဥ္စယကောရဗျမင်းတွင် ကောရဗျမည်သောသားတစ်ယောက် ဖွားမြင်လေသည်။ အရွယ်ရောက်သော် ဓနဥ္စယကောရဗျမင်း နတ်ရွာစံသဖြင့် သားတော် ကောရဗျနန်းတက်လေသည်။

ထိုကောရဗျမင်းသည် ကြွေအန်ကစားမှု၌ အလွန်တန်မက်လေသည်။

တစ်နေ့သော် ကောရဗျမင်းသည် ဥပုသ်သီတင်းဆောက်တည်၏။ ဥယျာဉ်တော်တွင် တရားအားထုတ်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ထိုအခါ ရှေးဘဝက အဆွေခင်ပွန်းဖြစ်ခဲ့ကြဖူးသော သိကြားမင်း၊ နဂါးမင်း၊ ဂဠုန်မင်းတို့လည်း ဥပုသ်စောင့်ကြရင်း ဥယျာဉ်တော်သို့ရောက်လာကြသည်။ မင်းလေးပါး ဆုံကြသည်။ ဤတွင် ထိုမင်းလေးပါးတို့လည်း မည်သူ၏သီလက ပိုမိုမြင့်မြတ်ကြောင်းကို အသီးသီးအငြင်းအခုံ ဖြစ်ကြလေသည်။ နောက်ဆုံးတွင် ပညာရှိ ဝိဓူရအမတ်ကြီးထံ အဆုံးအဖြတ် ဝင်ကြလေသည်။ အမတ်ကြီးလည်း အခြင်းအရာအလုံးစုံကို စစ်ဆေးသည်။

"မင်းကြီးတို့မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာသည် မဟာသမုဒ္ဒရာသို့ စီးဝင်သကဲ့သို့ပင် မင်းကြီးတို့ စောင့်ထိန်းအပ်သော သီလ၏ပန်းတိုင်သည်လည်း အတူတူပင်ဖြစ်ချေသည်။ အမါယ်လေးပါးမှ လွတ်ကင်းပြီး နတ်ရွာနိဗ္ဗာန်ရည်စူးကြသည်ချည်းဖြစ်လေသည်။ ထို့ပြင် သီလဆောက်တည်စဉ် အရေးကြီးသော သိက္ခာပုဒ်များ စောင့်ထိန်းကြသည်မှာ အတူတူပင် ဖြစ်ပေသည်။ ထို့ကြောင့် မင်းလေးပါးတို့၏ သီလသည်ထပ်တူထပ်မျှပင် ဖြစ်ပေသည်။"

ဝိဓူရအမတ်ကြီး အဆုံးအဖြတ်ပေးသည်။

ထိုအခါ မင်းလေးပါးတို့လည်း များစွာပင် ဝမ်းမြောက်ဝမ်းသာဖြစ်သည်။ သိကြားမင်းက ဘွဲ့ဖြူပုဆိုး၊ ဂဠုန်မင်းက ရွှေပန်း၊ နဂါးမင်းက ပတ္တမြား၊ ကောရဗျမင်းက ဆင်မြင်းစသည်ဖြင့် ပူဇော်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက် ။ ။ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ပညာပါရမီကို အကြောင်းပြု၍ ဂါထာဂပါင်း ၁၁၄ - ဂါထာဖြင့် ဝန်ဆာဆင်လျက် ဝိဓူရဇာတ်တော်ကို ဟောကြားတော်မူသည်။

ထို့နောက် မိမိဌာနအသီးသီးသို့ ပြန့်ကြသည်။

ဝရုဏနဂါးမင်းလည်း ဘောဂဝတီနဂါးပြည်သို့ ပြန်သည်။ ၎င်း၌တွင် နဂါးမိဖုရားကြီး ဝိမလာဒေဝီက ပတ္တမြားကို မတွေ့သဖြင့် မေးလေသည်။


ထိုအခါ ဝရုဏနဂါးမင်းက လူ့ပြည်တွင် ဥပုသ်သီတင်း ဆောက်တည်ပုံ၊ သီလအမြတ်ပြိုင်ကြပုံ ပြောပြသည်။ ထို့မှတစ်ဖန် ကောရဗျမင်းကြီး၏ ပညာရှိအမတ် ဝိဓူရ၏ အကြောင်း ရောက်သွားသည်။

" ဝိဓူရအမတ်ကြီးသည် အလွန်ပင်ပညာရှိပေသည်။ သီလသိက္ခာပုဒ်များ စောင့်ထိန်းမှုများနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးပုံမှာလည်း မျှတမှန်ကန်ကောင်းမွန်လှပေသည်။ ထိုပညာရှိကြီး ကိုယ်တိုင်ကလည်း သီလသိက္ခာ သမာဓိဖြင့်မြတ် တည်ကြည်လှပြီး၊ ကျေးဇူးတရားကိုလည်း သိတတ်လှပေသည်။ ကျေးဇူးရှင်အတွက် ကျေးဇူးဆပ်ရန် အသက်ပင် ပဓာနမထားသူ ဖြစ်ပေသည်။

ဝရုဏနဂါးမင်းက အကြောင်းစုံပြောပြသည်။ ဝိဓူရကို လည်း ချီးကျူးစကားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိဓူရ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဝိမဟာဒေဝီသည် ဝိဓူရ၏တရားစကားကို နာကြားလိုစိတ် တဖွားဖွားပေါ် ပေါက်သည်။ တိုက်ရိုက်ခေါ်စေက မရမည်ကိုစိုးရိမ်သည်။ ထို့ကြောင့် ပရိယာယ်မာယာကို သုံးလေတော့သည်။

" ဝိဒူရ၏နှလုံးသည်းပွတ်ကကို စားလိုလှပါသည်။ အမြန်ဆောင်ကြဉ်းပေးပါလော့။ မစားရပါက အသက်ဆုံးရပါတော့မည် "

ဝိမဟာဒေဝီသည် တတွတ်တွတ်ရေရွတ် ညည်းတွားရင်း အိပ်ယာထက်တွင် လဲ၏။ နာမကျန်းလေဟန်၊ ဟန်ဆောင်၏။ ဝရုဏနဂါးမင်းကား မိဖုရားအတွက် စိုးရိမ်သောက ရောက်ရလေတော့သည်။

ဝိဓူရ၏နှလုံးသည်းပွတ်ကို ရနိုင်ရန်လည်း ခက်ခဲသည်။ တစ်ဖန် နဂါးမင်းစောင့်ထိန်းနေသော သီလတော်မြတ်နှင့်လည်း ဖီလာဖြစ်၍နေလေသည်။ ထို့ကြောင့် ဝရုဏနဂါးမင်း အခက်တွေ့၍ နေလေသည်။

ဆရာတော်ဦးဩဘာသက ၁၁၄၅ - ခု၊ ဝါခေါင်လပွင် ရေးသားပြီးစီး တော်မူသည်။ ကျောင်းတကာ မောင်ဝ၏ သားမောင်ထောက်က လျှောက်ထားတောင်းပန်သဖြင့် ရေးသားသည်။

ထိုစဉ် သမီးတော်ဣရန္ဒတီရောက်ရှိ၍လာလေသည်။ နဂါးမင်းကြီး၏ မျက်နှာလည်းရှုတ်ခြည်း ဝင်းပ၍သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီး၏ ဆန္ဒဖြည့်နိုင်စွမ်းမည့် နည်းလမ်းကောင်းကို တွေ့ချေပြီ။

" သမီးတော် ဝိဓူရ၏နှလုံးသည်းပွတ်ကို ဆောင်ယူနိုင်မည့်လင်ယောကျ်ားမျိုးကို ရှာဖွေရချေလော့ "

နဂါးမင်းက မိန့်သည်။

" မှန်လှပါ ခမည်းတော် သမီးတော်မှာ ကြွေးဟောင်းဆပ်ရသူဖြစ်ပါသည်။ သမီးတော်သည် ခမည်းတော်၏ ဆန္ဒကို ဖြည့်စွမ်းပါမည် ခမည်းတော် "

" ဤကိစ္စသည် လွယ်ကူသောကိစ္စ မဟုတ်ပါ သမီးတော်။ ထိုကိစ္စမျိုးကို ဆောင်ရွက်နိုင်စွမ်းသူသည် နှလုံးရည်၊ လက်ရုံးရည်နှင့် ပြည့်စုံသော လူစွမ်းကောင်းအမှန် ဖြစ်လိမ့်မည် သမီးတော် ထိုသူမျိုးအား လက်ဆက်ခြင်းဖြင့် သမီးတော်အတွက်လည်း အကျိုးမယုတ်တန်ရာပေ "

" သမီးတော်အစွမ်းကုန် ကြိုးစားပါမည် ဖခမည်းတော် "

ဣရန္ဒတိရိသေစွာလျှောက်ထားသည်။

မင်းသမီးသည် ကာဠတောင်သို့ ထွက်ခဲ့၏။ လင်လျာကို ရှာဖွေရန် ထွက်ခဲ့ခြင်းဖြစ်၏။ မင်းသမီးသည် ဆယ်ကျော်သက်ရွယ်လှမျိုးကြွယ်စ ဖြစ်၏။ ခါး၊ ရင်၊ တင်အလှင်းပါး ပဉ္စကောင်းခြင်းနှင့် ပြည့်စုံ၏။

ထိုစဉ်မြင်းပျံစီး၍ ခရီးထွက်လာသော ပုဏ္ဏကနတ်ဘီလူးသည် မင်းသမီးကိုတွေ့၏။ တွေ့စဦး၌ပင် မေတ္တာစိတ်

www.burmeseclassic.com

www.burmeseclassic.com



တို့သည် အထူးပင်ယိုဖိတ်၏။

ဣရန္ဓတီလည်း နတ်မြင်းပျံဖြင့် အပါးသို့ရောက်လာသော ပုဏ္ဏကနတ်ဘီလူးအား မော့ကြည့်လိုက်၏။ ထိုတခဏ်တွင်ပင် ပုဏ္ဏကနတ်ဘီလူးသည် သူ၏နှလုံးသားကို ဆွဲငင်သိမ်းပိုက်သွားတော့၏။

စကားနွှဲ နှုတ်ခွန်းလှယ် မဆိုမီပင်ကပင် မေတ္တာဖလှယ်မိကြလေသည်။

" နှမတော်၏မျိုးနွယ်ဇာတိကို သိခွင့်ပြုပါ နှမတော် အဘယ်ဒေသ၌နေပြီး ဤကာဠဂတောင်သို့ ရဲရွှေမပါ တစ်ကိုယ်တည်းအဘယ်ကြောင့် ရောက်ရှိနေရပါသနည်း နှမတော် "

ပုဏ္ဏကနတ်ဘီလူးက မေးလေသည်။

" နှမတော်၏အကြောင်းပြောပြရန် မည်သို့မျှ အခက်အခဲမရှိပါ မောင်၊ သို့တစေ မောင်ကြီး၏ မျိုးနွယ်ဇာတ်ကို ဦးစွာသိခွင့်ပေးပါ မောင်ကြီးရှင့် "

" ကောင်းပါပြီ နှမတော်။ မောင်ကြီးကား ပုဏ္ဏကနတ်ဘီလူးဖြစ်ပါသည်။ နှမတော်ကိုမြင်ရစဉ် ခဏတွင်ပင် မေတ္တာသက်ဝင်ကြင်နာမြတ်နိုး မိုးစွေမိပါသည်။ သင် နှမအနေဖြင့် သက်ထားကြင်ရာဖမြစ်အား ထားနိုင်ပါသည် နှမတော် "

" ဝမ်းမြောက်ဝမ်းသာရှိလှပါသည်။ မောင်တော်တွေ့ဦးစ တခဏ်မှာပင် နှမတော်၏မျက်ဝန်းတွင် မေတ္တာရိပ်ကို မောင်တော် သတိပြုမိနိုင်ပါသည်။ သို့တစေ နှမတော်ကို

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



လက်ဆက်နိုင်ရေးအတွက် ပေးဆက်ရန် တာဝန်ကြီး တစ်ခုထား ရှိပါသည်။ နှမတော်သည် မယ်တော်၏ကျန်းမာရေးနှင့် ပတ်သက်၍ ဤနေရာသို့ရောက်ရှိကာ ရေစက်ဟောင်းပါသူ သူရဲကောင်းကို ငံ့လင့်စောင့်မျှော်နေခြင်း ဖြစ်ပါသည် မောင်တော်"

ဣရန္ဒတီက ပြောပြလေသည်။

"စိုးရိမ်ကြောင့်ကြတော်မမူပါနှင့် နှမတော်။ နှမတော် အရေး အသက်ပေး၍ ဆောင်ရွက်ရန် ဝန်မလေးပါ နှမတော်"

"ကောင်းပါပြီ မောင်တော်။ နှမတော်ဟာ ဘောဂဝတီ နဂါးပြည်ကို အစိုးရသော ဝရုဏနဂါးမင်းနှင့် ဝိမလာဒေဝီတို့၏ တစ်ဦးတည်းသမီး ဣရန္ဒတီဖြစ်ပါသည်။

ဣရန္ဒတီက ဇာတ်ခုံခင်း၍ ပြောပြသည်။

"ဤအရေးကို တွေး၍ မပူပန်ပါနှင့် နှမတော် မောင်တော် ဆောင်ရွက်နိုင်မည် ဧကန်ဖြစ်ပေသည်"

ပုဏ္ဏကနတ်ဘီလူးက ရဲဝံ့စွာပင် အာမခံသည်။

ထိုအခါ ဣရန္ဒတီသသည် ပုဏ္ဏက ကိုခေါ်ဆောင် ၍ ခမည်းတော်ထံသို့ သွားသည်။ ဖြစ်ကြောင်း ကုန်စင် လျှောက်ထားလေသည်။

"ဝိဒူရအမတ်၏ နှလုံးသားသည်းပွတ်ကို ဆောင်ယူ ပေးနိုင်ပါက အမှန်ပင်သမီးတော်နှင့် လက်ထပ်ထိမ်းမြား ပေးပါမည်"

www.burmeseclassic.com

www.burmeseclassic.com



ဝရုဏနဂါးမင်းက ဝန်ခံကတိပြုလေသည်။

ထိုအခါ ပုဏ္ဏကသည် နှလုံးသည်းပွတ်ကို မုချရစေမည်ဖြစ်ကြောင်း ဝန်ခံကတိပြုသည်။ ထို့နောက် ဦးရိုးတော် ကုဝေရနတ်မင်းကြီးစံရာ စတုမဟာရာဇ်နတ်ပြည်သို့ သွားသည်။ ထို့နောက် နတ်မင်းကြီး၏အခွင့်ကို ဥပါယ်တံမဥ်ဖြင့် ရယူသည်။ ဝိဓုရကိုလည်း၊ ဥပါယ်တံမျဉ်ဖြင့် ရယူနိုင်ရန် ဝေပုလ္လတောင်မှ ပတ္တမြားကို ယူဆောင်ခဲ့လေသည်။

ကုရုပဉ္စာနဂိုပြည်သို့ ပုဏ္ဏကနတ်ဘီလူးသည် ကစ္စည်းလုလင်အသွင်ဖြင့် ရောက်လာ၏။ မြို့ဝန်မှတစ်ဆင့် ကောရဗျမင်းကြီးနှင့် ကြွေအန်ကစားလိုကြောင်း အကြောင်းကြားလိုက်လေသည်။ မင်းကိုလည်း ကြွေအန်ကစားခြင်း၌ ဝါသနာထုံသည့်အားလျော်စွာ ၃-ရက်ကြာလျှင် ကစားမည်ဖြစ်ကြောင်း၊ မြို့ဝန်မှာအလုပ်တာဝန်များပြားသူဖြစ်၍ ညည်ဝတ်ကျေပွန်နိုင်မည်မဟုတ်ကြောင်း၊ သို့အတွက် ဝိဓုရသုခမိန်အိမ်သို့ ပြောင်းရွှေ့တည်းခိုစောင့်စေလိုကြောင်း အကြောင်းကြားလိုက်သည်။

ထို့ကြောင့် ကစ္စည်းလုလင်အသွင်ဆောင်ထားသော ပုဏ္ဏကသည် ဝိဓုရကကိုချဉ်းကပ် လေ့လာခွင့်ရသွားလေသည်။ ဝိဓုရသည် ပညာရှိပီသသည်။ ညည့်ဝတ်ကျေပွန်သည်။ နန်းတော်သို့အခစားဝင်ချိန်၊ ကျမ်းဂန်လေ့လာချိန်၊ ဘုရားဝတ်ပြုချိန်မှတစ်ပါး ကျန်အချိန်များတွင် ကစ္စည်းလုလင်နှင့် [illegible] ဆွေးနွေးသည်။ အိမ်ရှင်ကောင်းလည်း ပီသလှပေသည်။ [illegible]

www.burmeseclassic.com



သောပုဂ္ဂိုလ်၏ နှလုံးသည်းပွတ်ကိုမှ စားလိုသည်ဆိုသော ဝိမလာဒေဝီ အကြောင်းမှာလည်း ဆန်းလှသည်ဟု ပုဏ္ဏကတွေးမိသည်။

အတွေးများကို ပုဏ္ဏကမောင်းနှင် ထုတ်ပစ်သည်။ မိမိ၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ဣရန္ဒတီကိုရရေးပင်ဖြစ်သည်။

သုံးရက်မြောက်သောနေ့တွင် ကြွေအန်ကစားကြရန် ပြင်ဆင်ကြသည်။ ကြွေအန်ကစားသည့် ပညာရှင်ချင်း တန်းတူဆော်ခံသည့်အနေဖြင့် နေရာတိုင်းကိုလည်း တန်းတူပင်ပြင်ဆင်ထားသည်။

" အသင် ကစ္စည်းလုလင် လောင်းကြေးကား အဘယ်နည်း "

မင်းကြီးကမေးသည်။

ထိုအခါ ပန္စည်းလုလင်က အဖိုးမဖြတ်နိုင်သော ပတ္တမြားနှင့် မနောမယမြင်းပျံကိုပြသည်။

" ကျွန်ုပ်ရှုံးလျှင် ဤပစ္စည်းကိုယူပါ "

ကစ္စည်းလုလင်ကဆိုသည်။ ထိုအခါ မင်းကြီးကလည်း

" ကျွန်ုပ်ရှုံးလျှင် ထီးနန်း၊ မိဖုရားနှင့် မိမိကိုယ်မှတစ်ပါး လိုရာကိုယူပါ " ဟုဆိုလေသည်။

ထို့နောက် ကောရဗျမင်းကြီးနှင့် ကစ္စည်းလုလင် ကြွေအန်ကစားကြသည်။ လွန်ခဲ့သော သုံးခုမြောက်ဘဝက

www.burmeseclassic.com



မိခင်ဖြစ်ခဲ့ဖူးသည့် ထီးဖြူစောင့်နတ်သမီးက တန်ခိုးဖြင့် ကူညီသဖြင့် အခြားလောင်းကစားဖော် မင်းများကိုနိုင်မြဲ ဖြစ်သည်။

ကစားရာတွင် ကောရဗျမင်းက အရှုံးကျမည့်ကြွေကို ကြိုတင်သိသဖြင့် ဖမ်းနိုင်သည့်အခါ ပုဏ္ဏကသည်ထီးဖြူစောင့် နတ်သမီး၏ တန်ခိုးမှန်းသိသည်။ ထို့ကြောင့် နတ်သမီးကို မျက်စောင်းထိုး၍ နှင်ထုတ်လိုက်သည်။ ထို့နောက် ဆက်၍ကစားပြန်သည်။ ကောရဗျမင်းကြီး ရှုံးတော့သည်။

ထိုအခါ မင်းကြီးက ရှိရင်းစွဲကတိအတိုင်း လောင်းကြေး ကိုတောင်းစေသည်။

" အရှင်မင်းကြီး အကျွန်ုပ်အား ဝိဓုရသုခမိန်ကိုသာ ပေးပါလော့ "

ကစ္စည်းလုလင်ကတောင်းသည်။

" အသင်ကစ္စည်းလုလင် ဝိဓုရကား အကျွန်ုပ်၏ အမှုထမ်းသာဖြစ်၏။ ကျွန်ုပ်ပိုင်ပစ္စည်း မဟုတ်ပါ။ ထို့ကြောင့် ပြောင်း၍တောင်းပါလော့ "

" အရှင်မင်းကြီး ကျွန်ုပ်စိတ်ကိုကား ပြောင်းလဲ၍ မရနိုင်ပါ။ ဝိဓုရသုခမိန်သည် မင်းကြီး၏ပစ္စည်းပင်ဖြစ်ကြောင်း သက်သေမှုလျှင် မင်းကြီးပေးမည်လော့ "

သို့နှင့် ဝိဓုရသုခမိန်ခေါ်သည်။

" သုခမိန် သင်ကားလွတ်လပ်သူ မဟုတ်လော

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ သက်ရှိသက်မဲ့ပစ္စည်းတွင် မပါဝင်သည်မဟုတ်လော"

မင်းကြီး၏ မေးခွန်းကား နိမိတ်ပြမေးခွန်းဖြစ်သည်။ တစ်စုံတစ်ရာ ပြဿနာကြောင့် ဤသို့မေးဟန်ရှိကြောင်း ဝိဓူရ စဉ်းစားမိသည်။

သခင်ဖြစ်သူအတွက် အသက်စွန့်ဝံ့သော ရွှေဟသာမင်း၏ စစ်သူကြီး သုမုခဟသာကို ဝိဓူရသတိရသည်။ ငှက်တိရစ္ဆာန်ပင်ဖြစ်တုံလျက် သခင့်အတွက် အသက်ပေးရန် ဝန်မလေးခဲ့ပေ။ မိမိကား လူဖြစ်သည်။ ထို့ကြောင့် ကျေးဇူးတရားကို ပို၍ သတိရပေလိမ့်မည်။

" အဘယ်ဆိုသနည်း။ အရှင်မင်းကြီး အကျွန်ုပ်ကား အရှင်မင်းကြီး၏ ကျွန်ရင်းဖြစ်ပါသည်။ အကျွန်ုပ်ကို မင်းကြီးပိုင်ဆိုင်ပါသည်။ အကျွန်ုပ်ကား အရှင့်အတွက် အသက်ပေးရန် အသင့်ရှိပါသည် မင်းကြီး "

ဝိဓူရသုခမိန်က ရဲဝံ့စွာ လျှောက်တင်လေသည်။

" ဝံ့စားလွန်းပေစွ၊ ကျေးကျွန်ကောင်း ပီသလှပေစွ သုခမိန် "

ကစ္စည်းလုလင်က ချီးကျူးစကားဆိုသည်။

တစ်ဖန်တုံလည်း ဝိဓူရ၏စကားအရ ၎င်းသည် ကောရဗျမင်းကြီးပိုင် ပစ္စည်းမဟုတ်ကြောင်း ဝန်ခံပြီးဖြစ်နေသည်။ ထို့ကြောင့် ပုဏ္ဏကသည် ဝိဓူရအား ခေါ်ဆောင်သွားခွင့်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်နှင့် လိုက်ခဲ့ပေတော့ သုခမိန်"

ဝိဓူရသုခမိန်အားမြင်ပြီးတွင် ခိုင်ခန့်စွာ ချည်နှောင်သည်။ ထို့နောက် မင်းပရိတ်၏အမြင်တွင်ပင် ကောင်းကင်သို့ ပျံတက်သွားလေတော့သည်။ ဝိဓူရသုခမိန်ပါသွားခြင်းအတွက် ပြည်သူအများကရော ကောရဗျမင်းအား အပြစ်တင်ကြလေသည်။

"ကာစ္စည်းလုလင်ဟူသည်ကား လူ့အသွင်ယူထားသော ဘီလူးပေတကား"

"ရက်စက်ကြမ်းကြုတ်ပေစွတကား"

ဤသို့လျှင် ပြောဆိုဝေဖန် ပြစ်တင်စကားဆိုဆဲမှာပင် ပုဏ္ဏကနှင့် ဝိဓူရတို့သည်မြင်ကွင်းမှ ဝေး၍ပျောက်ကွယ်သွားတော့လေသည်။

လမ်းတွင် ပုဏ္ဏကသည် ဝိဓူရအားယူဆောင်သွားသည်ထက် သတ်ဖြတ်ပြီးမှ နှလုံးသားကို ယူဆောင်သွားအံ့ ကြံသည်။ ထို့ကြောင့် မြင်းမြီးကိုကိုင်စွဲလျက် တောတောင်အထပ်ထပ်လှည့်၍ မြင်းကိုစိုင်းသည်။ သို့သော် ဝိဓူရ၏ သစ္စာ၊ သီလ၊ အာနုဘော်ကြောင့် မသေ။ ပင်ပန်းရုံသာရှိလေသည်။ ပုဏ္ဏက အမျိုးမျိုးခြိမ်းခြောက်သည်။ တောင်ထိပ်မှ ပစ်ချသည်။ သစ်ပင်များ၊ တောင်နံရံများနှင့် တိုက်ခိုက်မိစေသည်။

ပုဏ္ဏကသည် မိမိအား သေအောင်သတ်မည်ကို ဝိဓူရ သိလေသည်။ သို့တိုင်အကြောင်းရင်းကို သိလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



" အဘယ်ကြောင့် ကျွန်ုပ်အား သတ်လိုပေသနည်း "

" က္ကရန္ဒတိနဂါးမကို ယူလိုသောကြောင့် ဖြစ်ပေသည် "

" က္ကရန္ဒတိကိုရလိုသည်နှင့် ကျွန်ုပ်အား သေစေလိုခြင်းတို့သည် မည်သို့ပတ်သတ်မှု ရှိရေ ာသနည်း "

" ပတ်သတ်ပေသည် သုခမိန် အသင့်ဝိဓူရသုခမိန်၏ နှလုံးသည်းပွတ်ကို ဆောင်ယူပေးနိုင်ပါမှ ဆိုသဖြင့် ယခုကဲ့သို့ ကြံဆောင်ရခြင်းဖြစ်ပေသည်။

ပုဏ္ဏကလည်းဟုတ်တိုင်း မှန် ရာကိုဖြေသည်။ ဝိဓူရလည်း ကြောင်းရင်းဇစ်မြစ်ကို တွေး တောဆင်ခြင်စဉ်းစားမိသည်။

" သင်သတ်လိုကသတ်လော့။ သို့ရာတွင် သာဓုနရတရားကို ရှေးဦးစွာနာဦးလော့ "

" ကောင်းပြီ အသင်သုခမိန် "

ပုဏ္ဏကသည် ဝိဓူရသုခမိန်အား မြေပြင်သို့ချသည်။ ရေချိုးသန့်စင်စေသည်။ ထို့နောက် မြင့်မြတ်သောနေရာ၌ နေစေကာ သာဓုနရတရားကို ဟောကြားစေလေသည်။

ဝိဓူရသုခမိန်လည်း သာဓုနရတရားလေးပါးခေါ် သူတော်ကောင်းတို့ ကျင့်သုံးလိုက်နာသော တရားလေးပါးကို ဟောလေသည်။

ပုဏ္ဏကသည် ဝိဓူရ၏တရားကို နာရင်း ဟာအခါ များစွာ ပင်အသိတရား သံဝေဂရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိဓူရ၏အိမ်တွင် တည်းခို၍ ဝိဓူရကျွေးခဲ့သော အစားကိုစားခဲ့သည်။

ယခုသော် သူသည်သူတော်ကောင်းတို့ကျင့်စဉ်နှင့် သွေဖည်၍ နေပေပြီ။ ခင်ပွန်းကောင်းကို ပြစ်မှားမိချေပြီ။ စိုသောလက်ကို ခြောက်အောင်ပြုမိချေပြီ။ ကျေးဇူးကိုမဆပ်ပဲ ကျေးဇူးမဲ့ကို ပြုမိချေပြီ။ ဣရန္ဒတီဟူသော နဂါးမကို လိုချင်ကာမျှဖြင့် သူတော်ကောင်းကို ပစ်မှားမိချေပြီ။

" အသင်ဝိဓူရသုခမိန် ကျွန်ုပ်၏အမှားများကို ဝန်ချတောင်းပန်ပါ၏။ သုခမိန်အား ပြန်ပို့ပါအံ့ "

" အသင်သည် ဣရန္ဒတီကိုလိုချင်၍ ပေးခဲ့သောစကားကြောင့် ယခုကဲ့သို့ပြုခဲ့မိခြင်း ဖြစ်ပေသည်။ သင့်တွင်အပြစ်မရှိပြီ။ ကျွန်ုပ်ခွင့်လွှတ်ပါ၏။ အသင်ကစွဲလမ်းသည့်လင် ဝိမာလာဒေဝီသည် ကျွန်ုပ်၏နှလုံးသားသည်းပွတ်ကို စားလိုသည်ဟူသည်ကား အမှန်တကယ်စားလို၍မဟုတ် ကျွန်ုပ်၏တရားကို နာလို၍ဖြစ်သည်။ ကျွန်ုပ်အတွက် ဘေးအန္တရာယ်ကျရောက်မရှိပါ။ ထို့ကြောင့် မိဖုရားကြီး၏ ဆန္ဒလည်းပြည့်မြောက်သော် သင်၏ကြိုးပမ်းချက်လည်း အကျိုးမဲ့မဖြစ်ရလေအောင် ကျွန်ုပ်အား ဘောဂဝတီနဂါးပြည်သို့သာ ဆောင်ကြဉ်းပါလေတော့။ "

မှတ်ချက် ။ ။သာဓုနရတရားလေးပါး

၁။ ယ-တာ န ယာယီ - ရှေးသူဟောင်းတို့လမ်းကောင်းအကျင့်ကို အသင့်လိုက်နာ ကျင့်သုံးခြင်း။ (ကျေးဇူးသိ၊

www.burmeseclassic.com

www.burmeseclassic.com



တုန့်ပြန်ခြင်း)
၂။ အလ္လပါဏိမာသုက္ခ - ပေးကမ်းစွန့်ကြဲခြင်းဖြင့် စိုသောလက်တို့ မခြောက်သွေ့စေခြင်း။ (ချစ်စရှည်စေ၊ မုန်းစတိုဇေခြင်း)
၃။ မာဇအသာတိနံဝသံဂစ္ဆ - မိန်းမတို့နှင့်ပျော်ပါးလိုက်စားမဆိုက်မှားခြင်း။ (ယုတ်ညံ့သောမိန်းမတို့အတွက် မြင့်မြတ်သောယောကျာ်းဂုဏ် မညှိုးနွမ်းစေခြ း။)
၄။ မာဇုဋ္ဌိစမိတ္တာနံ - မိတ်ဆွေခင်ပွန်းတို့အား မပြစ်မှားမကောက်ကျစ်ခြင်း (ကျေးဇူးရှိသော ဖြောင့်မတ်မှန်ကန်သောခင်ပွန်းကောင်းတို့ကို ကံသုံးပါးစလုံးဖြင့် မပြစ်မှားအပ်ခြင်း။)

ဝိဓူရသုခမိန်၏ဆန္ဒအတိုင်း ဝိဓူရအားနဂါးပြည်သို့ပို့ရလေသည်။

ဝရုဏနဂါးမင်းသည် ဝိဓူရသုခမိန်ကိုတွေ့မြင်သောအခါ ကောင်းမွန်စွာကြိုဆိုသည်။ ဝိမလာဒေဝီလည်း သုခမိန်ရောက်လာပြီဆိုသည်နှင့် လာရောက်ရှိခိုးပူဇော်သည်။ နဂါးမင်းနှင့် မိဖုရားတို့အား ဝိဓူရသည် သင့်လျော်လျောက်ပတ်သောတရားကိုဟောပြောသည်။ ဤတွင် ဝိမလာဒေဝီ၏ ချဉ်ခြင်းဆန္ဒလည်း ပြေပျောက်တော့သည်။

ပုဏ္ဏကနတ်ဘီလူးအားလည်း ကတိအတိုင်း ဆောင်ရွက်ပေးနိုင်သဖြင့် ဣရန္ဒတီနှင့် လက်ဆက်ပေးသည်။

မိဖုရားကြီး ဝိမလာဒေဝီသည် ဆန္ဒပြည့်မြောက်ပြီဖြစ်သဖြင့် ဝိဓူရသုခမိန်အား ဣန္ဒပတ္တနဂိုရ်ပြည်သို့ ပြန်ပို့

www.burmeseclassic.com



နိုင်းသည်။

ကောရဗျမင်းကြီးနှင့်တကွ ပြည်သူပြည်သားအားလုံးတို့သည်လည်း ဝိဓူရသုခမိန်ပြန်လည်ရောက်ရှိသည့်အတွက် များစွာပင်ဝမ်းမြောက် ဝမ်းသာဖြစ်ကြသည်။

ဝိဓူရသည် မိမိ၏အဖြစ်အပျက်များကို မင်းကြီးအား ပြန်ကြားလျှောက်ထားသည်။ ပုဏ္ဏကထံမှရရှိခဲ့သော ပတ္တမြားကိုလည်း မင်းကြီးအားဆက်သည်။

ထိုမှစ၍ ဝိဓူရသုခမိန်သည် အသက်အတိုင်းနေ၍ သေလွန်သော် တာဝတိံသာနတ်ပြည်၌ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဝေဿန္တရာဇာတ်တော်

ရှေးလွန်လေပြီးသောအခါ သိဝရာဇ်တိုင်း စေတုတ္တရာပြည်တွင် သိဝရာဇ်မင်းကြီး မင်းပြုသည်။ သားဇော်ကား သိဥ္စည်းမင်းသားဖြစ်သသည်။ ဖုဿတီမင်းသမီးနှင့် ထိမ်းမြားသည်။ ခမည်းတော်နတ်ရွာစံသော အခါဆက်ခံသည်။

မှတ်ချက် ။ ။ မြတ်စွာဘုရားသည် မဟာသက္ကရာဇ် - ၁၀၄၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁-ရက် အင်္ဂါနေ့ညချမ်းတွင် ဝိလဝတ်ပြည်

သိဥ္စည်းမင်းနှင့် ဖုဿတီမိဖုရားတို့မှ သားတော်တစ်ပါး ဖွားမြင်သည်။ ကုန်သည်တို့သွားရာလမ်း ခရီးအစွန်တွင် ဖွားမြင်သောကြောင့် " ဝေဿန္တရာ " ဟူသော အမည်ကိုမှည့်သည်။ ဖွားသီကပင် စကားပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဿန္တရာကို ဖွားသောနေ့၌ ဆင်ဖြူတော်ရောက်လာသည်။ ထိုဆင်ဖြူကို ပစ္စယဟု အမည်မှည့်သည်။

ဝေဿန္တရာသည် အလှူအတန်း ဝါသနာပါသည်။ ငယ်စဉ်ကပင် အဖိုးတစ်သိန်း ထိုက်သော လည်ဆွဲကိုလှူခဲ့သည်။ ခမည်းတော်က အသစ်ဆင်ယင်ပေးတိုင်း ကိုးကြိမ်တိုင် လှူခဲ့သည်။

နိဂြောဓာရုံကျောင်း၌ သုဒ္ဓေါဒနမင်း အမှူးရှိသော ပရိသတ်ကို ဂါထာ (၁၀၀၀)ဖြင့် တန်ဆာဆင်၍ ဟောကြားသည်။

ကြာတော၌မိုးရွာသော မိုးနှင့်တူသော မိုးကိုအကြောင်းပြု၍ဟောသည်။

ဝေဿန္တရာဇာတ်တော်ကို မင်းဘူးဦးသြဘာသ ဆရာတော်သည် ကျောင်းတကာ မောင်ဝ၏သား မောင်ထောက် တောင်းပန်လျှောက်ထားသဖြင့် ၁၁၄၅ - ခု၊ တပေါင်းလတွင် ရေးသားပြီးစီးပါသည်။

ဝေဿန္တရာဇာတ်တော်ကို အခြားဇာတ်တော်များနှင့် အတူ ပုဂံခေတ်ဘုရားနံရံများတွင် ပန်းချီရေးဆွဲ သရုပ်ဖော်ပြသည်။

ပါဠိဘာသာဖြင့် ရှိနေသော ဝေဿန္တရာဇာတ် အဋ္ဌကထာများကို ဆရာတော်ကြီးများ က နိဿယပြန်ခဲ့ကြသည်။ ထို့ပြင် ဝေဿန္တရာကို ဝေဿန္တရာပြဇာတ်၊ ဝေဿန္တရာဟော

www.burmeseclassic.com

www.burmeseclassic.com



တာ စသည်ဖြင့်လည်း၊ ကောင်းနိုးရာရာ ရေးဖွဲ့ကြသည်။

ဝေဿန္တရာဇာတ်တော်ကြီး ပင်ကိုယ်ကပင်လျှင် ချစ်ခင်ခြင်း၊ သနားခြင်း၊ ကြည်နူးခြင်း၊ ရဲတင့်တက်ကြွခြင်း၊ စက်ဆုပ်ရွံ့ရှာခြင်း၊ ကြောက်ရွံ့ခြင်း၊ အံ့ဩခြင်း စသည်ရသစုံကို ပေးနိုင်သည်။ ဆရာတော်ဦးဩဘာသ မြန်မာမှုပြုလိုက်သောအခါ ပို၍ပင်အရသာ မြောက်သွားပါသည်။

ဆရာတော်သည်မြန်မာပြန်ရာ၌ တိုက်ရိုက်ပြန်သည် မဟုတ်။ ဖွဲ့ဖွဲ့နွဲ့နွဲ့ဝေဝေဆာဆာပြန်ထားခြင်း ဖြစ်ပါသည်။

စကားပြေသန့်သန့်ဖြင့်လည်းကောင်း ကာရန်ချိတ်စကားပြေဖြင့်လည်း သူ့နေရာနှင့်သူ လိုက်ဖက်အောင် ရေးသွားပုံမှာ နှစ်လိုစိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

အသက် (၁၆) နှစ်သို့ရောက်သော် မဒ္ဒရာမင်း၏ သမီးတော် မဒ္ဒီမင်းသမီးနှင့် လက်ထပ်ထိမ်းမြား ပေးသည်။ သားတော်ဇာလီနှင့် သမီးတော် ကဏှာဇိန်ကို ဖွားမြင်သည်။

ဝေဿန္တရာသည် မင်းအဖြစ်သို့ ရောက်ပြီးနောက် အလှူဇရပ်ခြောက်ဆောင်ဆောက်၍ နေ့စဉ်အလှူကြီးပေးလေသည်။

စေတုတ္တရာပြည်၌ ဤမျှသာယာစည်ပင်နေသော်လည်း -

ခေတ်မြိုင်မင်းမြိုင် ကလိင်္ဂရာဇပြည်တွင်ကား ဤသို့မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



မိုးခေါင်သည်။ ရေရှားသည်။ တောမွှတ်ခေါင်းပါးကြသည်။ ပြည်သူတို့ ဆူပူကြကုန်သည်။ ထိုအခါ ကလိက်ရာဇာမင်းက ပြည်သူတို့အား မိုးရွာစေအံ့။ မစိုးရိမ်လင့်ဟု နှစ်သိမ့်စကားဖြန့်ကြစေသည်။

မင်းကြီးလည်း အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်သီလကို ခုနစ်ရက်ပတ်လုံး ဆောက်တည်သည်။ သို့သော် မိုးကား မရွာ။ ထို့ကြောင့် အမတ်ပညာရှိတို့ကို ခေါ်သည်။

" အဘယ်ကြောင့်ဖြင့် မိုးရွာခြင်းကို ဖြစ်စေနိုင်သနည်း" မင်းကြီးမေးသည်။

" အရှင်မင်းကြီး ဥပေါသထဆင်ဖြူတို့ သွားရာခရီးရောက်တိုင်း မိုးရွာခြင်းဖြစ်လေသည် " သည်ဟု ရှေးသူဟောင်းတို့စကားရှိပါသည်။ ဆင်ဖြူတော်ကို ဆောင်ရသော် ကောင်း၏။ အမတ်ပညာရှိတို့က လျှောက်ကြသည်။

" မိုးထက်ပင်ရှားသော တန်ခိုးကြီးလှသည့် ဥပေါသထဆင်မျိုးကို အဘယ်မှာရနိုင်အံ့နည်း "

" အရှင်မင်းကြီး စေတုတ္တရ ပြည် ဝေဿန္တရာမင်းကြီး၌ ဆင်ဖြူတော်ရှိသည်။ ထိုမင်းကိုယ်တိုင်လည်း အလှူပေးခြင်း၌ မွေ့လျော်ပါသည်။ ထို့ကြောင့် အလှူခံခြင်း၌ လိမ္မာရဲရင့်သော ပုရောဟိတ်ပုဏ္ဏားတို့ကို စေလွှတ်၍ အလှူခံတောင်းရသော် ကောင်းပါ၏အရှင် "

သို့နှင့် ကလိက်ရာဇ်မင်းကြီးလည်း အလှူခံဖို့ရာ၌

www.burmeseclassic.com

www.burmeseclassic.com



လိမ္မာရဲရင့်သော ပုဏ္ဏားရှစ်ယောက်ကို ရွေးချယ်၍ စေတုတ္တရာ မြို့သို့ လွှတ်လိုက်လေသည်။

ဤတွင် ခေတ်စကားပြောဝတ္ထုဟန်ဖြင့် အကျဉ်းမျှသာ ဇာတ်ကြောင်း ဖော်ပြသွားသည်ကို သူခွင့်လွှတ်စေချင်ပါသည်။ ဤစာမြီးများမှတစ်ဆင့် မူရင်းဇာတ်တော်ကြီးများကို အချိန်ယူ လေ့လာစေချင်ပါသည်။

ပုဏ္ဏားတို့လည်း ဝေဿန္တရာမင်းကြီးထံမှောက် ရောက်သော် စကားပြောလိမ္မာ ကျမ်းကျင်စွာဖြင့် ပစ္စယဆင်ဖြူ တော်ကို အလှူခံကြလေသည်။

ဝေဿန္တရာမင်းကြီးကား လှူခြင်း၌တွန့်ဆိုခြင်း မရှိ။

" အလှူခံပုဏ္ဏားတို့ ဤသို့လာလှည့်ကြကုန် "

ပုဏ္ဏားတို့ကို အနီးသို့ခေါ်သည်။

ရွှေပန်းတုံးနှင့် တူသော ဆင်ဖြူတော်၏နှာမောင်းကို ကိုင်တော်မူလျက် ပုဏ္ဏားတို့လက်၌ ထားပြီးသော် ရွှေကရားဖြင့် ရေစက်ချ၍ ဆင်ဖြူတော်ကို လှူလိုက်လေသည်။

ထိုသို့ ဆင်ဖြူတော်ကိုလှူရာတွင် အဖိုးနှစ်သိန်း လေးသိန်း အဖိုးထိုက်ကန်သောတန်ဆာ၊ အဖိုးအနဂ္ဃထိုက်သော ပတ္တမြားခြောက်လုံးတို့ကို ပုဏ္ဏားတို့အားလှူသည်။ ထို့ပြင် ဆင်ဖြူတော်အစောင့်အရှောက်အဖေါ်။ အိမ်ခြေငါးရာ၊ ဆင်ချေးကျုံး၊ ဆင်ထိန်းနှင့်တကွ လှူလိုက်ခြင်းဖြစ်လေသည်။

ထိုအခါ ပြည်သူပြည်သားတို့သည် မိမိတို့နိုင်ငံမှ

www.burmeseclassic.com



ဆင်ဖြူတော် ကင်းလွတ်ရသည်ကိုများစွာ မကျေမနပ်ဖြစ်ကြသည်။ နန်းတော်သို့ ဝိုင်းဝန်းစုရုံးကာ ဆန္ဒပြကြသည်။

" အရှင်သားတော် ဝေဿန္တရာမင်းကြီးကို အလိုမရှိပါ။ ဟိမဝန္တာတောသို့သာ နှင်ထုတ်လိုက်ပါလော့ "

အော်ဟစ်ကြွေးကြော်တောင်းဆိုကြသည်။

ထိုအခါ သိဂ္ဂည်းမင်းကြီးသည် သားတော်အားတို့အကြောင်းကို သိစေသည်။ ဝေဿန္တရာက တစ်နေ့နှင့်တစ်ညဉ့်မျှ စောင့်ပါဟုဆိုသည်။ အလှူကြီးပေးသည်။ ထို့နောက် ဟိမဝန္တာသသို့ ထွက်ရန်ပြင်ဆင်သည်။

ဝေဿန္တရာက မဒ္ဒီဒေဝီအား နှုတ်ဆက်စကားဆိုသည်။

မဒ္ဒီဒေဝီက ဖဝါးခြေထပ်လိုက်ပါခွင့်ပြုရန် လျှောက်ထားသည်။ ဝေဿန္တရာကကြမ်းတမ်းသော ခရီးအခက်အခဲအကြောင်းကိုပြ၍ မလိုက်ရန် တားမြစ်သည်။ မဒ္ဒီဒေဝီကငှင်းမရောက်ဖူးပါဘဲလျက် ရောက်ဖူးမြင်ဖူးဘိ သကဲ့သို့ ဟိမဝန္တာ၏ တင့်တယ်ခြင်းကို ချီးမွမ်း၍ ဝေဿန္တရာမင်းကြီးအားလျှောက်ထား၏။

မယ်တော်ဖုဿတီဒေဝီ မိဖုရားကြီးလည်း ပူပန်ငိုကြွေးသည်။

မဒ္ဒီဒေဝီ သားတော် ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့လည်း ဝေဿန္တရာနှင့် အတူ လိုက်ပါရန် စီစဉ်သည်။

ဝင်္ကပါတောင်သို့ ထွက်တော်မူခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဿန္တရာမင်းကြီးနှင့် မိဖုရား၊ သားတော်၊ သမီးတော်တို့သည် အခြွေအရံများကို စွန့်၍သွားကြလေသော် - သုဝဏ္ဏဂိရိတာလတောင်၊ ကောန္တိမာရမြစ်၊ အဥ္စရဂိရိတောင်၊ ကုဏ္ဍာဝိနာလိဒဏ္ဍပုဏ္ဏား၊ မဒ္ဒရာဇ်ပြည်သို့ အဆင့်ဆင့်ရောက်သည်။

ထိုပြည်တွင် တစ်ညဉ့်နားသည်။ နောက်တစ်နေ့နံနက်တွင် ထွက်ကြပြန်သည်။ ဂန္ဓမာဒနတောင်၊ ဝေပုလ္လတောင်၊ ကေတုမတီမြစ်၊ နာလိကကျောက်တောင်၊ မုစလိန္ဒာအိုင် စသည်တို့ကိုဖြတ်၍ ဝင်္ကပါတောင် သို့ရောက်သည်။

ဝေဿန္တရာမင်းကြီးသည် သိကြားမင်း ဖန်ဆင်းအပ်သော ကျောင်းသင်္ခမ်း၌ အသင့်တွေ့ရှိရသော ပရိက္ခရာတို့ကို ယူလျက် ရဟန်းအသွင်ကိုယူသည်။ မဒ္ဒီဒေဝီလည်း ရသေ့မအသွင်ကိုယူသည်။ သားငယ် သမီးငယ်တို့ကိုလည်း ရသေ့ငယ်တို့ကဲ့သို့ ဝတ်စေသည်။ ထိုသို့အားဖြင့် တရားဆောက်တည်၍နေကြလေသည်။

**မှတ်ချက်** ။ ။

၁။ ဂန္ဓမာဒန = ပန်းတို့ဖြင့် မူးယစ်စေတတ်သောတောင်။

၂။ ဝေပုလ္လ = အထူးထူးသော ရတနာတို့ဖြင့် ပြန့်ပြောသောတောင်။

၃။ ကေတုမတီ = ရေစုံခွန်ကဲ့သို့ နှစ်သက်ဖွယ်ရှိသောမြစ်။

၄။ မုစလိန္ဒာ = ကျည်းပင်ရောက်သောအိုင်။

၅။ ဝင်္ကပါတောင် = ကောက်ကွေ့သောတောင်။

www.burmeseclassic.com

www.burmeseclassic.com



" အဟယ်မဒ္ဒီ ငါတို့သည် ဤနေ့မှစ၍ ရဟန်းဖြစ်ကြကုန်ပြီ။ မိန်းမတို့မည်သည် ဗြဟ္မစရိယသိက္ခာပုဒ်၏ အညစ်အကြေးဖြစ်ချေသည်။ အခါမဟုတ်သည်၌ ငါ့ထံသို့ သင်မလာနှင့် "

ဝေဿန္တရာမင်းကြီးက မိန့်သည်။

" ကောင်းပါပြီ "

မဒ္ဒီဒေဝီကဝန်ခံသည်။

ထိုအခါ ဘုရားလောင်း၏ ပါရမီတော် အာနုဘော်ကြောင့် သုံးယူဇနာဝန်းကျင်ရှိ တိရစ္ဆာန်အပေါင်းတို့သည် အချင်းချင်း နှိပ်စက်ခြင်းမရှိ။ ချစ်ခင်မြတ်နိုး မေတ္တာစစ်ကို ရရှိကြလေသည်။

နံနက်စောစော -

မဒ္ဒီဒေဝီ အိပ်ရာမှထသည်။ သောက်ရေသုံးရေ ခပ်သည်။ ဘုရားလောင်းအား ဒန်ပူမျက်နှာသစ် ရေကပ်သည်။ ကျောင်းကို တံမြက်စည်းလှည်းသည်။ ပြီးမှသားငယ် သမီးငယ်တို့ကို ခမည်းတော်ထံ၌ ထားသည်။ တံချူ ခြင်းတောင်း၊ တူရွင်း ယူလျက် တောသို့ဝင်သည်။

သစ်မြစ်၊ သစ်ဥ၊ သစ်ဖု၊ သစ်သီးကြီးငယ်တို့ ဖြင့် ခြင်းတောင်းကို ပြည့်စေသည်။ ညနေချိန်တွင် ကျောင်း[illegible]သို့ပြန်သည်။ ခြင်းတောင်းကို ချထားပြီး သားငယ် သမီး[illegible]တို့ကို ရေချိုးပေးစေသည်။

— —

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဝေဿန္တရာ၊ မဒ္ဒီ၊ ဇာလီနှင့် ကဏှာဇိန် တို့သည် ကျောင်းတံခါးဝတွင် သစ်သီးသစ်ဖုတို့ကို သုံးဆောင်ကြသည်။ ပြီးလျှင် မဒ္ဒီဒေဝီသည် ဇာလီနှင့် ကဏှာဇိန်ကို ခေါ်ကာ မိမိအိပ်ရာ သင်္ခန်းသို့သွားသည်။

မှတ်ချက် ။ ။

သင်္ခမ်း = ကိုယ်စိတ်ကိုဆုံးမရာ သူမြတ်တို့နေရာ ကျောင်း။

ဗြဟ္မစရိယသိက္ခာပုဒ် - မြတ်သောအကျင့်ကို ကျင့်သုံးကြောင်း သိက္ခာပုဒ်။

ဤသို့လျှင် ချမ်းမြေ့စွာဖြင့် ခုနစ်လပတ်လုံး နေကြလေသည်။

ထိုအချိန်တွင် ကလိင်္ဂရာဇ်တိုင်း ဒုန္နိဝိဋ္ဌမည်သော ပုဏ္ဏားရွာ၌ ဇူဇကာအမည်ရှိသော ပုဏ္ဏား၏မယား အမိတ္တာပုံ သည် မိမိအတွက်အစေခံ ကျွန်ယောကျ်ားကျွန် မိန်းမရှာဖွေစေ ရန် စေလွှတ်သည်။

အရွယ်လွန်မြောက်၊ ကျောက်ကုန်းညွတ်ခွေ၊ အရေတွန့်လိပ်၊ မုတ်ဆိတ်ဆံကြောင်းကြား၊ သွားပုံပါးဝိန်၊ သေချိန်ရောက်လုနီး သက်ကြီးဇူဇကာပုဏ္ဏားတို့လည်း မိန်းမပျို အလိုလိုက်၍ ဝေဿန္တရာမင်းကြီး၏ သားတော် သမီးတော်တို့ အား[illegible]ခံရန် အဆင့်ဆင့်မေးမြန်း စုံစမ်း၍ ဝင်္ကပါတောင်သို့ လိုက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းခရီးတွင် စေဘမှဆိုးနှင့်လည်းကောင်း၊ အဋ္ဌတရှင်ရသေ့နှင့်လည်းကောင်း ဆုံးသည်။ တစ်ယောက်တစ်မျိုးစီ လှည့်ပတ်ပြောဆိုကာ ဝေဿန္တရာမင်းကြီး သီတင်းသုံးရာ ဝင်္ကဘာတောင်ခြေကို လမ်းပြစေသည်။

ဇူဇကာပုဏ္ဏားသည် အဋ္ဌတရှင်ရသေ့ ညွှန်ကြားသည့်အတိုင်းလာရာ ဝင်္ကပါတောင်အနီး လေးထောင့်ကန် သို့ရောက်လေသည်။

မိုးလည်းချုပ်လေပြီ။

ထို့ကြောင့် မဒ္ဒီဒေဝီတောမှပြန်ချိန် တန်ပေပြီ။

မိန်းမတို့မည်သည် ဝန်တိုစိတ်ပင်စဉ်းလဲ တတ်သည်။ ဝေဿန္တရာမင်းကြီး သားနှင့်သမီးကို ပေးလှူလိုသည့်တိုင် မဒ္ဒီဒေဝီက နှောက်ယှက်ဖျက်ဆီးနိုင်သည်။

ထို့ကြောင့် မင်းကြီးတစ်ပါးတည်း ရှိသည့်အချိန်တွင် သွားတောင်းမည်။ ထို့နောက် မဒ္ဒီဒေဝီပြန်မလာမီ သွားအံ့ဟု ကြံသည်။ ထို့နောက် ထိုလေးထောင့်ကန်အနီး အနုအမည် ရှိသော တောင်ပုလုထက်သို့ တက်သည်။ သစ်ပင်ရင်း မြေတလင်းတော် သင့်ရာ၌ ထိုညအိပ်လေသည်။

နောက်တစ်နေ့ နံနက် မဒ္ဒီဒေဝီသည် သစ်သီးရှာ ထွက်ချိန်တွင် ပုဏ္ဏားသည် ဝေဿန္တရာမင်းကြီးထံသို့ ရောက်လာသည်။ မဒ္ဒီဒေဝီ မရှိခိုက်လည်း ဖြစ်သည်။ ဇူဇကာ ပုဏ္ဏား၏ လှည့်ပတ်ပြောဆိုမှုကြောင့် သားတော် ဇာလိနှင့်

www.burmeseclassic.com

www.burmeseclassic.com



သမီးတော် တကျာ့စိန်တို့ကို မေတ္တာရပ်ကာ ချက်ချင်းပင် လှူလိုက်လေသည်။

"ကွာဒ်မေပုညံ သဗ္ဗညုတညာဏဿပစ္စယော ဟောတု" သားနှင့် သမီးကို တန်ဖိုးဖြတ်သည်။

ရေပြည့်သော ရွှေကရားကိုကိုင်လျက် ဘုရားဆုပန်ကာ ရေစက်သွန်းချ၍ သားတော် သမီးတော်တို့ကို လှူတော်မူလိုက်လေသည်။

မဒ္ဒီဒေဝီလည်း လထွက်ချိန်ရောက်မှ ကျောင်းသင်္ခမ်းသို့ ပြန်လည်ရောက်ရှိ၏။ ကျောင်းသို့ရောက်လျှင် ထိုထိုသော အရပ်တို့၌ သားသမီးတို့ကိုကြည့်၏။ မမြင်ရလျှင်များစွာ ပူပန်သောကဖြစ်၏။ ဆောက်တည်ရာ မရဖြစ်၏။

ထို့နောက် ဘုရားလောင်းအား မေးလျှောက်၏။

မဒ္ဒီဒေဝီလည်း အမျိုးမျိုးအဖုံဖုံ လျှောက်ထား၏။ ဝေဿန္တရာမင်းကြီးလည်း မဒ္ဒီဒေဝီအားကို သားသမီး၌ ကြောင့်ကြပူဆွေးခြင်းမှ သက်သာစိမ့်သောငှာ မခံသာအောင် နည်းပရိယာယ်အားဖြင့် ဖြားယောင်းကာ ဖောက်ပြန်သယောင် ခြိမ်းခြောက်မောင်းမဲသော စကားကိုဆို၏။

မဒ္ဒီဒေဝီလည်း ထိုညနေပိုင်း ကြုံတွေ့ရသော အခက်အခဲ အကျပ်အတည်း အမျိုးမျိုးကို ပြောပြ လျှောက်ထားသည်။ မင်းကြီးကား နေအာရုဏ်တတ်သည့် အထိ စကားမပြောတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



မဒ္ဒီဒေဝီသည် စိတ်ဆင်းရဲစွာ အထူးထူးအပြားပြား စကားဖြင့် ငိုကြွေး၏။

နံနက်မိုးသောက်ချိန်တွင် မဒ္ဒီဒေဝီသည်မိန်းမောမူးဝေ၍ သတိလစ်သွားသည်။ ထိုအခါမှလျှင် မဒ္ဒီဒေဝီအား သတိရအောင် ပြုစုသည်။

" အရှင်သား ကျွန်ုပ်၏သားသမီးတို့သည် အဘယ်သို့ သွားလေကုန်သနည်း "

သတိရသည် မဒ္ဒီဒေဝီက မေးလျှောက်၏။

" ပုဏ္ဏားအိုတစ်ဦးအား ကျွန်ုပ်အလို့ငှာလှူလိုက်၏။

" အကျွန်ုပ်တစ်ညလုံး ပူဆွေးသောကရောက်စွာ မေးသည်ကို အဘယ်ကြောင့် မဖြေပါသနည်း "

" ငါသို့သော ယောကျ်ားပင်လျှင် သားသမီးနှင့် ကွေကွင်းရသဖြင့် စိုးရိမ်သောကဖြစ်ရ၏။ ပိခင်ဖြစ်သောသင်ကား နှလုံးကွဲနိုင်ရာ၏။ ထို့ကြောင့် မဖြေကြားခြင်းဖြစ်ပေသည်။

မှတ်ချက် ။ ။

ဒုန္နိဝိဋ္ဌ ။ ဒုန္နိဝိဋ္ဌ ။ မကောင်းသောနေရာ။

ဇူဇကာ ။ ကစားမြူးထူးတတ်သော ပုဏ္ဏား။

အပိတ္တာမုံ ။ ရန်သူကဲ့သို့ ပူပန်စေတတ်သော မိန်းမ။

ဝေဿန္တရာမင်းကြီးသည် မဒ္ဒီဒေဝီအား ဖြေကြားရင်း အလှူ၌ ဝမ်းမြောက်ရန် တရားဟော၏။

မဒ္ဒီဒေဝီလည်း အနုမောဒနာပြု၏။

www.burmeseclassic.com

www.burmeseclassic.com



ဇူဇကာပုဏ္ဏားလည်း ကလေးများနှင့်အတူ သွားလေသော် စေတုတ္တရာပြည်သို့ ရောက်လေသည်။ သိဗ္ဗည်းမင်းကြီးသည် ပုဏ္ဏားအိုနှင့် မိမိမြေးများကို တွေ့ရပြီးနောက် ပုဏ္ဏားအိုအား ပစ္စည်းဥစ္စာများစွာပေး၍ ရွေးယူထားလိုက်လေသည်။

ထိုအချိန်တွင် -

သိကြားမင်းသည် ဝေဿန္တရာမင်းကြီး၏ တွန့်ဆုတ်ခြင်းမရှိ ရက်ရောစွာလှူတတ်သော သဘောကိုကောင်းစွာသိသည်။ မဒ္ဒီဒေဝီအား အခြားသူများကို လှူခဲ့သော် စိတ်ကြီးဝတ်ငယ်ပြုစုကာင်းမဲ့တော့ မည်ကိုသိသည်။ တို့ကြောင့် ပုဏ္ဏားယောင်ဆောင်၍ မဒ္ဒီဒေဝီကို အလှူခံသည်။ ဝေဿန္တရာမင်းကြီးကလည်း လှူသည်။ အလှူခံပြီးလျှင် သိကြားမင်းဖြစ်ကြောင်းကို ပြလျက်ဆုရှစ်ပါးကိုပေးသည်။

ထိုအခါ ဘုရားလောင်းလည်း ဆုရှစ်ပါးကိုတောင်း၏။

* ငါ၏ခမည်းတော်သည် ငါ့အားအမျက်ပြေသဖြင့် ပြည်သို့ခေါ်တော်မူ၍ ရှေးကကဲ့သို့လျှင် မင်းအဖြစ်ကို ဆောင်နှင်းပေးအပ်တော်မူစေသတည်း

* မင်းအဖြစ်သို့ရောက်ပြီးသော ငါသည်မကောင်းသောအမူအကျင့်ရှိ၍ မင်းဒဏ်သင့်လျက် အခွင့်နှင့်လျော်စွာ တတ်အပ်သော သူကိုပင်သော်လည်း သတ်ဖြတ်ချင်သော စိတ်မရှိသည်ဖြစ်စေသတည်း။

* ကြီးကြီးငယ်ငယ် ခပ်သိမ်းကုန်သော သူတို့သည် ငါ့ကိုသာလျှင်

www.burmeseclassic.com

www.burmeseclassic.com



မှီ၍ အသက်မွေးကြသည် ဖြစ်စေသတည်း။

* သူတစ်ပါး၏ မယားကိုတပ်မက်သောစိတ်ဖြင့်မျှ မကြည့်လို၊ ကိုယ်ပိုင်သော မယားနှင့်သာလျှင် ရောင့်ရဲခြင်း၊ မိန်းမတို့၏ အလိုသို့ မလိုက်ခြင်းသည် ဖြစ်စေသတည်း။

* ငါနှင့်စပ်၍ ဖြစ်ကုန်သော သားသမီးမယားဆွေမျိုးတို့သည် အနာမရှိ အသက်ရှည်ကြကုန်လျက်တရားသဖြင့် ရန်သူတို့ကို အောင်၍ မင်းစည်းစိမ်ဖြင့် စံပျော်ရစေသတည်း။

* နေ့တိုင်း နေ့တိုင်းညဉ့်မိုးသောက်၍ နေအရုဏ်တက်လတ်သော် ထမင်း၊ အဖျော်အစရှိကုန်သော ခပ်သိမ်းသော အသုံးအဆောင်တို့သည် ရှေ့သို့ရောက်လာသတည်း။

* ဥစ္စာစည်းစိမ်တို့သည် အလှူပေးကုန်သော်လည်း မကုန်နိုင်ဘဲတလဲလဲဖြစ်လာ၍ သဒ္ဓါကြည်ညိုစေတနာ သုံးတန်ပြတ်လျက် လွတ်လွတ်ပေးကမ်း စွန့်ကြလှူဒါန်းပြီး၍ ထိုအလှူကိုသာလျှင် ဝမ်းမြောက်ဝမ်းသာ အောက်မေ့စေသတည်း။

* ဤကိုယ်အဖြစ်မှ စုတေခဲ့သည်ရှိသော် တုသိတာနတ်ပြည်၌ ဖြစ်၍ ထိုနတ်ပြည်၌ တစ်ကြိမ်သာလျှင် ပဋိသန္ဓေနေရပြီးသော် သဗ္ဗညုတဉာဏ်ကို ရပါစေသတည်း။

* ဝေဿန္တရာမင်းကြီး ခပ်သိမ်းသောသင်၏ နှလုံးသားအလိုသည် အပြီးသို့ရောက်လတံ့။ မစိုးရိမ်လင့်၊ မမေ့လျော့ လုံ့လပြုလော့။

သိကြားမင်းလည်း ဆုရှစ်ပါးကိုပေးပြီး မဒ္ဒီဒေဝီကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်၍ အပ်ခဲ့သည်။ ထို့နောက် တာဝတိံသာသို့ ပြန်သွားလေသည်။

ထိုအချိန်တွင် သိဝိဥည်းမင်းကြီးသည် မြေးတော်ဇာလီနှင့် ကဏှာဇိန်တို့ပြောပြချက်အရ သားတော်၏ ဆင်းရဲဒုက္ခကိုသိသဖြင့်တစ်ကြောင်း၊ ကာလိင်္ဂရာဇ်တိုင်းကလည်း ဆင်ဖြူတော်ရောက် သည်မှစ၍ မိုးကောင်းသည်ဖြစ်သောကြောင့် ဝေဿန္တရာမင်းကြီး၏ ဆင်ဖြူတော်ပစ္စယပြန်ပို့ဆက်ပြီးဖြစ်၍တစ်ကြောင်း၊ ပြည်သူပြည်သားများကလည်း စိတ်ပြေကြပြီဖြစ်၍တစ်ကြောင်း တို့ကြောင့် နှင်ထုတ်မိခြင်းကို နောင်တတရားရ၍ သားတော် ချွေးမတော်တို့ကို ခေါ်ရန်ခမ်းနားစွာပြင်ဆင်စေသည်။

BURMESE CLASSIC

ဇူဇကာပုဏ္ဏားသည် အိပ်မက်မှုပင် မမြင်မက်ဖူးသောစည်းစိမ်ဥစ္စာကို ခံစားရသည်။ အာဟာရအတိုင်း အစာကိုလည်းမသိ။ အစားကြူးခြင်းကြောင့် စားမို့နင့်၍ သေလေသည်။

သိဝိဥည်းမင်းကြီးနှင့်တကွ များစွာသော စစ်သည်ဗိုလ်ပါတို့လည်း စေတုတ္တရာပြည်မှ ယူဇနာခြောက်ဆယ်ကွာသောဝင်္ကပါတောင် ကျောင်းသင်္ခမ်းအနီးသို့ ရောက်လာကြ၏။

ဝင်္ကပါတောင်ထိပ် သိဝိဥည်းမင်းကြီး၊ ဖုဿတီမိဖုရား၊ သားတော် ဝေဿန္တရာမင်းကြီး၊ မဒ္ဒီဒေဝီ၊ ဇာလီ၊ ကဏှာဇိန်တို့ပေါင်းဆုမိကြသည်။ ဝမ်းသာဝမ်းနည်း သည်းစွာငိုကြွေးရှိုက်ငင်လျက် မိန်းမောမေ့မြော ဖြေ၍လဲကျကုန်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဟစ်ယောက်မျှထ၍ ရေစင်သွန်းဖျန်းသတ်ရစေနိုင်သူမရှိ။ သို့နှင့် ဆွေမျိုးတော်မင်းခြောက်ပါးတို့အစည်းအဝေးတွင် ကြာတောနှင့် ရွာသောမိုးနှင့်တူသောကြောင့် ပေါက္ခရဝဿအမည်ရှိသော မိုးကို သိကြားမင်းရွာစေသည်။

ထိုအခါကျမှ မင်းခြောက်ပါးတို့လည်း သက်သာရာရတော့သည်။ လူအပေါင်းတို့သည်လည်း အချိုကစွတ်၊ အချိုကားလွတ်သော မိုးကိုတအံ့တဩဖြစ်ကြသည်။ မဟာပထဝီမြေကြီးသည်လည်း ပြင်းစွာလှုပ်လေသည်။

" အရှင်မင်းကြီး သားတော်ဝေဿန္တရာမင်းကိုလည်းကောင်း၊ ချွေးမတော် မဒ္ဒီဒေဝီကိုလည်းကောင်း၊ စေတုတ္တရာပြည်သို့ဆောင်၍ ပြည်စည်းစိမ်နှင့်တကွ ထီးဖြူနှင်းလျက် မင်းမြှောက်ပြုတော်မူပါလော့ "


ပြည်သူအပေါင်းလည်း ရိုသေစွာ လျှောက်ထားကြလေသည်။

ဝေဿန္တရာမင်းကြီးသည်လည်း စေတုတ္တရာပြည်သို့ရောက်သည်။ ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူသည်။

ထိုညဉ့်၌ပင်လျှင် မည်သည့်ပစ္စည်းဥစ္စာတို့ကို လှူရအံ့နည်းဟုကြံသည်။ ထို့ကြောင့် သိကြားမင်းက နန်းတော်မြို့တံခါးအတွင်း၌ ခါးနစ်အောင်၊ နန်းတော်မြို့ပြင်တစ်ခုလုံး၌လည်း ပုဆစ်ဒူးနစ်အောင် ရတနာ၇ခုနှစ်ပါး မိုးကို မိုးသောက်ထ၍ ရွာစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဿန္တရာဇာတ်တော်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခြံတွင်းရှိရာ ကိုယ်ယူစေသည်။

ဝေသန္တရာမင်းကြီးလည်း အသက်ထက်ဆုံး ခြောက်ဆောင်သော အလှူဇရပ်တို့၌ နေ့စဉ်အလှူကြီးပေးလေသတည်း။

**မှတ်ချက်** ။ ။ ခုနစ်ကြိမ်တိုင် မြေငလျင်လှုပ်ခြင်း

၁။ ရှစ်နှစ်မြောက်အရွယ်၌ ခြေ လက်ကတ် ချက်စိစသော အတွင်းအလှူကို လှူမည်ကြံသည့်အခါ၊

၂။ ဆင်ဖြူတော်ကိုလှူသည့်အခါ၊

၃။ ပြည်တော်မှအထွက် ခုနစ်ရာခုနစ်လီသော အလှူကြီးပေးသောအခါ၊

၄။ ဝင်္ကပါတောင်သို့အထွက် ပြည်တော်သို့ပြန်၍ကြည့်သောအခါ၊

၅။ သားတော်သမီးတော်တို့ကို လှူသောအခါ၊

၆။ မဒ္ဒီဒေဝီကိုလှူသောအခါ၊

၇။ ဝင်္ကပါတောင်၌ ခမည်းတော်မယ်တော် စသောဆွေမျိုးများစည်းဝေးမိကြသောအခါတို့တွင် ခုနစ်ကြိမ်တိုင်တိုင် မြေငလျင်လှုပ်သည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## မြတ်စွာဘုရားအား ကန်တော့ကြခြင်းနှင့် ပေါက္ခရဝဿမိုးရွာခြင်း

ဘုရားဖြစ်ပြီးသည့်နောက် မြတ်စွာဘုရားသည် အနယ်နယ်အရပ်ရပ်သို့ ဒေသစာရီလှည့်လည် ကြွချီနေသည်။

ရာဇဂြိုလ်ပြည်၌ ဘုရားရှိကြောင်း သုဒ္ဓေါဒန (သံန့်ရှင်းစင်ကြယ်သောထမင်းရှိသောမင်း) ကြားသည်။

အမတ်ကိုးယောက်တို့ကို အကြံအရံတစ်ထောင်စီနှင့် မြတ်စွာဘုရားအား အပင့်အလျှောက် ကိုးကြိမ်လွှတ်သည်။ အားလုံး ရဟန္တာ (ကိလေသာရန်ကို ပယ်တတ်သောပုဂ္ဂိုလ်) ချည်းဖြစ်ကုန်သည်။

တပေါင်းလပြည့်နေ့တွင် ကာဠုဒါယီထေရ်က ဂါထာ ခြောက်ဆယ်ဖြင့် မြည်တော်သို့ကြွရန် လျှောက်ထားသည်။

ရဟန္တာပေါင်းနှစ်သောင်းခြံရံလျက် ယူဇနာခြောက်ဆယ်ကွာသော ကပိလဝတ်နေပြည်တော်သို့ ပကတိ ခြေ၏ သွားခြင်းဖြစ်သွားသည်။ တစ်ရက် တယူဇနာကျ နှစ်လကြာသည်။ ကဆုန်လပြည့်နေ့မှ ရောက်သည်။

သာကီဝင် (အမျိုးကိုစောင့်ရှောက်ခြင်း၌ စွမ်းနိုင်သောသူတို့၏အဆက်အနွယ်) တို့လည်း နိဂြောဓဥယျာဉ်၌ ကျောင်းနေရာ အလုံးစုံ သုတ်သင်ပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရောက်လျှင် နိဂြောဓာရုံကျောင်း မြတ်သော ဘုရားနေရာ၌ နေတော်မူသည်။

သာကီဝင်မင်းသား မင်းသမီးတို့သည် မင်းသားငယ်၊ မင်းသမီးငယ်တို့ကို ရှေ့နေစေ ကန်တော့စေကာ ၎င်းတို့ကမူ ဝယဝုဒ္ဓိ (အရွယ်အားဖြင့် ကြီးသောသူ) ဂုဏ်ကိုကိုး၍ ခညွတ်ခြင်းမရှိ။

မြတ်စွာဘုရားလည်း စတုတ္ထဈာန်ကိုဝင်စား ကောင်းကင်သို့ ကြွတော်မူသည်။ ... ကီဝင်မင်းတို့၏ ဦးခေါင်း ပေါ်သို့ ခြေစက်တော် ဖဝါးစုံမှမြူမှုန် မြေမှုန်တို့ကိုကျစေသည်။ သမိုက်ပြာဋိဟာ (ရေ၊ မီး အစုံထွက်သော တန်သောတန်ခိုး) ကိုပြတော်မူသည်။

ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးမှစ၍ အားလုံး ရှိခိုးကန်တော့ကြသည်။

သားတော်ဖွားမြင်စက ကာဠဒေဝိရသေ့ နန်းတော်သို့ ကြွလာသည်။ ရသေ့အား ကန်တော့စေသည်။ သားတော်က ခကန်တော့ဘဲစျာန်ရသော ရှင်ရသေ့၏ထိပ်ပေါ်၌ ခြေတော် တင်သည်။ ထိုစဉ်က တစ်ကြိမ် သုဒ္ဓေါဒနမင်းကြီး ကန်တော့ ခဲ့သည်။

ဒုတိယအကြိမ်ကား ... လယ်ထွန်မင်္ဂလာပြုသည်။ မင်းသားကို သပြေပင်ရိပ်တွင် သိပ်ထားသည်။ နေဝန်းသည် လှည့်လည်သွား သည်၊ သပြေရိပ်သည် မလည်ဘဲနေခြည်မထိုးရအောင်

www.burmeseclassic.com

www.burmeseclassic.com



မိုးမြဲတိုင်း မိုးကာနေသည်။ ထိုစဉ်က တစ်ကြိမ် သုဒ္ဓေါဒန မင်းကြီး ကန်တော့ခဲ့သည်။

သာကီဝင်အားလုံးတို့၏ ထောင်လွှားတက်ကြွသော မာန်စွယ်ကို ချိုးနှိမ်ပြီးနောက် ကောင်းကင်မှ သက်တော်မူ၍ မြတ်သော ဘုရားနေရာတော်၌ ထိုင်တော်မူသည်။

ထိုအခါ ပေါက္ခရဝဿမိုးကြီး ရွာသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံးစကား

ဗုဒ္ဓ၏ ဂုဏ်တော်ကိုပူဇော်ရင်း ဗုဒ္ဓ၏ဘဝဖြစ်စဉ်ကို အများစာကာတို့ လွယ်လင့်တကူ ဖတ်ရှုခွင့်ရအောင် ရေးသားခွင့်ရသဖြင့် များစွာပင် နှစ်သောင်းအားရ ရှိလှပါသည်။

သူတော်ကောင်း တရားပွားများနိုင်ရန်လည်း ရည်ရွယ်ပါသည်။ စာရေးသူ၏ ရေးသားမှုများနှင့် စပ်လျဉ်း၍ အကြံပေး၊ ဝေဖန်၊ ဆွေးနွေးလိုချက်များ ရှိပါလျှင်လည်း ဤစံလှစာပေတိုက်မှ တစ်ဆင့်ရေးသားနိုင်ပါသည်။

အမြဲ ဘာဝနာဝဖန်မှု မှန်သမျှကို လှိုက်လှဲစွာ ရင်ဖွင့်ကြိုဆိုပါသည်။

BURMESE CLASSIC

သုတဝေဆာ
မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေ။

**နေဘုန်းဝေ**

www.burmeseclassic.com